

မိုးကျော်သူ
ခရီးကြမ်းနှင့်မေတ္တာလမ်း
ပထမ

စာမူ ခွင့်ပြု အမှတ် ၉၆၂/၉၄(၁၂)
မျက်နှာဖုံး ခွင့်ပြု အမှတ် ၂၀၀/၉၅(၅)

ပထမအကြိမ်
၁၉၉၅ ခုနှစ် ဇွန်လ
တန်ဖိုး ၅၅/- အုပ်ရေ [၄၀၀]

ထုတ်ဝေသူ ဦးတင်အုန်း (မြ၀၉၄၃)
မိုးမင်းစာပေ
အမှတ် ၉၃၊ ရိပ်သာလမ်း၊ သေးဒေါင့်ကန်
သင်္ကန်းကျွန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ကျင်ငွေ (မြ ၀၃၁၄၆)
ဇမ္ဗူအောင် ပုံနှိပ်တိုက်
အမှတ်(၁၁)၊ စပယ်ခြံ(၃)လမ်း၊
ကမာရွတ်၊ ရန်ကုန်။

မျက်နှာဖုံးရိုက် ဦးကျော်မိုးစိန်(မြ၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
၁၇၂၊ ၃၁ လမ်း၊
ရန်ကုန်မြို့။

၁၅၂/က၊ သိန္ဓုလမ်း၊ (က)ရပ်ကွက်
(အရှေ့ပိုင်း)။

## မိုးကျော်သူ

# ခရီးကြမ်း နှင့် မေတ္တာလမ်း

(ပထမပိုင်း)

၁၁၂/၈၁ သစ္စာလမ်း၊ (၁)ရပ်ကွက်
ဒဂုံမြို့သစ် (အရှေ့ပိုင်း)

# မိုးကျော်သူ

---

## ခရီးကြမ်းနှင့် ဧဗ္ဗော်လင်း

(ပထမပိုင်း)

## ဒို့တာဝန် အရေးသုံးပါး


ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး


နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

လွှင်

### အခန်း (၁)

### ဒူးပင်း စားသောက်ဆိုင်

မိုးရာသီ....

မိုးသည်းထန်စွာ ရွာနေ၏။

လမ်းပေါ်တွင် ခရီးသွား တင်ယောက်တလေမျှ မတွေ့ရပါချေ။

ကောင်းကင်ပြင်တွင် တိမ်ညိုတိမ်မည်းများ ဖုံးလွှမ်းထား၍ မီးခိုးရောင်အသွင် တွေ့မြင်နေရလေသည်။

ညနေစောင်းအချိန်သို့ ရောက်ရှိလာပြီ ဖြစ်၏။

မကြာမီ မိုးချုပ်တော့မည်ဖြစ်ပြီး၊ မိုးသည်းထန်စွာ ရွာသွန်းနေလေရာ ယနေ့ မိုးစောလျင်စွာ ချုပ်သွားသည်ဟု ထင်ရ၏။

မိုးသည်းထန်စွာ ရွာသွန်းနေသည့်အပြင် လေပြင်းများလည်း တိုက်ခတ်နေလေသည်။

မိုးသံလေသံမှာ တဝုန်းဝုန်း တဒိုင်းဒိုင်း မြည်ဟည်းလျက်....

တစ်ချက်တစ်ချက် ဝင်းလက်သွားသော လျှပ်စီးများကလည်း ပြိုးခနဲပျက်ခနဲ ဖြစ်နေ၏။

ယနေ့ကဲ့သို့ ညနေမျိုး၌ ခရီးသွားရှိမည် မဟုတ်ပါချေ။

ခရီးသွားများကို အားကိုးရောင်းရသည့် စားသောက်ဆိုင်များလည်း ရောင်းကောင်းမည် မဟုတ်ပါချေ။

ဈေးရောင်းမကောင်းမည့်အတူတူ စောစီးစွာ ဆိုင်ပိတ်ပြီး အေးအေးဆေးဆေး အနားယူပါက ပို၍ကောင်းမည် မဟုတ်ပါလော။

ထို့ကြောင့် ခူးမင်း စားသောက်ဆိုင်ပိုင်ရှင်က ဆိုင်ပိတ်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

* * *



"ဝေါ...'

လေပြင်းက အဆက်မပြတ် ဝေ့ဟပ်း တိုက်ခတ်နေ၏။

လူတစ်ရပ်နီးပါး ရှည်သော မြက်ပင်များက လေနှင့်အတူ ယိမ်းနွဲ့နေကြ၏။

မြက်ပင်များအကြားတွင် မြေနီလမ်းကလေးတစ်ခု ရှိနေ၏။

မိုးသည်းထန်စွာ ရွာသွန်းသွားသောကြောင့် လမ်းကလေး၌ ရွှံ့ဗွက်များ ထူပြောနေချေပြီ။

လမ်းကလေးအဆုံး၌ အိုမင်းရင့်ရော်နေပြီဖြစ်သော အိမ်အိုဟောင်းတစ်လုံး ရှိသည်။

ပတ်ဝန်းကျင် တစ်ခုလုံးတွင် ယင်းအိမ်အိုဟောင်းမှအပ တခြား အဆောက်အအုံဟူ၍ မတွေ့ရပါချေ။

နှစ်မိုင်ပတ်လည်၌ အိမ်အိုကြီးတစ်လုံးတည်းသာ ရှိနေ၏။

မှောင်ရီသမ်းနေ၍ အဝေးမှ ကြည့်လိုက်မည်ဆိုပါက ယင်းအိမ်အိုကြီးမှာ မကောင်းဆိုးဝါးတစ်ကောင် ငုတ်တုတ်ထိုင်နေသည့် အလား ထင်မှတ်မှားရပေလိမ့်မည်။

ထို့ကြောင့် ဤအနားပတ်ဝန်းကျင်သို့ ရောက်ရှိလာသူများမှာ ထိတ်လန့် ကျောချမ်းသွားမည်သာဖြစ်၏။

ဤကဲ့သို့ လူသူအရောက်အပေါက် နည်းလှသော နေရာတွင် အိမ်အိုဟောင်းတစ်လုံး ရှိနေခြင်းမှာ ထူးခြားသည့် ဖြစ်ရပ်တစ်ခုပင်။

ထို့အပြင် ယင်းအိမ်အိုဟောင်းတစ်ခု ဖြစ်မည်ဆိုပါက ပို၍ ထူးခြားနေမည် မဟုတ်ပါလား။

မှန်ပါသည်။

ယင်းအိမ်အိုဟောင်းမှာ ထမင်းဆိုင် သို့မဟုတ် တည်းခိုခန်း တစ်ခုဖြစ်သည်။

အိမ်အိုဟောင်း၏ တံခါးဝရှေ့တွင် ခူးမင်းစားသောက်ဆိုင် ဟူသော ဆိုင်းဘုတ် ချိတ်ဆွဲထားသည် မဟုတ်ပါလော။

ရာသီဥတုမှာ ဆိုးဝါးလှသည်။

နံနက်ပိုင်းအချိန်မှစ၍ ရွာသွန်းခဲ့သောမိုးမှာ ယခုတိုင် မစဲနိုင်သေးပါချေ။

လေပြင်းများကလည်း ဝေ့ယမ်းတိုက်ခတ်နေဆဲပင်....

ခူးမင်း စားသောက်ဆိုင်ပေါ်သို့ ကျရောက်လာသော မိုးစက် မိုးပေါက်များက တဖြောင်းဖြောင်း မြည်သံပေးလျက်....

လှိုင



ဆိုင်ထဲ၌ ချိတ်ဆွဲထားသော မီးအိမ်ကလေးမှာလည်း လေထဲ၌ ယမ်းယိုင်နေလေသည်။

အိမ်အိုဟောင်းအတွင်း၌....

ခေါင်မိုးမလုံ၍ စီးကျယိုပိတ်လာသောမိုးရေအား သံဇလုံတစ်ခုဖြင့် ခံထားလေသည်။

သံဇလုံထဲသို့ မိုးရေကျသံက စည်းချက်ဝါးချက်ဟန်ချက် ညီညီ ပေါ်ထွက်နေ၏။

အရာရာမှာ အိုမင်းမစွမ်း ပျက်စီးယိုယွင်းနေလေပြီ။

ခေါင်မိုး ထုပ်တန်းများပေါ်ဝယ် ပင့်ကူအိမ်မျှင်များက နေရာယူထားသည်။

ဆိုင်ထဲ၌ ချထားသော ခုံရှည်သုံးလုံးမှာ ယိုင်နဲ့လျက် ရှိနေ၏။

တစ်ချက်တစ်ချက် ဝင်းလက်သွားသော လျှပ်စီးနှင့် လေပြင်း ဝေ့ယမ်းတိုက်ခတ်မှုက အိမ်ကလေးအား ရုတ်ခြည်းလဲပြိုသွားတော့မည်လောဟု ထင်ရလေသည်။

ခူးမင်းစားသောက်ဆိုင်မှာ သုသာန်တစပြင်ထဲမှ ဇရပ်ပျက် တစ်လုံးနှင့်သာ တူနေသေးတော့၏။

အကယ်၍ စားသောက်ဆိုင်လေးအား သုသာန်တစ်ပြင် ဖြစ်ခဲ့ပါလျှင် ဆိုင်ပိုင်ရှင်ကိုလည်း သုဘရာဇာတစ်ယောက်ဟု ဆိုနိုင်လေသည်။

အကြောင်းမှာ ခူးမင်းစားသောက်ဆိုင်ပိုင်ရှင်၏ ရုပ်မှာ ဆိုးဝါးလှပေသည်။

အထူးသဖြင့် ယခုလိုညချိန်၌ သူ့အားတွေ့မြင်ရသူအပေါင်းမှာ ထိတ်လန့်တုန်လှုပ်သွားနိုင်ပေသည်။

အရပ်ကပုပြတ်ပြတ်၊ အသားကခပ်မည်းမည်း၊ ခါးက ကုန်းနေသေး၏။

ခေါင်းပေါ်တွင် ဆံပင်များမှာ လန်ကဲနေပြီး ရှေ့သွားများက ခေါထွက်နေ၏။

ထို့ပြင် အလွန်ပိန်လှီ၍ အရိုးပေါ်အရေတင်ကာ သရဲသဘက်တစ်ကောင်နှင့် တူလှပေသည်။

ဆိုင်ရှင်မှာ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လျက် ဆိုင်တံခါးဝမှတစ်ဆင့် အပြင်သို့ မျှော်ကြည့်နေ၏။

မိုးရေစက်များက ဆိုင်တံခါးအား ကျော်လွန်ကာ ဆိုင်ထဲသို့ပင် ဖြတ်ကျော်ဝင်ရောက်လာလေသည်။



ပတ်ဝန်းကျင်တစ်ခုလုံးမှာ ကြောက်မက်ဖွယ်ရာ ကောင်းအောင် အေးစိမ့်နေ၏။

သို့သော် ဆိုင်ရှင်ကား နေရာတွင် ထိုင်မြဲထိုင်နေလေသည်။

ပြူးကျယ်သောမျက်လုံးအစုံဖြင့် အပြင်သို့သာ မျက်တောင်မခတ်စတမ်း စိုက်ကြည့်နေ၏။

မိုးရေထဲမှ ရောက်လာမည့်ဧည့်သည်အား စောင့်မျှော်နေခြင်းလော။

ထိုစဉ် ဆိုင်အနောက်ဘက်မှ အဘွားအိုတစ်ယောက် ထွက်လာလေသည်။

ဝါးခြမ်းပြားကဲ့သို့ ပိန်လှီလှသော ခန္ဓာကိုယ်ပိုင်ရှင်ဖြစ်ပြီး ဆိုင်ရှင်နှင့် လိုက်လျောညီထွေစွာ အရုပ်ဆိုးလှသော လူတစ်ယောက် ဖြစ်လေသည်။

ဆိုင်ရှင်အဘိုးအို၏ မလှမ်းမကမ်းသို့ ရောက်လာသည်နှင့်....

'ရှင်ဘာထိုင်လုပ်နေတာလဲ ဆိုင်ပိတ်ပါတော့လား'

အဘွားအို၏အသံက လေသံမိုးသံကြားမှ ထိုးဖောက်ထွက်ပေါ်လာလေသည်။

ရုပ်ဆိုးသကဲ့သို့ အသံကလည်း အက်ကွဲနေ၏။

ဆိုင်ရှင်က လှည့်ကြည့်လိုက်သည်။

တစ်ဆက်တည်းမှာပင် ထိုင်ရာမှထလိုက်ပြီး....

'အော်....'

ဟု ပြောရင်း ဆိုင်ပိတ်ရန် ပြင်လိုက်လေသည်။

မိုးသည်းထန်သောည....

ပျက်စီးယိုယွင်းနေသော အိမ်အိုတစ်လုံး....

မကောင်းဆိုးဝါးနှစ်ကောင်နှင့် တူလှသော၊ အဘိုးအိုနှင့် အဘွားအို ဆိုင်ပိုင်ရှင်....

အရာရာသည် ထူးခြား၍ ကြောက်မက်ဖွယ်ကောင်းနေ၏။

အကယ်၍ ဆိုင်းပိတ်မီ တစ်စုံတစ်ယောက်သော ဤနေရာရောက်ရှိခဲ့၍ လျှင်မူ ဆိတ်ငြိမ်နေသည်ဟု ထင်ရသော အရာရာတိုင်းမှာ ပြောင်းလဲသွားတော့မည်သာ ဖြစ်ပေသည်။

* * *



ဆိုင်ရှင် အဘိုးအိုက တံခါးပိတ်ရန် ထောင်ထားသော ပျဉ်ပြား ချပ်များကို မယူလာ၏။

ထို့နောက် တစ်ချပ်စီတစ်ချပ်စီ စိတ်ရှည်လက်ရှည် ပိတ်နေလေသည်။

ပျဉ်ချပ်များ စီတန်းထောင်လိုက်သောအခါ ဆိုင်အပေါက်သည် တဖြည်းဖြည်း ပိတ်နေလေပြီ။

နောက်ထပ် ပျဉ်ပြားလေးချပ်မျှ ဆက်လိုက်လျှင် လုံလုံခြုံခြုံ ပိတ်ပြီးသွားပေမည်။

သို့သော်....

ဆိုင်ပိုင်ရှင်က ဆက်၍ပိတ်ရန် မကြိုးစားတော့ပါ။

ပျဉ်တစ်ချပ်အား ကိုင်ရင်း အံ့ဩသော မျက်လုံးအစုံဖြင့် အပြင်သို့ လှမ်းမျှော်ကြည့်နေ၏။

သူက အသက်ပင် ပြင်းပြင်းမရှူဘဲ နားစွင့်နေလေသည်။

ဆိုင်ရှင်အဘွားအိုက သူ၏အပြုအမူကြောင့် မျက်းမှောင်ကြုတ်သွား၏။

'ဘာဖြစ်လို့လဲ'

ဆိုင်ရှင်အဘိုးအိုက လက်ကာပြလိုက်ရင်းမှ....

'နားထောင်ကြည့်စမ်း၊ မြင်းခွာသံတွေနဲ့တူတယ်'

အဘွားအို၏ချက်လုံးများ ဝင်းလက်တောက်ပြောင်လာလေသည်။

သူမက ခေါင်းတစ်ချက်ညိတ်လိုက်သည်။

'ဟုတ်တယ်၊ မြင်းခွာသံတွေပဲ'

ဆိုင်ရှင်အဘိုးအိုက ရယ်မောလိုက်သည်။

သူက လက်ထဲမှပုဉ်ပြားအား နံရံတွင်ထောင်မှီလိုက်ရင်း....

'အင်း....တို့ကိုပူဇော်မယ့်လူတော့ လာပြန်ပြီ'

'တဲ့...အဆင်သင့်ပြင်ထားပေတော့'

အဘွားအိုက နောက်ဆုတ်သွားလေသည်။

ထို့နောက် အတွင်းဘက်သို့ ဝင်သွား၏။

ထိုစဉ် မြင်းခွာသံမှာ တစ်စထက်တစ်စ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။



မရှေးမနှောင်းမှာပင် မိုးရေထဲမှ မြင်းတစ်ကောင် ဘွားခနဲ ပေါ်လာ၏။

သန်မာထွားကျိုင်းသော မြင်းတစ်ကောင်ဖြစ်၏။

မြင်းစီးသမားမှာ ခမောက်ဆောင်းထားသဖြင့် မည်သူ မည်ဝါဟု ရုတ်တရက် မသိရပါချေ။

မြင်းစီးသမားသည် ဆိုင်ရှေ့သို့ ရောက်လာသည်နှင့် မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

တစ်ဆက်တည်းမှာပင် ဆိုင်အပေါက်ဝတွင်ရှိသော ဆိုင်ရှင်ထံသို့ လျှောက်လာလေသည်။

'ဒီမှာ တစ်ညတည်းဖို့ နေရာရဦးမလားဗျ'

သူ၏ တစ်ကိုယ်လုံးတွင် မိုးရေများစိုရွှဲနစ်နေလေသည်။

မိုးရေထဲ၌ အချိန်ကြာမြင့်စွာ ခရီးနှင်လာခဲ့ရဟန်တူသည်။

သို့သော် သူက အေးချမ်းတုန်ခါနေသည့်အရိပ်အယောင်ပင် မတွေ့ရပါချေ။

ဆိုင်ရှင်က ခေါင်းညိတ်လိုက်သည်။

'ရှိပါတယ်၊ ဒါပေမယ့် ကျုပ်မှာရှိတဲ့ ခုတင်က....'

သူက စကားတစ်ပိုင်းနှင့်ရပ်ကာ မြင်းစီးသမားအား စိုက်ကြည့်လိုက်သည်။

မြင်းစီးသမားက ချက်မှောင်ကြုတ်သွားလေသည်။

'ခုတင်က ဘာဖြစ်လဲ'

ဆိုင်ရှင်က...

'ခုတင်ဟာ ခေါင်းတင်တဲ့ ခုတင် ဖြစ်နေလို့ပါ'

မြင်းစီးသမားက ဇူတ်ခြည်းပင် အားပါးတရ ရယ်မောလိုက်၏။

'ဟား...ဟား...ဟား ကိစ္စမရှိပါဘူး၊ ကျုပ်က သချိုင်းမှာ အိပ်မယ့်လူဗျ'

သူက ယင်းသို့ပြောပြီးသည်နှင့် မြင်းဇက်ကြိုးအားဆွဲကာ မိုးလွတ်မည့် အမိုးအကာအောက်ရှိ တိုင်တစ်လုံးတွင် ချည်နှောင်ထားလိုက်လေသည်။

တစ်ဖန် မြင်းကုန်းနှီးအပေါ်မှ အိတ်တစ်လုံးကို ဆွဲယူကာ ဆိုင်ထဲသို့ လှမ်းဝင်လာလေသည်။

ဆိုင်ပိုင်ရှင်က လမ်းဖယ်ပေးလိုက်လေသည်။



မြင်းစီးသမားက ဦးခေါင်းပေါ်မှ ခမောက်ကို ချွတ်ချလိုက်ပြီး...

'ကျုပ်ကို လက်ခံတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ'

သူက ယင်းသို့ပြောရင်းမှ ဆိုင်အတွင်းဘက်သို့လျှောက်သွားကာ ခုံရှည်တစ်လုံးပေါ်၌ ထိုင်ချလိုက်လေသည်။

တစ်ဖန် အိတ်ကလေးအား ဖြေလိုက်လေသည်။

အိတ်ကလေးအတွင်း၌ အဝတ်အစားများ၊ အသုံးအဆောင်များ ရှိနေလေသည်။

မြင်းစီးသမားက အိတ်ကလေးထဲမှ အဝတ်အစားများအား လဲလှယ် ဝတ်ဆင်လိုက်လေသည်။

ထို့နောက် ခမောက်အား ချွတ်လိုက်ပြီး ရေစိုအဝတ်များအား ရေညှစ်ချလိုက်၏။

သူက ခမောက်အား ချွတ်လိုက်သောအခါ ရုပ်ရည်သန့်ပြန့်ချောမောသော လူရွယ်တစ်ယောက်ဖြစ်ကြောင်း တွေ့မြင်လိုက်ရ၏။

လူရွယ်က ဆိုင်ရှင်အား နှစ်လိုဖွယ်ရာ ပြုံးပြလိုက်လေသည်။

'စောစောစီးစီး ဘာဖြစ်လို့ ဆိုင်ပိတ်ရတာလဲဗျာ'

ဆိုင်ရှင်အဘိုးအိုက ပခုံးတစ်ချက် တွန့်လိုက်သည်။

သူက ချိုပြုံးပြုံးလိုက်ရင်းမှ....

'မိုးသည်းလွန်းတော့ ဧည့်သည်မလာတော့ဘူးလေ၊ ဆိုင် စောစောစီးစီးပိတ်ပြီး ကျုပ် အနားယူတော့မယ်လေ'

သူက ပြုံးလိုက်သောအခါ နှုတ်ခမ်းမှာ တွန့်တက်သွားကာ ခေါနေသောသွားမှာ ရှေ့သို့ ပြူထွက်လာသည်။

ဝံပုလွေတစ်ကောင်က ချွန်ထက်သော သွားများကိုဖြဲကာ ခုန်အုပ်တော့မည့် ပုံသဏ္ဌာန်ကဲ့သို့ ဖြစ်နေ၏။

ဆိုင်ရှင်၏ရုပ်ရည်မှာ ကြောက်မက်ဖွယ် ကောင်းလှသော်လည်း လူရွယ်က တုန်လှုပ်သွားသည့် အရိပ်အယောင် မတွေ့ရပါချေ။

လူရွယ်က ကြောက်ရွံ့ခြင်း မရှိသည့်အပြင် ပြုံးလိုက်ပြန်သည်။

'အခု ကျုပ်ရောက် လာတော့ ခင်ဗျားဆိုင်ပိတ်လို့မရတော့ဘူးလေ'

ဆိုင်ရှင်က....

'ဟုတ်တယ်၊ ဒါပေမယ့် မင်းက ဒီမှာတစ်ညတည်းမှာဆိုတော့ တံခါးပိတ်ရမှာမို့ ထူးမယ်မထင်ပါဘူး....'



လူရွယ်က ခေါင်းခါယမ်းလိုက်လေသည်။

'ထူးတာပေါ့ဗျ....'

သူ၏စကားကြောင့် ဆိုင်ရှင်၏မျက်နှာပေါ်တွင် အံ့သြသော အရိပ်အယောင်များ ပေါ်ထွက်လာ၏။

ဆိုင်ရှင်က လူရွယ်အား စေ့စေ့ကြည့်လိုက်ရင်းမှ....

'ဘယ်လိုထူးတာလဲ'

လူရွယ်က ပြုံးလိုက်သည်။

'ခင်ဗျားဆိုင်ထဲကို နောက်ထပ် ဧည့်သည်ဝင်မလာတော့ဘူးလို့ ထင်နေသလား'

ဆိုင်ရှင်က သူ့အားစိုက်ကြည့်လိုက်သည်။

'မင်းက နောက်ထပ်ဧည့်သည် ရောက်လာမယ်လို့ ထင်နေလို့လား'

လူရွယ်က တည်ကြည်သောမျက်နှာဖြင့်....

'ဟုတ်တယ်'

ဆိုင်ရှင်မှာ တံခါးဝသို့ လှည့်ကြည့်လိုက်လေသည်။

တံခါးဝမှတစ်ဆင့် အပြင်ဘက်၌ မိုးသည်းထန်စွာရွာနေသည်ကို မြင်ရ၏။

သို့သော် လူရိပ်လူယောင်ကိုပင် မမြင်တွေ့ရပါချေ။

ဆိုင်ရှင်က လူရွယ်အား နားမလည်သည့်ပုံစံဖြင့် ကြည့်လိုက်၏။

လူရွယ်က သက်ပြင်းချလိုက်ချင်းမှ....

'ကျုပ်လိမ်ပြောတာမဟုတ်ဘူး၊ မကြာခင် ဒီကို ညွှသည် ရောက်လာဦးမယ်ဗျ'

ဆိုင်ရှင်က လူရွယ်အား စိုက်ကြည့်လိုက်သည်။

သူက မေးရန် ပါးစပ်ဟလိုက်ပြီးမှ ပြန်လည် ပိတ်သွား၏။

သူက လူရွယ်အား မေးစရာလိုတော့ပါချေ။

အဝေးဆီမှ မြင်းခွာသံ ကြားလိုက်ရသည် မဟုတ်ပါလော။

ဆိုင်ရှင်က ပခုံးတစ်ချက် တွန့်လိုက်သည်။

'ဟုတ်လိုက်လေ၊ နောက်ထပ် တည်းခိုမယ့်ညွှသည် ရောက်လာပါပေါ့လား'



သူ၏စကား ဆုံးသွားသည်နှင့် မြင်းခွာသံမှာ ပို၍ကျယ်လောင်စွာ ထွက်ပေါ်လာပြီးလျှင် ဆိုင်ရှေ့သို့ မြင်းတစ်ကောင် အပြေးအလွှား ရောက်ရှိလာလေတော့သည်။

* * *

ဝါကျင့်ကျင့်မီးရောင်က ဖွင့်ထားသော တံခါးပေါက်မှတစ်ဆင့် ဆိုင်ပြင်သို့ ဖြာကျနေ၏။

မီးရောင်အောက်၌ ထပ်မံရောက်ရှိလာသော ခရီးသည်အား တွေ့မြင်လိုက်ရလေသည်။

ခရီးသည်၏ တစ်ကိုယ်လုံး၌ အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားလေသည်။

သူစီးနင်းလာသော မြင်းမှာ အမေွး ဆွတ်ဆွတ်ဖြူဖွေးနေ၏။

သူ့အား မြင်တွေ့လိုက်ရသောအခါ....

ဆိုင်ရှင်နှင့် လူရွယ်တို့မှာ စိတ်ဝင်စားသွားကြသေသည်။

အကြောင်းမှာ အနီရောင်ဝတ်စုံကို ဝတ်ဆင်၍ မြင်းစီးလာသူမှာ မိန်းကလေးတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလော။

ဆိုင်ရှင်က သူမအားကြည့်ရင်း ရင်ထဲ၌ တီးတိုးရေရွတ်နေလေသည်။

'အင်း....ခေါင်းတစ်လုံး အပိုရှိသွားပဲ၊ သူ့ကို လက်ခံလို့ရပါတယ်လေ'

ထိုအချိန် မိန်းကလေးက မြင်းပေါ်မှ ဆင်းလိုက်၏။

တစ်ဆက်တည်းမှာပင် သူမ၏မျက်လုံးများက ပတ်ဝန်းကျင်သို့ ဝေ့ဝဲကြည့်လိုက်၏။

သူမ၏ မျက်လုံးက ခူးမင်းစားသောက်ဆိုင် ဟူသော ဆိုင်းဘုတ်ရှိရာသို့ ရောက်ရှိသွားသောအခါ ကျေနပ်သကဲ့သို့ ခေါင်းတစ်ချက် ညိတ်လိုက်လေသည်။

လူရွယ်က မိန်းကလေးအား အကဲခတ် ကြည့်ရှုနေ၏။

မိန်းကလေး၏ တစ်ကိုယ်လုံးမှာ မိုးရေများ စိုရွှဲနေသော်လည်း သူမ၏ အလှအပများက ကွယ်ပျောက်မသွားပါချေ။

ရေစိုကာ အသားပေါ်တွင် ကပ်နေသော အဝတ်အစားများကြောင့် ခန္ဓာကိုယ်အလှမှာ ပို၍ပင်ပေါ်လွင်ကာ ရုပ်လုံးကြွအလှနတ်သမီးလေးတစ်ယောက်ဟု ထင်မှတ်ရ၏။



အသက်အရွယ်မှာ တစ်ဆယ့်ရှစ် တစ်ဆယ့်ကိုးခန့်သာ ရှိပေဦးမည်။

ဆိုင်ထဲသို့ ရောက်လာသောအခါ မိန်းကလေးက ဆိုင်တစ်ခုလုံးအား ဝေ့ဝဲကြည့်လိုက်လေသည်။

သူမက ဆိုင်ရှင်၏ ရုပ်ရည်နှင့် ဆိုင်အနေအထားအား သဘောတွေ့ပုံ မရပါချေ။

မျက်နှာချောချောလေးက မသိမသာ ရှုံ့မဲ့သွား၏။

သို့သော် သူမက ညနေရာ၌သာ တည်းခိုရမည်ဖြစ်၏။

အပြင်ဘက်၌ မိုးသည်းထန်စွာ ရွာသွန်းနေလေရာ ရှေ့ဆက်ခရီးဆက်ရန် မလွယ်ကူတော့ပြီ မဟုတ်ပါလော။

သူမက ဆိုင်ရှင်အား ကြည့်လိုက်သည်။

'အဘ၊ ကျွန်မ ဒီမှာတည်းလို့ ရနိုင်ပါ့မလား'

ဆိုင်ရှင်၏ မျက်လုံးမှာ လူရွယ်၏မြင်းဘေး၌ ရောက်ရှိ ချည်နှောင်ထားပြီးဖြစ်သော မိန်းကလေး၏ မြင်းဖြူအား ငေးကြည့်နေရင်းမှ....

'အနီရောင်မိန်းကလေး၊ အဖြူရောင်မြင်း၊ အင်း တော်တော်ကောင်းတဲ့ မြင်းပါလား'

ဟု တီးတိုး ရေရွတ်လိုက်မိသည်။

သူ၏ရင်တွင်းမှ ရေရွတ်သံအား မိန်းကလေးနှင့် လူရွယ်တို့ ကြားနိုင်မည် မဟုတ်ပါချေ။

မိန်းကလေးက သူမ၏စကားအား မကြားဟု ထင်လိုက်သည်။

'အဘ ကျွန်မဒီမှာ တည်းလို့ရမှာလား'

'အိပ်စရာနေရာ မရှိရင်လဲ ကိစ္စမရှိပါဘူး၊ ထိုင်ခုံတစ်လုံး ရရင် ပြီးတာပါပဲ'

ဆိုင်ရှင်က ယခုမှ ကပျာကယာ ခေါင်းညိတ်လိုက်ပြီး....

'ရပါတယ်၊ တည်းလို့ရပါတယ်၊ မင်းဟာ....'

သူ၏စကား မဆုံးမီ အဆက်မပြတ် ရယ်မောနေလေသည်။

မိန်းကလေးက ဆိုင်ရှင်အား အကဲခတ် ကြည့်ရှုလိုက်လေသည်။

အဆိုးဆုံးမှာ အဆက်မပြတ် ချောင်းဆိုးလာသောကြောင့် ကြမ်းပြင်ပေါ်၌ ဖင်ထိုင်ချလိုက်ရ၏။

မိန်းကလေးက ဆိုင်တွင်းသို့ မျက်လုံးဝေ့ ကြည့်လိုက်ပြန်လေသည်။



ထိုအခါ ထိုင်ခုံ၌ထိုင်နေသော လူရွယ်နှင့် မျက်လုံးချင်း ဆုံသွားကြ၏။

လူရွယ်က နှစ်လိုဖွယ် ပြုံးလိုက်သည်။

'ခင်ဗျားက ဒီဆိုင်မှာတည်းမလို့လား'

မိန်းကလေးက လူရွယ်အား စိုက်ကြည့်လိုက်သည်။

အေးစက်တင်းမာသော လေသံဖြင့်....

'ရှင်က ဒီမှာ တည်းလို့ရရင် ကျွန်မလဲ တည်းလို့ရမှာပေါ့'

လူရွယ်က ခေါင်းခါယမ်းလျက်....

'ခင်ဗျားကို မတည်းစေချင်လို့ မဟုတ်ဘူးဗျ၊ ကျုပ်လဲ ခရီးသွားတစ်ယောက်ပါ'

သူက စကားဆက်လိုက်ပြန်သည်။

'အခုလိုအဖော်မရှိတုန်းမှာ ခင်ဗျားရောက်လာလို့ ဝမ်းသာပြီး မေးမိတာပါ'

သူက ယင်းသို့ပြောလိုက်ရင်းမှ ကုလားထိုင်တစ်လုံးယူကာ မိန်းကလေးရှေ့တွင် ချပေးလိုက်သည်။

မိန်းကလေးက အားနာခြင်း အလျဉ်းမရှိပါချေ။

လူရှယ်ချပေးသော ကုလားထိုင်တွင် ခပ်တည်တည် ထိုင်ချလိုက်၏။

ထိုအချိန်တွင် ဆိုင်ရှင်က ချောင်းဆိုးခြင်း ရပ်တန့်သွား၏။

သူက ဆိုင်တံခါးပိတ်ရန် ဟန်ပြင်လိုက်လေသည်။

မိန်းကလေးက ဆိုင်ရှင်ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

ယင်းနောက်....

'ဘဘ.... ချောင်းအဆက်မပြတ် ဆိုးတာ ရောဂါတစ်ခုခု ရှိလို့နဲ့တူတယ်နော်'

ဆိုင်ရှင်က အဖြေမပေးဘဲ ဟီးတိုးရေရွတ်လိုက်သည်။

သူက ရောဂါဝေဒနာအား လုံးဝဂရုမထားသည့် ပုံစံဖြင့်နေ၏။

မိန်းကလေးက သက်ပြင်းချလိုက်လေသည်။

သူမက ဆက်ပြောပါလျှင်လည်း အကြောင်းထူးမည်မဟုတ်သောကြောင့်....



'ဒါထက် ဒီမှာစားစရာမရနိုင်ဘူးလား'

ဆိုင်ရှင်က ခေါင်းညိတ်လိုက်သည်။

'ရနိုင်ပါတယ်၊ မင်းစားချင်ရင် ခဏလေးစောင့်ပါ၊ ကျုပ်သွားယူပေးပါ့မယ်'

မိန်းကလေးက ပြုံးလိုက်သည်။

'ကောင်းပြီလေ၊ ကျွန်မအတွက် စားစရာတစ်ခုခု သွားယူပေးပါ၊ ဘာဖြစ်ဖြစ် ကျွန်မက စားနိုင်ပါတယ်'

သူမ၏စကားအား ဆိုင်ရှင်က သဘောကျသွား၏။

ဤမိန်းကလေးမှာ နယ်နယ်ရရ မိန်းကလေးတစ်ယောက်မဟုတ်မှန်း သိရှိလာမိလေသည်။

အဘိုးအိုက ဆိုင်နောက်ဘက်သို့ လှမ်းဝင်သွားလေသည်။

* * *

ဆိုင်ရှင်က အနောက်ဘက်အခန်းထဲသို့ ဝင်သွားလေပြီ။

ဆိုင်ထဲ၌ မိန်းကလေးနှင့် လူရွှယ်တို့သာ ကျန်ရစ်ခဲ့လေသည်။

သူတို့နှစ်ယောက်က မျက်နှာချင်းဆိုင် ထိုင်နေသော်လည်း စကားမပြောဖြစ်ကြပါချေ။

မိုးသံလေသံမှအပ စားသောက်ဆိုင်လေး တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေ၏။

တစ်ခဏကြာသောအခါ....

လူရွယ်က အပျင်းတစ်ချက် ဆန့်လိုက်ရင်းမှ....

'ဒီနေရာဟာ စားသောက်ဆိုင်နဲ့ မတူဘူးနော်'

သူက တခြားစကားပြောပါက မိန်းကလေး စိတ်ဝင်စားမည် မဟုတ်ပါချေ။

ယခုမှာမူ သူ၏စကားအား မိန်းကလေးက စိတ်ဝင်စားသွားလေသည်။

လူရွယ်က အခြေအနေကို သဘောပေါက် ထားသဖြင့် တမင် စကားလုံးရွေးချယ်ကာ ပြောလိုက်ခြင်းဖြစ်၏။

မိန်းကလေးက မျက်မှောင်ကြုတ်ရင်းမှ...

'ဒီနေရာဟာ စားသောက်ဆိုင်နဲ့မတူရင် ဘာနဲ့တူသလဲ'

လူရွယ်က....



'သင်္ချိုင်းကုန်းနဲ့ တူတယ်'

'ဘာ'

လူရွယ်က ပါးစပ်ပိတ်ထားလေသည်။

မိန်းကလေးက ဆိုင်ကလေးအား လှည့်ပတ်ကြည့်လိုက်ပြန်လေသည်။

မှန်ပေသည်။

ပေါင်းနှမ်း အိုမင်းလှသော ဆိုင်မှာ ဈေးဆန်လှပြီး ချောက်ချားဖွယ်ရာ ကောင်းနေသည် မဟုတ်ပါလော။

လေထဲ၌ ယိမ်းနွဲ့နေသော မီးအိမ်ကြောင့် အလင်းရောင်မှာ ယိမ်းနွဲ့နေပြန်သည်။

ထို့အတူ မိန်းကလေး၏ အရိပ်မှာလည်း ယိမ်းနွဲ့နေ၏။ မိန်းကလေးက လှျောက်ကြည့်ရင်းမှ ကြောက်ရွံ့ထိတ်လန့် လာလေသည်။

သူမ၏ မျက်ဝန်းထဲ၌ စားသောက်ဆိုင်ပိုင်ရှင်၏ အရုပ်ဆိုး အကျည်းတန်လှသော မျက်နှာသွင်ပြင်အား ပြန်လည် မြင်ယောင်လာ၏။

သူမက လူရွယ်အား လှမ်းကြည့်လိုက်၏။

'ဒီဆိုင်ပိုင်ရှင်ရဲ့ နာမည်က ခူးမင်းလား'

လူရွယ်က မျက်မှောင်ကြုတ်လိုက်ပြီး ...

'ဘာဖြစ်လို့လဲ'

မိန်းကလေးက....

'ဟြော် ဆိုင်ရှေ့မှာ ခူးမင်းစားသောက်ဆိုင်လို့ နာမည်တပ်ထားတော့ ဆိုင်ရှင်နာမည်က ခူးမင်းများ ဖြစ်နေမလားလို့ပါ'

လူရွယ်က ပြုံးလိုက်လေသည်။

'ဟုတ်ရင်လဲ ဟုတ်မှာပေါ့၊ ကျုပ်တော့ သေသေချာချာ မသိပါဘူး'

မိန်းကလေးက သက်ပြင်းချလိုက်လေသည်။

'အင်း...မိုးသည်းထန်လွန်းလို့သာ ဒီဆိုင်မှာ ဝင်တည်းတာပါ၊ ရာသီဥတုသာ ကောင်းရင် ဝေးပါသေးတယ်'

လူရွယ်က တည်ကြည်သောမျက်နှာဖြင့်....

'ခင်ဗျားက မိုးကြောက်နေတာကိုးဗျ'

မိန်းကလေးက မကျေမနပ် ဖြစ်သွားလေသည်။



သို့သော် သူမက စကားတစ်ခွန်းမျှ မပြောပါချေ။

မိန်းကလေးမှာ တစ်ကိုယ်လုံး မိုးရေများစိုရွှဲနေ၏။

ရုတ်တရက် တံခါးပျဉ်ပြားကြားမှ တိုးဝင်လာသော လေအေးကြောင့် သူမ၏ခန္ဓာကိုယ် မသိမသာ တုန်ယင်သွားလေသည်။

လူရွယ်က မနေနိုင်တော့ပါချေ။

မိန်းကလေးကို ကြည့်လိုက်ရင်းမှ လူရွယ်က မေးလိုက်လေသည်။

'ခင်ဗျား မချမ်းဘူးလားဗျ'

မိန်းလေးက အဖြေမပေးပါချေ။

လူရွယ်ကိုလည်း လုံးဝလှည့်မကြည့်ပါ။

လူရွယ်က သက်ပြင်းတစ်ခုကို ချလိုက်ရင်းမှ အထုပ်တစ်ခုကို ဖြေလိုက်သည်။

သူ၏အတွင်းခံကာမှ မျက်နှာသုတ်ပဝါ တစ်ထည်ကိုနှိုက်ယူလိုက်လေသည်။

'ခင်ဗျားတစ်ကိုယ်လုံး ရေတွေစိုရွှဲနေတယ်၊ မျက်နှာသုတ်ပဝါနဲ့ သုတ်ပစ်ပါလား'

မိန်းကလေးမှာ လူရွယ်ဘက်သို့ ခေါင်းလှည့်လာ၏။

လူရွယ်အား စေ့စေ့ကြည့်လိုက်ရင်းမှ....

'ရှင့်ပစ္စည်း ကျွန်မက ဘာကြောင့် ယူသုံးရမှာလဲ'

လူရွယ်က ပြုံးလိုက်လေသည်။

'စိတ်ချပါ၊ ဟောဒီမျက်နှာသုတ်ပဝါက လုံးဝမသုံးရသေးပါဘူး'

မိန်းကလေးဟာ အေးစက်သောလေသံဖြင့်....

'မသုံးရသေးလဲ ရှင့်ပစ္စည်းပဲဟာကို'

လူရွယ်က သူမအား စေ့စေ့ကြည့်လိုက်သည်။

'ကျုပ်ပစ္စည်းကို ခင်ဗျားသုံးရမှာ အားနာနေတယ်ပေါ့'

မိန်းကလေးခေါင်းခါယမ်းလိုက်သည်၊

'အားနာလို့မဟုတ်ပါဘူး၊ မသုံးချင်လို့ပါ'

လူရွယ်က ပခုံးတွန့်လိုက်သည်။

'ကျုပ်ပစ္စည်းမသုံးချင်ဘူးဆိုရင် လွယ်ပါတယ်ဗျာ'



သူက စကားဆက်လိုက်လေသည်။

'ရတယ်လေ၊ ခင်ဗျားကျုပ်ဆီက ပြန်ဝယ်လိုက်ပေါ့'

မိန်းကလေးမှာ တစ်ယောက်တည်း ခရီးထွက်လာပြီး ဤနေရာ၌ တည်းခိုခြင်းဖြစ်သည်။

သူမက ရင်ထဲ၌ တိတ်ဆိတ်စွာ တွေးနေမိသည်။

'အင်း...ထိတ်လန့်ချောက်ချားစရာကောင်းတဲ့ ဒီနေရာမျိုးမှာ သူလိုခရီးသွားတစ်ယောက်နဲ့ လာဆုံရတာ ငါ့အတွက် ကံကောင်းတာပဲ'

သူမက ဆက်၍တွေးလိုက်မိပြန်သည်။

'အင်း....ဘာပဲဖြစ်ဖြစ် သူနဲ့မိတ်ဆွေဖွဲ့ပြီး စကားပြောဆိုလိုက်ရင် ငါ့ရဲ့ တုန်လှုပ်ခြောက်ခြားနေတဲ့စိတ်တွေ လျော့ပါးသွားမယ်ထင်တယ်'

သူမရင်ထဲ၌ ဤသို့တွေးနေသော်လည်း မျက်နှာထားမှာ ခပ်တည်တည်ပင်ဖြစ်သည်။

သူမက လူရွယ်အား စိုက်ကြည့်လိုက်ရင်းမှ....

'ရှင်က မျက်နှာသုတ်ပဝါ ပြန်ရောင်းမယ်ဆိုပါတော့ ဟုတ်လား'

လူရွယ်က....

'ဟုတ်ပါတယ်'

မိန်းကလေးက အင်္ကျီအိတ်ထဲမှ ငွေတုံးကလေးတစ်တုံးကို နှိုက်ယူကာ လူရွယ်ထံသို့ ပစ်ပေးလိုက်၏။

လူရွယ်က ငွေတုံးကလေးအား ဖမ်းယူလိုက်ရင်းမှ မျက်နှာသုတ်ပဝါအား ပြန်လည်ပစ်ပေးလိုက်၏။

မျက်နှာသုတ်ပဝါ၏တန်ဖိုးမှာ ကြေးပြား ခုနစ်ပြားသာ ရှိလေသည်။

မိန်းကလေးပေးသောငွေတုံးမှာ ကြေးပြားခုနစ်ပြား မက ပါချေ။

လူရွယ်က သူမအား စေ့စေ့ကြည့်လိုက်လေသည်။

'ကျုပ်မျက်နှာသုတ်ပဝါက ကြေးပြားခုနစ်ပြားပဲတန်တာ ကျုပ်မှာ ပြန်အမ်းဖို့ အကြွေမရှိဘူး'

မိန်းကလေးက ပြုံးလိုက်လေသည်။

'ကိစ္စမရှိပါဘူး၊ ကျွန်မကို ပြန်မအမ်းပါနဲ့၊ အကုန်ယူလိုက်ပါ'

လူရွယ်က မျက်မှောင်ကြုတ်သွား၏။



သူ၏ခေါင်းကို ခါယမ်းလိုက်ရင်းမှ....

'ဟာ.. ကျုပ်အမြတ်မယူချင်ပါဘူး၊ ကြေးပြားခုနစ်ပြားရရင် တော်ပါပြီ'

'အမြတ်လို့သဘောမထားပါနဲ့၊ ယူသာယူလိုက်ပါ'

လူရွယ်က ခေါင်းခါယမ်းလိုက်ပြန်သည်။

'ဟာ ကျုပ်က ပေးကမ်းစွန့်ကြဲတာကို မလိုချင်ပါဘူး'

မိန်းကလေးက....

'ဒါဖြင့် ဘယ့်နှယ့်လုပ်မလဲ၊ ကျွန်မက အကြွေမရှိဘူးရှင့်'

လူရွယ်က ခေါင်းခါယမ်းလိုက်လေသည်။

'ဒီလိုဆိုရင် မရောင်းတော့ဘူးဗျာ၊ ကျုပ်မျက်နှာသုတ်ပဝါသာပြန်ပေးပါ'

မိန်းကလေးမှာ အခက်ကြုံသွားရလေသည်။

လူရွယ်ထံမှ မျက်နှာသုတ်ပဝါ ရရှိပြီးသည်နှင့် သူမ၏ ဆံပင်များအား ခြောက်သွေ့သွားစေရန်အတွက် သုတ်လိုက် ပြီးဖြစ်ပါသည်။

ထို့ပြင် မျက်နှာနှင့် လက်များကိုလည်း သုတ်လိုက်ပြီးပြီ ဖြစ်နေပြီမဟုတ်ပါလော။

မိန်းကလေးက သက်ပြင်းတစ်ချက်ချလိုက်ရင်းမှ....

'အို ဒီမျက်နှာသုတ်ပဝါကို ကျွန်မသုံးပြီးနေပြီ၊ ရှင့်ကို ပြန်မပေးချင်တော့ပါဘူး၊ အကြွေးပိုရင်လဲ မအမ်းပါနဲ့တော့'

လူရွယ်က တွေဝေသွားလေသည်။

သူက အတန်ကြာစဉ်းစားနေ၏။

'ခင်း....မျက်နှာသုတ်ပဝါကို ပြန်မပေးနိုင်ရင် ပြေလည်သွားမယ့် လမ်းတစ်ခုတော့ ရှိတယ်ဗျ'

မိန်းကလေးက မျက်မှောင်ကြုတ်သွား၏။

'ဘယ်လိုနည်းများလဲ'

လူရွယ်က ပြုံးရင်းမှ....

'ခင်ဗျားနဲ့ ကျုပ်က ခရီးသည်တွေမဟုတ်လား၊ ဒီနေရာမှာ ဆုံတွေ့လာကြသလို နောက်ထပ် မဆုံတွေ့နိုင်ဘူးလို့ မပြောနိုင်ဘူး'

မိန်းကလေးက မျက်မှောင်ကြုတ်သွားလေသည်။



'အဲဒါ ဘာဖြစ်သလဲ'

လူရွယ်က....

'ဒီတော့ ကျုပ်တို့နှင့်ယောက် မိတ်ဆွေအဖြစ် သဘောထားလိုက်ရင် ပြေလည်သွားမှာပါ'

မိန်းကလေးက နှုတ်ခမ်းမဲ့လိုက်သည်။

လူရွယ်က သူ့အား စူးနစ်စွာ ကြည့်နေလေသည်။

မိန်းကလေးက မဲ့ပြုံးပြုံးလျက်...

'နောက်တစ်နည်းကကော'

လူရွယ်က ပြုံးလိုက်လေသည်။

'လွယ်ပါတယ်ဗျာ ဆိုင်ရှင်ဆီမှာ အကြွေသွားအမ်းလိုက်ပေါ့'

မိန်းကလေး၏ကိုယ်ခန္ဓာ ဆတ်ခနဲတွန့်သွားလေသည်။

သူမမျက်စိထဲ၌ ဆိုင်ရှင်၏ ကြောက်ခက်ဖွယ်ရာကောင်းလှသော မျက်နှာအား မြင်ယောင်လာလေသည်။

သူမသည် ဆိုင်ရှင်နှင့် ရောရောနှောနှော မနေလိုပါချေ။

ထို့ကြောင့် သူမက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'ကောင်းပြီလေ၊ ကျွန်မငွေကိုသာ ပြန်ပေးပါတော့'

လူရွယ်က ပြုံးလိုက်လေသည်။

'ကျုပ်ကို မိတ်ဆွေအဖြစ် သဘောထားလိုက်ပြီပေါ့'

မိန်းကလေးက ခေါင်းညိတ်ပြလိုက်လေသည်။

လူရွယ်က ငွေတုံးကလေးအား ပြန်လည်ပစ်ပေးလိုက်၍ မိန်းကလေးက ဖမ်းယူပြီး သူမ၏အင်္ကျီအိတ်ထဲသို့ ပြန်လည်သိမ်းထားလိုက်လေသည်။

သူမက မိတ်ဆွေအဖြစ် လက်ခံလိုက်သည်ကို တွေ့ရသောအခါ လူရွယ်က မျက်နှာသာမက မျက်လုံးများ၌ပါ ပြုံးယောင်သမ်းလာလေသည်။

သို့သော် သူ၏မျက်နှာမှအပြုံးနှင့် မျက်လုံးမှအပြုံးမှာ မတူညီပါချေ။

မျက်နှာပေါ်ရှိအပြုံးမှာ အပြစ်ကင်းစင်၍ နှစ်လိုဖွယ်ရာကောင်းသော်လည်း မျက်လုံးမှအပြုံးမှာမူ ကောက်ကျစ်စဉ်းလဲသည့် အရိပ်အယောင် ထင်ဟပ်နေသည်။



အဘယ့်ကြောင့် ကောက်ကျစ်စဉ်းလဲသည့် အရိပ်အယောင် ထင်ဟပ်နေပါသနည်း။

မိန်းကလေးက သူ့အား သေချာစွာ စိုက်ကြည့်လိုက်သည်နှင့် မျက်ဝန်းအိမ်မှ ကောက်ကျစ်စဉ်းလဲသောအပြုံးမှာ ရုတ်ခြည်း ကွယ်ပျောက်သွားလေသည်။

လူရွယ်က အပြစ်ကင်းစင်ကာ ခင်မင်ဖွယ်ရာကောင်းသည့် လူတစ်ယောက်ပမာ လက်နှစ်ဖက်ဆုပ်ရင်း နူးညံ့ပျော့ပျောင်းသော လေသံဖြင့်....

လောကထဲမှာ

ဆိုရင် ခင်ဗျားကို

'ကျုပ်တို့ မိတ်ဆွေများဖြစ်သွားကြပြီဆိုတော့ နာမည် တစ်ယောက် သိဖို့လိုပြီလို့ထင်ပါတယ်

ပ်သွားလေသည်။

သူက စကားဆက်လိုက်ပြန်သည်။

ကြည့်လိုက်၏။

'ကျုပ်နာမည် ရှောင်ချူဖုံးလို့ခေါ်ပါတယ်'

တိုင်းနေရင်

'ခင်ဗျားရဲ့နာမည်ကို ပြောပါဦး'

ကို ခေ

မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

'ကျွန်မကို လူတွေက အနီရောင်အင်္ကျီနဲ့ အဖြူရောင်မြင်းလို့ ခေါ်ကြပါတယ်'

ယင်းစကားကြားသောအခါ လူရွယ်၏မျက်နှာမှာ ဝင်းလက် တောက်ပသွားလေသည်။

မိန်းကလေးက အနီရောင်အင်္ကျီကိုဝတ်ဆင်ကာ အပြာရောင်မြင်းအား စီးနှင်လာသည်ကို သူက တွေ့မြင်ထားပြီး ဖြစ်၏။

သို့သော် သူက ထပ်မံသေချာစေရန် မေးလိုက်ခြင်းဖြစ်ပေသည်။

သိုင်းလောကၝ အနီရောင်အင်္ကျီ ဝတ်ဆင်ထားပြီး အပြာ
လူရွမြင့်းစီးသော မိန်းကလေးတစ်ယောက်မှာ အလွန်ပင်
မိန်းကလေးက သည် မဟုတ်ပါလော။
သိမ်းထားလိုက်အားပါးတရ ပြုံးလိုက်ရင်းမှ....

သူမက မိတ်ဆက်စသတ်တော့ ခင်ဗျားက သိုင်းသမား ဝမ်းယို့အခါ လူရွယ်ဂျာလင့်ဘဲ မိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်ဗျာ
သမ်းလာငေ
ပုံယုက သူမ၏ နာမည်အား သိရှိနေသည့်အတွက်
သို့ သွားမိလေသည်။
သိ
မှန်ပါသည်။

အနီရောင်နှင့် အပြာရောင်မြင်းဆိုသည်မှာ သိုင်းသမား ဝမ်းယိုယုအား ပြောခြင်းဖြစ်ကြောင်း သိုင်းလောကသားများတိုင်း သိရှိနေသည် မဟုတ်ပါလော။



ယခု သူမ၏အမည်အား လူသူကင်းဝေးသည့် အိမ်အိုပျက်၌ ရှိနေသူကပင် ကြားဖူးနေသဖြင့် မိန်းကလေးက ကျေနပ်သွားခြင်းဖြစ်၏၊

သူမက လူရွယ်အား ပြုံး၍ကြည့်ရင်းမှ....

'ရှင် ကျွန်မနာမည်ကို ကြားဖူးတယ်ပေါ့'

လူရွယ်က ခေါင်းညိတ်လိုက်သည်။

'ကြားဖူးတာပေါ့ဗျာ၊ နှစ်နှစ်အတွင်း သိုင်းလောကထဲမှာ လျှမ်းလျှမ်းတောက်ကျော်ကြားတဲ့လူကို မြပါဆိုရင် ခင်ဗျားကို မြရမှာပဲ မဟုတ်လား'

မိန်းကလေး ဝမ်းယိုယုမှာ ပို၍ပင် ကျေနပ်သွားလေသည်။

ရှောင်ချူဖုံးက သူမ၏ တစ်ကိုယ်လုံးအား ခြုံကြည့်လိုက်၏။

'ခင်ဗျား အဝတ်အစားတွေ ရေစိုနေတော့ ဒီအတိုင်းနေရင် အအေးမိလိမ့်မယ် ထင်တယ်၊ ကျုပ်ရဲ့ အပေါ်အင်္ကျီကို ခဏ ခြုံထားပါလား'

ဝမ်းယိုယုမှာ ခိုက်ခိုက်တုန်အောင် ချမ်းနေလေပြီ။

ထို့ကြောင့် သူမက ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ ကျွန်မကို ခဏငှားပါ၊ ကျွန်မ ပြန်ပေးပါ့မယ်'

ရွှေခင်ချူဖုံးက အိတ်ထဲမှ အပြာရောင်အင်္ကျီတစ်ထည်အား လှမ်းပေးလိုက်လေသည်။

ဝမ်းယိုယုက အင်္ကျီအား လှမ်းယူရင်းမှ မျက်မှောင်ကြုတ်သွား၏။

'နေစမ်းပါဦး၊ ရှင့် အင်္ကျီတွေကျတော့ ဘာလို့ ရေမစိုတာလဲ'

ရွှေခင်ချူဖုံးက....

'ဩြော်....ဒါလား၊ ကျုပ်က ဆီစိမ်စက္ကူနဲ့ ထုပ်ယူလာတဲ့ အပိုဝတ်စုံကို လဲထားလိုက်လို့ပါ'

ဝမ်းယိုယုက ပခုံးတစ်ချက်တွန့်လိုက်ရင်းမှ ...

'ရှင့်အတွက် အဝတ်အစားလဲစရာ မလိုပေမယ့် ကျွန်မအတွက်တော့ လိုအပ်ပါတယ်'

ရွှေခင်ချူဖုံးက ခေါင်းညိတ်လိုက်သည်။

သူက ဆိုင်နောက်ဘက်သို့ လှည့်လိုက်ပြီး....



'ဗျို....ဆိုင်ရှင်၊ ခဏလာပါဦးဗျာ'

သူ၏အသံမှာ မိုးလေများကြားမှ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

သို့သော်....

ဆိုင်ရှင်က ထွက်လာခြင်း မရှိသေးပါချေ။

ရွှေခင်ချူဖုံးက သုံးလေးကြိမ်မျှ ဆက်တိုက်ခေါ်ပြီးမှ ...

'လာပြီ....လာပြီဗျို့'

* * *

ညဉ့်နက်လှပြီ ဖြစ်သည်။

မိုးက သည်းထန်စွာရွာသွန်းနေဆဲပင်....

ရွှေခင်ချူဖုံးနှင့် ဝမ်းယိုယုတို့က ဆိုင်ရှင်အား လှမ်းကြည့်နေကြ၏။

ဆိုင်ရှင်က ရှောင်ချူဖုံးနှင့် ဝမ်းယိုယုတို့အား ကြည့်လိုက်ရင်းမှ....

'သူ အဝတ်အစားလဲလို့ဗျ၊ လုံခြုံစိတ်ချရမယ့် နေရာရမလား'

ဆိုင်ရှင်က ခေါင်းညိတ်လိုက်သည်။

'ရပါတယ်၊ ကျုပ်အခန်းထဲမှာ သွားလဲပေါ့'

ရှောင်ချူဖုံးက....

'ကဲ... ခင်ဗျားသွားလဲချင်ရင် လဲလိုက်ပါလား'

ဝမ်းယိုယုက မတ်တတ်ရပ်လိုက်သည်။

ဆိုင်ရှင်အား ကြည့်လိုက်ရင်းမှ....

'ရှင့်အခန်းက ဘယ်မှာလဲ'

ဆိုင်ရှင်က...

'ကျုပ်နောက်က လိုက်ခဲ့ပါ'

ဝမ်းယိုယုက စကားတစ်ခွန်းမျှ မပြောတော့ဘဲ ဆိုင်ရှင်နောက်မှ လိုက်ပါသွားလေသည်။

* * *



ဆိုင်အနောက်ဘက်....

ဆိုင်အနောက်ဘက်သို့ ဆိုင်ရှင်က လမ်းပြခေါ်ဆောင်သွား၏။

ဆိုင်အရှေ့ဘက်၌ ကျယ်ဝန်းလှသော်လည်း အနောက်ဘက်အခန်းမှာ ကျဉ်းမြောင်းလှပေသည်။

ဝမ်းယိုယုမှာ ဆိုင်ရှင်နောက်မှလိုက်ပါရင်း ရှည်လျားသော လမ်းကလေးအတိုင်း အနောက်ဘက်သို့ ရောက်မှန်းမသိ ရောက်ရှိသွားလေသည်။

ယင်း ကျဉ်းမြောင်းလှသော လမ်းကလေး၏ တစ်ဖက်တွင် မီးဖိုချောင်နှင့် ထင်းလှောင်ခန်းရှိပြီး ကျန်တစ်ဖက်တွင် ဆိုင်ရှင်၏ အခန်းရှိလေသည်။

အနောက်ဘက်တွင် အလင်းရောင် မလုံလောက်သဖြင့် မှောင်နေလေသည်။

မိုးရွာသွန်းနေသောကြောင့် စိုထိုင်းထိုင်း အငွေ့အသက်များနှင့် ညှီစို့စို့အနံ့အသက်များ လွှမ်းမိုးနေ၏။

ဝမ်းယိုယုမှာ မသိမသာ နှာခေါင်းရှုံ့လိုက်မိသည်။

ဆိုင်ရှင်ကမူ အေးဆေးစွာပင် သူမအား တစ်ချက် ကြည့်လိုက်ပြီး အခန်းတစ်ခုအား ညွှန်ပြလိုက်လေသည်။

'ဟောဒီအခန်းထဲမှာ အဝတ်အစားလဲလို့ဖြစ်ပါတယ်'

ဝမ်းယိုယုက အခန်းအား တစ်ချက်ဝေ့ဝဲ၍ကြည့်လိုက်သည်။

ထိုမှတစ်ဖန် ဆိုင်ရှင်အား ကြည့်လိုက်ပြန်သည်။

ဆိုင်ရှင်က ခေါ်ထွက်နေသော သွားများကိုဖြဲပြလိုက်ရင်း....

'ဒီအခန်းထဲမှာ ဘယ်သူမှမရှိပါဘူး၊ မိန်းကလေးအတွက် ဆီတ်ချရပါတယ်'

ဝမ်းယိုယုက ခေါင်းညိတ်လိုက်လေသည်။

'ကောင်းပြီ၊ ရှင်သွားနိုင်ပြီ၊ ကျွန်မ အဝတ်အစားလဲလိုက်ဦးမယ်'

'တစ်ခုခု အဆင်သင့်လုပ်ထားပါ'

ဆိုင်ရှင်က ...

'စိတ်ချ အဆင်သင့်ဖြစ်စေရပါမယ်'

သူက စကားဆုံးသည်နှင့် မီးဖိုချောင်ဘက်သို့ လှမ်းဝင်သွားလေသည်။

* * *



ဝမ်းယိုယုက အခန်းတံခါးအား တွန်းလိုက်လေသည်။

အခန်းတံခါး ပွင့်သွားလေပြီ။

'ကျွီ...ကျွီ....ကျွီ'

တံခါးပတ္တာများ ဆီမရှိသောကြောင့် မြည်သံထွက်ပေါ်လာလေသည်။

ယင်းအသံမှာ ရုတ်တရက် ထွက်ပေါ်လာခြင်းကြောင့် ငှက်ဆိုးတစ်ကောင် အနားကပ်အော်မြည်လိုက်သကဲ့သို့ ရှိနေ၏။

ဝမ်းယိုယု ရင်ထိတ်သွားမိလေသည်။

သူမက အသက်ကို ပြင်းပြင်းရှူရင်းမှ ပွင့်သွားသော တံခါးမှတစ်ဆင့် အတွင်းဘက်သို့ လှမ်းဝင်လိုက်၏။

အတွင်းဘက်သို့ ခြေတစ်လှမ်းမျှ ဝင်လိုက်မိသည်နှင့်....

ဝမ်းယိုယု မျက်လုံးအစုံမှာ ပြူးကျယ်သွားလေသည်။

သူမက ရုတ်တရက် ထိတ်လန့်စွာ အော်ဟစ်လိုက်လေသည်။

'အား'

မိုးထဲလေထဲ၌ ရုတ်တရက် ထွက်ပေါ်လာသော သူမအသံက ရင်ထိတ်တုန်လှုပ်ဖွယ်ရာ ကောင်းလှသည်။

ရှောင်ချူဖုံးက ယင်းအသံအား ကြားလိုက်ရသောအခါ...

သူ၏တစ်ကိုယ်လုံး တောင့်တင်းသွားလေသည်။

ချက်ချင်းပင် ထိုင်ရာမှထ၍ ဆိုင်အနောက်ဘက်သို့ ပြေးဝင်သွားလေတော့သည်။

ဝမ်းယိုယု အသိတ်တသန့် အော်ဟစ်လိုက်ရင်းမှ အခန်းတွင်းမှ ရုတ်ခြည်းပြန်ဆုတ်သွားလေသည်။

ထိုအချိန် ရှောင်ချူဖုံးက အခြေးအလွှား ရောက်ရှိလာလေသည်။

သူက စိုးရိမ်သောလေသံဖြင့်....

'ညီမ... ညီမ ...ဘာဖြစ်လို့လဲ'

ဝမ်းယိုယုမှာ ထိတ်လန့်တုန်လှုပ်နေသဲပင်....

သို့သော် သူမက ရှောင်ချူဖုံးအား တွေ့လိုက်သောအခါ အားတက်သွားမိလေသည်။

သူမက အတွင်းဘက်သို့ ညွှန်ပြလိုက်ရင်းမှ....

'ဟို... ဟိုမှာ'



ရှောင်ချူဖုံးက အတွင်းဘက်သို့ လှမ်းကြည့်လိုက်၏။

အခန်းတွင်း၌ မှုန်ဝါးဝါး အလင်းရောင်သာ ရှိနေသည်။

ယင်းမီးရောင်ကြောင့် ကြမ်းပြင်ပေါ်တွင် ချထားသော အနက်ရောင်ခေါင်းနှစ်လုံးအား တွေ့မြင်လိုက်ရ၏။

ထိုခေါင်းနှစ်လုံးမှာ ထိုအိုးနှင့် လိုက်ဖက်စွာ ဟောင်းနွမ်းဆွေးမြည့်နေလေသည်။

အနက်ရောင်များက ယိုတစ်ကွက် သည်တစ်ကွက် ဖြစ်နေလေရာ ရင်ခုန်ဖွယ်ရာကောင်းလှပေသည်။

ရှောင်ချူဖုံးက မျက်လုံးပြူးကျယ်သွား၏။

'ဟောဗျာ၊ အခေါင်းတွေပါလား'

အခေါင်းနှစ်လုံး၏ဘေးတွင် စားပွဲခုံတစ်လုံး ချထားလေသည်။

ယင်းစားပွဲပေါ်တွင် စက္ကူဖြင့် ပြုလုပ်ထားသော လူရုပ်များ၊ အဆောက်အအုံများ၊ ငွေခဲ တစ်ခုနှင့် သေတ္တာများစသည့် ပစ္စည်းများကို တွေ့လိုက်ရသဖြင့် ရှောင်ချူဖုံးက အံ့သြသွားလေသည်။

အခန်းထဲ၌ ထူးခြားသည့်အခြေအနေကြောင့် ကြောက်မက်ဖွယ်ရာ ကောင်းနေလေတော့သည်။

ရှောင်ချူဖိုးက သက်ပြင်းချလိုက်လေတော့သည်။

သူက ဝမ်းယိုယုအား တစ်ချက်ကြည့်လိုက်ရင်းမှ....

'ညီမ ကြောက်နေသလား'

ဝမ်းယိုယုမှာ အမှန်ပင် ကြောက်ရွံ့တုန်လှုပ် နေမိလေသည်။

ဤနေရာမှာ ရှောင်ချူဖိုး ပြောသကဲ့သို့ သခ်ျိုင်းကုန်းနှင့် တစ်စထက်တစ်စတူနေပြီဟု သူ့စိတ်ထဲ၌ တွေးနေမိ၏။

သူမက ခေါင်းညိတ်လိုက်၏။

'ဟုတ်....ဟုတ်တယ်၊ ဒီအခန်းထဲမှာ ခုတင်လဲ မရှိပါလား'

ရှောင်ချူဖိုး သက်ပြင်းချလိုက်လေသည်။

ဝမ်းယိုယုမှာမူ မျက်နှာပျက်နေ၏။

သူမက အံကို တင်းတင်းကြိတ်လျက် ရင်ထဲမှကြောက်စိတ်များအား မောင်းထုတ်နေလေသည်။

ဆိုင်းလေးကမှာ နာမည်တစ်လုံးဖြင့် ကျင်လည်ကျက်စားနေသော လူတစ်ယောက်မှာ ဤမျှလောက် ကြောက်လန့်နေစရာ မလိုပါချေ။



သူမက ကြောက်ရွံ့နေလျှင် ရှောင်ချူဖိုးနှင့် ဆိုင်ရှင်တို့က အထင်သေးသွားမည်ကို စိုးရိမ်မိ၏။

သူမ ရင်ကိုကော့လိုက်သည်။

'ကျွန်မက ကြောက်လို့မဟုတ်ပါဘူး၊ ခုတင်မရှိလို့ အံ့ဩနေတာပါ'

ရှောင်ချူဖိုး ပခုံးတွန့်လိုက်လေသည်။

သူက ကျယ်လောင်သော အသံဖြင့်....

'ဗျို့....ဆိုင်ရှင်၊ ခဏလာပါဦးဗျ'

သူ၏ အသံထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် ဆိုင်ရှင် ရောက်ရှိလာလေသည်။

ဆိုင်ရှင်က သူတို့နှစ်ယောက်အား အကဲခတ်ကြည့်ရှုလိုက်ရင်းမှ....

'ဘာဖြစ်လို့ ကျုပ်ကို ခေါ်ရတာလဲ၊ ထမင်းဆာနေပြီလား၊ ခဏလောက်စောင့်ပါ၊ ထမင်းကျက်တော့မယ်ဗျ'

ရှောင်ချူဖိုး ခေါင်းခါယမ်းလိုက်လေသည်။

'ကျုပ်က ထမင်းစားဖို့မေးတာမဟုတ်ဘူး'

ဆိုင်ရှင်က မျက်မှောင်ကြုတ်သွား၏။

'ဒါဖြင့် ဘာကို မေးတာလဲ'

ရှောင်ချူဖုံးက အခန်းထဲသို့ လက်ညှိုးထိုးပြလိုက်၏။

'အခန်းထဲမှာ ခုတင်မရှိဘဲ ဘာဖြစ်လို့ အခေါင်းတွေကို ထားတာလဲဗျ၊ ခင်ဗျားက အခေါင်းထဲမှာ အိပ်တာလား'

ဆိုင်ရှင်က အားပါးတရ ရယ်မောလိုက်သည်။

'လူတွေဟာ အမှန်အတိုင်းတွေးကြည့်တတ်ရင် ခုတင်ပေါ်မှာ မအိပ်ဘဲ ခေါင်းထဲမှာ အိပ်ကြပါတယ်ဗျာ'

သူ၏စကားများက ထူးခြားလှပေသည်။

ရှောင်ချူဖုံးနှင့် ဝမ်းယိုယုတို့ အံ့ဩသွားမိ၏။

ရှောင်ချူဖုံးက....

'ဘာလဲ ခင်ဗျားဆိုလိုတာက လူတွေဟာ နောက်ဆုံးတော့ ခေါင်းထဲမှာ အိပ်ကြတယ်လို့ ဆိုလိုတာလား'

ဆိုင်ရှင်က ခေါင်းညိတ်လိုက်လေသည်။



'ဟုတ်တယ်၊ ခေါင်းထဲကို စောစောရောက်တာနဲ့ နောက်ကျရောက်တာ နှစ်မျိုးရှိတဲ့အနက် စောစောရောက်နေရင် ပို မကောင်းဘူးလား'

ရှောင်ချူဖုံးက သက်ပြင်းချလိုက်သည်။

ဆိုင်ရှင်မှာ ထူးခြားသူတစ်ဦးဖြစ်ကြောင်း သူ နားလည် သိရှိလိုက်မိလေသည်။

ရှောင်ချူဖုံးက စားပွဲပေါ်၌ရှိနေသော စက္ကူရုပ်များကို လက်ညှိုးညွှန်ပြလိုက်လေသည်။

'ဒီစက္ကူရုပ်တွေကကော ဘာသဘောလဲဗျ'

ဆိုင်ရှင်က ပခုံးတစ်ချက်တွန့်လိုက်၏။

'မင်းသိချင်လို့လား'

'ဟုတ်တယ်'

ဆိုင်ရှင်က ပြုံးလိုက်သည်။

'ကျုပ်က မင်းကို ပြောပြချင်ပါတယ်၊ ဒါပေမယ့်....'

သူက စကားအား တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလိုက်လေသည်။

ရှောင်ချူဖုံး မျက်မှောင်ကြုတ်လိုက်သည်။

'ဒါပေမယ့် ဘာဖြစ်သလဲ'

ဆိုင်ရှင်က....

'ကျုပ်သဘောနဲ့ မပြီးဘူးဗျ၊ ကျုပ်ပြောချင်ပေမယ့် ပြောခွင့် မရှိပါဘူး'

ရှောင်ချူဖုံး အံ့ဩသွားလေသည်။

သူက ဆိုင်ရှင်အား စိုက်ကြည့်၍ ထပ်မံမေးရန် ဟန်ပြင်လိုက်စဉ် ဝမ်းယိုယုက ကြားဖြတ်မေးလိုက်လေသည်။

'ရှင့်သဘောနဲ့ ပြောလို့မဖြစ်ရင် ဘယ်သူ့သဘောနဲ့ ပြောလို့ဖြစ်မလဲ၊ ရှင့်ကို အဲဒီလူက အတင်းအကျပ် ပိတ်ပင်ထားလို့လား'

ဆိုင်ရှင်က ပခုံးတစ်ချက်တွန့်လိုက်၏။

'အမှန်အတိုင်း ပြောရရင် ကျုပ်လဲ သိပ်နားမလည်ဘူး၊ ကျုပ်သဘောနဲ့ ပြောလို့မဖြစ်ဘူးဆိုတာ ကျုပ်ကိုယ်တိုင် နားမလည်တာလဲ ပါတယ်'

ရှောင်ချူဖုံးက သူ့အား စိုက်ကြည့်နေရင်းမှ....



'နေပါဦး၊ ဒီပစ္စည်းကို ခင်ဗျားဘာသာ ထားတာမဟုတ်လား၊ တစ်ခုခုတော့ ခင်ဗျားသိရမှာပေါ့'

ဆိုင်ရှင်က ခေါင်းခါယမ်းလိုက်လေသည်။

'ကျုပ်ထားတာမဟုတ်ပါဘူး'

ရှောင်ချူဖုံးက ...

'ဒါဖြင့် ဘယ်သူက ထားသွားတာလဲ'

ဆိုင်ရှင်က....

'ကျုပ်သားတစ်ယောက် လာထားသွားတာပါ'

ယခုမှ ရှောင်ချူဖုံးနှင့် ဝမ်းယိုယုတို့ ဆိုင်ရှင်၌ သား တစ်ယောက် ရှိနေကြောင်း သိရှိလိုက်လေသည်။

ရှောင်ချူဖုံးက ဆိုင်ရှင်သို့တစ်လှည့် အခန်းတွင်းသို့တစ်လှည့် ကြည့်လိုက်လေသည်။

'ခင်ဗျားသားက ဘာသဘောနဲ့ လာထားသွားတာလဲ'

ဆိုင်ရှင်က ခေါင်းခါယမ်းလိုက်လေသည်။

'ဒါတော့ ကျုပ်မသိဘူး'

ဝမ်းယိုယုက မဲ့ပြုံးပြုံးလိုက်၏။

'ဒီအခန်းက ရှင့်အခန်းမဟုတ်ဘူးလား'

ဆိုင်ရှင်က....

'ဟုတ်ပါတယ်'

ဝမ်းယိုယုက....

'ဒီအခန်းထဲမှာ ခုတင်မရှိဘဲ ရှင်က ခေါင်းထဲမှာ အိပ်တယ်ပေါ့'

ဆိုင်ရှင်က....

'ဟုတ်ပါတယ်'

ဝမ်းယိုယုက....

'ရှင် ဒီလိုအိပ်တာ ဘယ်လောက်ကြာပြီလဲ'

ဆိုင်ရှင်က ပြုံးလိုက်သည်။

'ဟုတ်တယ်၊ ကျုပ် ခေါင်းထဲမှာအိပ်တာ ဆယ်နှစ် ကျော်သွားပါပြီ၊ ဒါကြောင့် အကျင့်ရနေပါပြီ'

သူက စကားဆက်လိုက်ပြန်၏။



'ငယ်ရှင် ခင်ဗျားတို့ ဝင်ပြီးအိပ်ကြည့်ပါလား'

ဝမ်းယိုယုက....

'ရှင်သေရင် အိပ်မေပါ့'

ဟု စိတ်ထဲမှ တီးတိုးရေရွတ်လိုက်သည်။

သို့သော် သူ၏နှုတ်ဖျားကမူ....

'ဒါထက် ရှင့်နာမည်က ခူးမင်းဟုတ်လား'

ဆိုင်ရှင်က ပြုံးလိုက်လေသည်။

'ဟုတ်တယ်လို့ ပြောရင် ရပါတယ်'

သူက ယင်းသို့ ပြောနေသော်လည်း နာမည်ရင်းအား မပြောပါချေ။

ရုတ်တရက် ဝေ့လည်ကြောင်ပတ်ဖြင့် စကားလမ်းကြောင်း လွှဲလိုက်လေသည်။

'ကဲ... ခေါင်းထဲမှာ မအိပ်ချင်ဘူးဆိုရင် ထင်းထားတဲ့အခန်းထဲမှာ သွားအိပ်ပေါ့'

ဝမ်းယိုယုမှာ အမှန်ပင် ကြောက်လန့်နေလေပြီ။

သူမက ခေါင်းကို ဆတ်ခနဲ ညိတ်ပိုက်လေသည်၊

'ကောင်းပြီ၊ ထင်းထားတဲ့အခန်းကိုပဲ ကျွန်မယူတော့မယ်'

ဆိုင်ရှင်က သူမအား စေ့စေ့ကြည့်လိုက်သည်။

သူက အေးတိအေးစက် လေသံဖြင့်....

'ခင်ဗျား အိပ်စရာနေရာ ရပြီဆိုရင် ကျုပ်ကို ခွင့်ပြုပါဦး၊ ကျုပ် ထမင်းစားဖို့ စီစဉ်ရဦးမယ်'

ဝမ်းယိုယုနှင့် ရှောင်ချူဖုံးတို့က ပြိုင်တူဦး ညွတ်လိုက်ကြလေသည်။

ဆိုင်ရှင်က ချာခနဲလှည့်ကာ ထွက်ခွာသွား၏၊

ရှောင်ချူဖုံးက ဆိုင်ရှင် ကွယ်ပျောက်သွားတော့မှ ...

'ကဲ...ညီမ၊ ကျုပ်အပြင်မှာစောင့်နေပါ့မယ်၊ အဝတ်အစား လဲပြီးရင် အပြင်ဘက်ထွက်ခဲ့ပေါ့'

ရှောင်ချူဖုံးက စကားဆုံးသည်နှင့် ထွက်ခွာသွား၏၊

ဝမ်းယိုယုက ထင်းသိုလှောင်ရာ အခန်းထဲသို့ဝင်ပြီး အဝတ်အစားများ လဲလှယ်လိုက်လေသည်။

အခန်း (၂)

ဧည့်သည်များ

ဝမ်းယိုယုမှာ အဝတ်အစား လဲလှယ်ပြီးချေပြီ။

သူမ၏ ကိုယ်ပေါ်မှ ချွတ်ထားသော အဝတ်အစားများအား ရေညှစ်ကာ အခန်းထဲ၌ လှမ်းလိုက်၏။

ရှောင်ချူဖုံး၏ အင်္ကျီအဝတ်အစားများမှာ သူမ၏ ခန္ဓာကိုယ်ထက် ကြီးမားနေသဖြင့် ပွယောင်းယောင်း ဖြစ်နေ၏။

ရုတ်တရက်ကြည့်ပါက သူမမှာ မိန်းကလေးတစ်ယောက်နှင့်မတူ ယောကျ်ားလေးတစ်ယောက် ပုံသဏ္ဌာန်နှင့်တူနေ၏။

သူမက အစာတ်အစားများအား သပ်ရပ်အောင် မြှုပြင် လိုက်၏။

ထို့နောက် ထင်းသိုလှောင်ခန်းထဲမှ အပြင်သို့ လှမ်းထွက် လာ၏။

အပြင်သို့ရောက်သောအခါ ဆိုင်ကလေးထဲ၌ ဧည့်သည်များ ထပ်မံရောက်ရှိနေသည်ကို တွေ့ရှိလိုက်ရ၏။

* * *

အပြင်ဘက်၌ ညဥ့်နက်လှပြီ ဖြစ်သည်။

ထို့ပြင် မိုးလေ သည်းထန်နေ၏။

ယခုလို အချိန်မျိုး၌ ဤလူသူမနီးသော ဆိုင်ကလေးထဲသို့ ဧည့်သည်များ မည်သို့ ထပ်မံရောက်ရှိလာပါသနည်း။

ဝမ်းယိုယု အံ့ဩနေမိလေသည်။

ဧည့်သည်များမှာ စားပွဲနှစ်လုံးတွင် နေရာယူထားကြလေ သည်။



ရှောင်ချူဖုံးမှာလည်း ထိုလူများနှင့်ရောနှောကာ စကား စမြည် ပြောနေလေသည်။

ဝမ်းယိုယု ထွက်လာသည်ကို မြင်တွေ့လိုက်ရသော အခါ သူက ပြုံးပြလိုက်သည်။

ရှောင်ချူဖုံးက....

'လာ... ညီမ၊ ဒီမှာ ညီမထိုင်ဖို့ ကုလားထိုင် အသင့်ပြင်ထား တယ်'

သူက ပြောရင်းမှ ကုလားထိုင်တစ်လုံးအား ညွှန်ပြလိုက် လေသည်။

စားပွဲနှစ်လုံးတွင် ဝိုင်းဖွဲ့ထိုင်နေကြသော သူများမှာ ထွက် လာသော ဝမ်းယိုယုအား အကဲခတ်ကြည့်ရှုနေလေသည်။

ထို့ကြောင့် သူက ရှေ့သို့လျှောက်လာသော ရှောင်ချူဖုံး ရှေ့ရှိ ကုလားထိုင်ပေါ်၌ ထိုင်ချလိုက်လေသည်။

ထိုစဉ် လူတစ်ယောက်က အာ့ပါးတရ ရယ်မောလိုက်၏။

'ဟောဗျာ မိန်းကလေးပါလား၊ ကျုပ်က ယောကျ်ားလေး မှတ်လို့၊ ဒီလိုနေရာမျိုးမှာ မိန်းကလေးရှိနေတာ သဘောကျ စရာပဲဗျို့'

သူ၏စကားကြောင့် ကျန်လူများကသည်း အားပါးတရ လိုက်လံရယ်မောကြလေသည်။

ဝမ်းယိုယုက ယခုကဲ့သို့ လှောင်ပြောင်ခြင်းခံရ၍ ဒေါသ ခြောင်းခြောင်း ထွက်သွားသည်။

ထိုင်နေရာမှ ဆတ်ခနဲထကာ....

'ဒီမှာ ရှင်စကားပြောတာ ကြည့်ပြောပါ၊ ယဉ်ကျေးတဲ့ လူတစ်ယောက်ဆိုရင် တိရစ္ဆာန်စကား မပြောပါနဲ့'

ဝမ်းယိုယုအား လှောင်ပြောင်ရယ်မောသူမှာ ယခုကဲ့သို့ တုံ့ပြန်ခြင်း ခံလိုက်ရသဖြင့် မျက်နှာတစ်ခုလုံး နီရဲသွားလေ သည်။

'ခင်ဗျား ကျုပ်ကို တိရစ္ဆာန်နဲ့ နှိုင်းတာလား'

ဝမ်းယိုယုက....

'ရှင် ထင်ချင်သလို ထင်ပေါ့'

သူမ၏စကားကြောင့် ထိုလူက ခံပြင်းလာသည်။

ထိုလူက သူမအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ရင်းမှ...

'ကျုပ်ကို စော်ကားမိတဲ့အတွက် ခင်ဗျား နောင်တရစေရ မယ်'



သူက စကားဆုံးသည်နှင့် ထိုင်ရာမှထလိုက်၏။

ဝမ်းယိုယုက ခါးကြားမှဓားမြှောင်တိုအား ဆွဲထုတ်လိုက် လေသည်။

'ဘယ်သူနောင်တရမလဲ ကြည့်ကြသေးတာပေါ့'

သူတို့နှစ်ယောက်အခြေအနေမှာ ရုတ်ခြည်းတင်းမာသွား၏။

ယခုချက်ချင်း စားသောက်ဆိုင်အတွင်းမှာပင် တိုက်ပွဲဖြစ် ပွားမည့်လက္ခဏာ ဖြစ်ပေါ်လာ၏။

ရှောင်ချူဖုံးက သက်ပြင်းချလိုက်သည်။

ဝမ်းယိုယုက သူတစ်ပါးနှင့် ရင်ဆိုင်တိုက်ခိုက်မည်ကို သူက မလိုလားပါချေ။

ထို့ကြောင့် သူက အခြေအနေ ထိန်းပေးသည့်သဘောဖြင့် ထိုင်ရာမှထလိုက်၏။

'ဒီမယ် ကျုပ်က ဒ်မိန်းကလေးနဲ့ မိတ်ဆက်ပေးပါရစေ ဗျာ'

သူ၏စကားကြောင့် ထိုင်နေသူအားလုံး ကြောင်တက်အမ်း ဖြစ်သွားကြလေသည်။

တိုက်ပွဲဖြစ်လုချိန်၌ ရှောင်ချူဖုံးက ပေါ်ခကြောင်ကြောင် စကားများ ပြောနေသည်ဟု သူတို့က ထင်လိုက်၏။

ထို့ပြင် ဝမ်းယိုယုနှင့် ခန္ဓာကိုယ် သန်မာထွားကျိုင်းသော လူ၏ တိုက်ပွဲအား အနှောင့်အယှက်ပေးသည်ဟု ဖြစ်တင်ပြောဆိုရန် ဟန်ပြင်လိုက်လေသည်။

ရှောင်ချူဖုံးက ဝမ်းယိုယုအား လက်သိုးဆိုးပြလိုက်ချင်းမှ စကားကို သူတို့ထက် လျင်စွာ ပြောချလိုက်သည်။

'ဟောဒီမိန်းကလေးကတော့ သိုင်းလောကမှာ အဖြူရောင်မြင်းနဲ့ အနီရောင်မိန်းကလေးလို့ ကျော်ကြားနေတဲ့ ဝမ်းယိုယု ပါပဲ'

သူ၏စကားကြားလိုက်သည်နှင့် ခန္ဓာကိုယ် ထွားကျိုင်းသန်မာသော လူများ၏ မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

ခန္ဓာကိုယ် ထွားကျိုင်းသန်မာသောလူက...

'အနီရောင်မိန်းကလေးနဲ့ အဖြူရောင်မြင်း ဟုတ်လား'

'ဟုတ်ပါတယ်'

သူ၏စကားကြောင့် ခန္ဓာကိုယ် သန်မာထွားကျိုင်းသော လူက ကပျာကယာ မတ်တတ်ရပ်လိုက်ကြသည်။



သူက မိန်းကလေးနှင့်ယှဉ်ပြိုင်တိုက်ခိုက်ရန် ဟန်ပြင်နေသော လူအား တစ်ချက်ကြည့်ကာ အော်ငေါက်လိုက်၏။

'မင်း မိန်းကလေးကို သွားပြီး နောက်ပြောင်မိတယ် မဟုတ်လား၊ အချိန်ရှိတုန်း တောင်းပန်လိုက်ပါ'

မိန်းကလေးနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် ဟန်ပြင်နေသူက ကပျာကယာ ဦးညွှတ်လိုက်သည်။

'ခင်ဗျားမှန်းမသိလို့ကျုပ်ပြောမိတာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်'

ဝမ်းယိုယုကမဲ့ပြုံးပြုံးလိုက်လေသည်။

သူမက အေးစက်သောလေသံဖြင့်...

'ရှင်ပြောပြီးမှ တောင်းပန်ချင်လို့ ရမလား'

သူမ၏စကားကြောင့် လူအားလုံးတို့၏မျက်နှာ ကွက်ခနဲ ပျက်သွားကြလေသည်။

ရှောင်ချူဖုံးက....

'ညီမမှန်းမသိလို့ သူတို့ပြောတာပဲ၊ ခွင့်လွှတ်လိုက်ပါကွာ'

ဝမ်းယိုယုက ပါးစပ်ပိတ်ထားလေသည်။

ကျန်လူများကပါ ဝိုင်း၍ ပြောဆိုလိုက်၏။

'ဟုတ်ပါတယ်ကွာ၊ ကျေနပ်လိုက်ပါ'

ဝမ်းယိုယုမှာ ကျေနပ်လိုက်လေသည်။

သူမ၏ ကျော်ကြားမှုအတွက်လည်း ဂုဏ်ယူနေမိ၏။

သူမက အားလုံးအား တစ်ချက်ဝေ့ကြည့်လိုက်ရင်းမှ တင်းမာသော လေသံဖြင့်....

'ကောင်းပြီလေ၊ ဒီတစ်ခါ ရှင်တို့မသိတဲ့အတွက် ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါဆိုရင် မလွယ်ဘူးမှတ်ပါ'

ဝမ်းယိုယုစကားကြောင့် လူအားလုံး စိတ်သက်သာရာရသွားကြလေသည်။

ပထမဆုံး ဝမ်းယိုယုအား လှောင်ပြောင်မိသူက....

'ခင်ဗျားတို့ စားချင်တာ မှာစားကြပါ၊ ကျုပ်က အားလုံးအတွက် ဒကာခံပါတယ်'

လူတစ်ယောက်က...

'အို... ဒီနေရာမှာ ဘာစားစရာရှိလို့လဲ'



ရှောင်ချူဖိုးက ကြားဖြတ်လိုက်သည်။

'ဘာပဲဖြစ်ဖြစ် ကောင်းချင်ကောင်း မကောင်းချင်နေ၊ မှာစားရမှာပဲဗျ၊ ဒီနေရာမှာ စားစရာရနိုင်တာဆိုလို့ ဒီမှာပဲ ရှိနိုင်မယ် မဟုတ်လား'

ပထမလူက စားပွဲအား လက်ဝါးဖြင့် ပုတ်လိုက်ရင်းမှ...

'ဟေ့.... ဆိုင်ရှင် ကျုပ်တို့ကို စားစရာ ယူလာပေးစမ်း မြန်မြန်လာခဲ့ပါ'

သူ၏စကားနှင့် မရှေးမနှောင်းမှာပင်....

'လာပြီဗျို့၊ လာပြီ'

မောင်းကွဲသံနှင့်ဆင်သော အသံတစ်ခု ထွက်ပေါ်လာသည်။

တစ်ဆက်တည်းမှာပင် အလွန် အရုပ်ဆိုး အကျည်းတန်လှသော အဘွားအိုတစ်ယောက်က လင်ဗန်းတစ်ချပ်ကို ကိုင်ဆောင်လာကာ ဆိုင်နောက်ဘက်မှ ထွက်လာလေတော့သည်။

* * *

အဘွားအို၏ရှပ်ရည်မှာ ဆိုင်ရှင်ထက် ဆိုးဝါးလှသည်။

ထို့ကြောင့် လူအားလုံးက ဟာခနဲ ဖြစ်သွားရ၏။

သို့သော်....

သူတို့အားလုံးက ချက်ချင်းပင် ဣန္ဒြေဆည်ကာ ဟန်မပျက်နေလိုက်ကြသည်။

အဘွားအိုက လင်ပန်းအား စားပွဲပေါ်သို့ ချပေးလိုက်၏။

လင်ဗန်းထဲ၌ ကြက်သားဟင်းအပြင် တခြားဟင်း သုံးလေးမျိုး ပါရှိနေလေသည်။

မွှေးကြိုင်သင်းပျံ့သော ရနံ့ထွက်ပေါ်နေပြီး အငွေ့တထောင်းထောင်းထနေသည်မှာ စားချင်ဖွယ်ရာ ကောင်းလှ၏။

လူတစ်ယောက်က အဘွားအိုအား ကြည့်လိုက်သည်။

'ကြက်သားဟင်း ဒါ အကုန်ပဲလား'

အဘွားအိုက ပြုံးလိုက်သည်။

'ရှိပါသေးတယ်'



ထိုလူက....

'ကြက်သားဟင်းက နည်းနေတယ်၊ နောက်ထပ် ယူလာပေးပါဦး၊ ကျုပ်တို့ စားလို့လောက်မှာမဟုတ်ဘူး'

အဘွားအိုက....

'မင်းက ငွေတတ်နိုင်လို့လား'

ထိုလူက မျက်မှောင်ကြုတ်သွား၏။

'ဘာဖြစ်လို့လဲ'

အဘွားအိုက...

'ကြက်သားဟင်းက ဈေးကြီးတယ်ကွယ့်'

ထိုလူက....

'ဟင်းတစ်ခွက် ဘယ်လောက်မို့လဲ'

အဘွားအိုက....

'တစ်ခွက်ကို ငွေငါးကျပ်သား'

ထိုလူက မျက်လုံးပြူးသွားသည်။

'ဗျာ....တစ်ခွက်ကို ငါးကျပ်သား'

အဘွားအိုက....

'ဟုတ်တယ်'

ထိုလူ၏ မျက်နှာ ရှုံ့မဲ့သွားသည်။

'ခင်ဗျားဟင်းက ဈေးကြီးလွန်းဘူးလား'

အဘွားအိုက လေသံပြတ်ဖြင့်....

'ဈေးကြီးဘယ်တင်ရပ် မစားကြနဲ့ပေါ့'

'အခုလိုအချိန်မျိုးမှာ ဒီလိုနေရာမျိုးမှာ ကြက်သားဟင်း စားရတာ ကံကောင်းလှပြီလို့မှတ်'

ထိုလူမှာ မတတ်နိုင်တော့ပါချေ။

သူက သက်ပြင်းတစ်ချက်ကို ချလိုက်ရင်းမှ....

'ကောင်းပြီလေ၊ ဈေးကြီးပေးစားရတော့မှာပဲ၊ နောက်ထပ် ယူလာပေးပါဦး'

အဘွားအိုက ပြုံးလိုက်လေသည်။



'စိတ်ချ၊ မင်းတို့စားနိုင်သလောက် ရပါစေ့မယ်'

သူမက ပြောရင်း ရယ်မောလိုက်လေသည်။

ထိုသို့ ရယ်မောလိုက်သောအခါ အဘွားအို၏ မျက်နှာမှာ ကြောက်စရာ ပိုကောင်းလှပေသည်။

သူမ၏ ရယ်မောသံတွင်လည်း လျှို့ဝှက်ချက်များ သိပ်သည်းစွာ ပါဝင်နေလေသည်။

ထိုစဉ် ဆိုင်ရှင်က စားသောက်ဖွယ်ရာများ ထည့်ထားသော ဗန်းကလေးတစ်ချပ်အား ကိုင်ဆောင်ကာ နောက်မှ ထွက်လာလေတော့သည်။

* * *

စားပွဲပေါ်၌ ဟင်းပန်းကန်များ စုံလင်လှသည်။

ဆိုင်ရှင်က ချောင်းတဟွတ်ဟွတ်ဆိုးရင်း ရပ်နေ၏။

အဘွားအိုက အဘိုးအိုအနီး၌ ရပ်နေလေသည်။

စားသောက်ဖွယ်ရာများ ချ ထား ပေးပြီး သော် လည်း မည်သူမျှ မစားကြသေးပါချေ။

လူတစ်ယောက်က စကားစတင်လိုက်သည်။

'ကဲ....စားစရာတွေ ရောက်လာပြီ၊ စားကြစို့ဗျာ'

'ကျုပ်က ဗိုက်ဆာနေပြီဗျ'

သူက စကားဆုံးသည်နှင့် ဟင်းခွက်များကို လက်နှိုက်ရန် လက်ပြင်လိုက်လေသည်။

အဘွားအိုက ရုတ်ခြည်း ရှေ့သို့လှမ်းထွက်ကာ ဟန့်တားလိုက်လေသည်။

'မင်းတို့ စားလို့မဖြစ်သေးဘူး'

ထိုလူက မျက်မှောင်ကြုတ်သွားလေသည်။

'ဘာဖြစ်လို့လဲ'

အဘွားအိုက ပြုံးလျက်....

'စားစရာတွေအတွက် ငွေအရင်ချေပြီးမှ စားလို့ရမယ်'

လူအများ မကျေမနပ် ဖြစ်သွားလေသည်။



သို့သော် စကားတစ်လုံးမျှ မပြောဘဲ ကိုယ်တိုင်ကိုယ်င အိတ်ထဲမှ ငွေတုံးကလေးများအား နှိုက်ယူလိုက်ကြသည်။

ဝမ်းယိုယုက ရုတ်တရက် ကြားဖြတ်ပြောလိုက်သည်။

'ရှင်တို့ ငွေထုတ်မနေပါနဲ့၊ မိတ်ဖြစ်ဆွေဖြစ် ကျွန်မက အကုန်အကျခံပါ့မယ်'

သူမက ငွေတုံးကလေးများအား နှိုက်ယူကာ အဘွားအိုအား ပေးလိုက်လေသည်။

အဘွားအိုက ငွေတုံးကလေးများအား သေချာစွာစစ်ဆေးကြည့်ရှုလိုက်လေသည်။

ထို့နောက် ခေါင်းတညိတ်ညိတ်ဖြင့်....

'ကောင်းပါပြီ၊ အခု ဟင်းလျာတွေကို မင်းတို့ စားလို့ရပါပြီ'

အဘွားအိုစကား ဆုံးသောအခါ အဘိုးအိုအား မျက်ရိပ်ပြကာ ဆိုင်အနောက်ဘက်သို့ ဝင်သွားလေသည်။

ဆိုင်ရှင်အဘိုးအိုလည်းလူအားလုံးကိုတစ်ချက်ဝေ့ကြည့်ကာ ဆိုင်အနောက်ဘက်သို့ ဝင်သွားလေတော့သည်။

* * *

ဆိုင်ရှင် အဘိုးအိုနှင့် အဘွားအိုက ဆိုင်နောက်ဘက်သို့ဝင်သွားလေပြီ။

ဆိုင်ထဲ၌ စားသောက်နေသူ ရှစ်ယောက်တိတိ ရှိလေသည်။

သူတို့သည် အဘိုးအိုနှင့်အဘွားအိုချပေးသော စားသောက်ဖွယ်ရာများကို အားပါးတရ စားသောက်နေလေသည်။

ဝမ်းယိုယုက ယင်းအဘိုးအိုနှင့် အဘွားအိုမှာ အကြင်လင်မယား ဖြစ်ရမည်ဟု ခန့်မှန်းလိုက်လေသည်။

သူတို့နှစ်ယောက်၏ လှုပ်ရှားမှုမှာလည်း ထူးခြားနေသည်ဟု ထင်လိုက်မိလေသည်။

သို့သော် သူမက ကြာရှည်မစဉ်းစားနိုင်ပါချေ။

ဗိုက်ဆာနေပြီဖြစ်သဖြင့် စားသောက်ဖွယ်ရာများကို ယူငင်စားသောက်လိုက်လေသည်။

မည်သို့ဆိုစေ၊ သူမက ရှောင်ချူဖုံးလောက် မစားနိုင်ပါချေ။

ဟင်းခွက်စေ့ရန် ဟိုနည်းနည်း သည်နည်းနည်းသာ စားလိုက်လေသည်။

ရှောင်ချူဖုံးမှာမူ အားပါးတရ စားသောက်နေ၏။

* * *



မိုးသည်းထန်စွာ ရွာသွန်းနေဆဲ…

ဆိုင်ရှင်အဘိုးအိုနှင့် အဘွားအိုမှာ ဆိုင်နောက်ဘက်သို့ ဝင်ရောက်သွားပြီးလျှင်….

စားသောက်နေသူများ၏ လိုအပ်ချက်တို့ကို လုံးဝ လာမမေးပါချေ။

သူတို့ချပေးထားသောစားသောက်ဖွယ်ရာများမှာ အားလုံးအတွက် လုံလောက်သည်ဟု ယူဆသားပုံရ၏။

လူအားလုံးမှာ ဗိုက်ဆာနေသဖြင့် ခေါင်းငုံ့ကာ စားသောက်ဖွယ်ရာများကို အားပါးတရ စားသောက်နေသည်။

ထိုစဉ် တစ်ယောက်က ကြမ်းပြင်ပေါ်၌ ချထားသော သံဇလုံကို အမှတ်မထင် သတိပြုမိသွားလေသည်။

အိမ်နောက်ဖေးမှ ယိုစီးကျလာသော မိုးရေစက်များကို ခံထားသည့် သံဇလုံမှာ ရေပြည့်နေချေပြီ။

ခေါင်မိုးပေါ်မှ ဇလုံထဲသို့ ရေတို့ထိမှန်ကာ တစ်ပေါက်ပေါက် မြည်သံထွက်ပေါ်နေပြီး မိုးရေတို့မှာလည်း ကြမ်းပြင်ပေါ် ပြည့်လျှံစိုရွှဲနေ၏။

ယင်းသံဇလုံအား သတိပြုမိသူမှာ ခန္ဓာကိုယ်ပိန်ပိန်ပါးပါး လူတစ်ယောက်ဖြစ်သည်။

မိုးရေများ ကြမ်းပြင်ပေါ်၌ စိုရွှဲနေခြင်းကို ဆိုင်ရှင်က ကြိုက်နှစ်သက်မည်မဟုတ်ဟု စဉ်းစားလိုက်မိသည်။

သို့သော် အဘယ့်ကြောင့် သံဇလုံကို လာမယူပါသနည်း။

သံဇလုံထဲမှ မိုးရေအား သွန်ပစ်ကာ အသစ်တစ်ဖန် မိုးရေခံထားရဦးမည် မဟုတ်ပါလော။

ထိုလူက ဆိုင်အနောက်ဘက်အား လှမ်းကြည့်ရင်းမှ အော်လိုက်လေသည်။

'ဆိုင်ရှင်တွေ ဘယ်သွားနေကြသလဲမသိဘူး'

သူက ပြောရင်း ထိုင်ရာမှထကာ သံဇလုံအနီးသို့ လျှောက်သွားလေသည်။

ထို့နောက် သံဇလုံအား မယူကာ ဆိုင်အနောက်ဘက်သို့ လှမ်းဝင်သွားလေသည်။

မကြာပါချေ။

ထိုလူ ပြန်ထွက်လာ၏။

သူ၏မျက်နှာပေါ်တွင် ဝေခွဲမရသည့် အရိပ်အယောင်လည်း ထွက်ပေါ်နေပြီး လက်ထဲ၌ ရေသွန်ပြီးသား ရေဇလုံကို ကိုင်ထားလေသည်။



သူသည် သံဇလုံအား မူလနေရာ၌ ပြန်ချထားလိုက်ပြီး သူ့နေရာတွင် ပြန်လည်ထိုင်ချလိုက်၏။

တခြားသူများက သူ့အား လုံးဝဂရုမစိုက်ကြပါချေ။

စားသောက်ဖွယ်ရာများကိုသာ စားသောက်နေကြလေသည်။

ထိုလူမှာ ကျန်လူများအားကြည့်ရင်း တစ်စုံတစ်ခုပြောနေချင်ဟန် သဘောရှိနေ၏။

သို့သော် ရုတ်တရက် ပြောမထွက်ဘဲ တုံ့ဆိုင်းဆိုင်း ဖြစ်နေ၏။

သူ၏အမူအရာကို သူ့ဘေး၌ထိုင်နေသူတစ်ဦးက အမှတ်မထင် တွေ့မြင်လိုက်လေသည်။

ထို့ကြောင့် မျက်မှောင်ကြုတ်လိုက်ပြီး....

'မင်း ဘာဖြစ်နေတာလဲ'

ထိုသူက....

'ကျုပ် ဆိုင်အနောက်ဘက်ကို ရောက်ခဲ့ပြီးပြီ၊ ဆိုင်ရှင်လင်မယားကို လုံးဝမတွေ့ဘူးဗျ'

နံဘေး၌ ထိုင်နေသူက ပေါ့ပေါ့တန်တန် သဘောထား လိုက်လေသည်။

'အို...သူတို့ တစ်နေရာရာမှာ ရှိမှာပေါ့'

ထိုလူက....

'မဟုတ်ဘူးဗျ၊ ကျုပ် သေသေချာချာ ရှာကြည့်ပြီးပြီ၊ မတွေ့ဘူးဗျ'

သူ့နံဘေး၌ ထိုင်နေသူက စိတ်မရှည်တော့ပါချေ။

'ဟာ စားမှာသာစားစမ်းပါကွာ၊ သူတို့ ဘယ်သွားသွား တို့အလုပ်မဟုတ်ပါဘူး'

သူတို့နှစ်ဦး အချေအချ ပြောနေသည့် စကားများ ကြား လိုက်ရသောအခါ...

ဝမ်းယိုယုနှင့် ရှောင်ချူဖုံးတို့ တစ်ယောက်မျက်နှာ တစ် ယောက် ပြိုင်တူကြည့်လိုက်ကြသည်။

သူတို့၏အကြည့်၌ အဓိပ္ပာယ်များစွာ ပါဝင်သည်။

မှန်ပေသည်။



သူတို့က ဆိုင်ရှင်လင်မယား ခေါင်းထဲ၌ သွားအိပ်နေသည် ဟု ယူဆလိုက်မိသည် မဟုတ်ပါလော။

သံဇလုံ ရေသွားသွန်သည့်လူက သူ့စကားအား ဆက်မပြော တော့ဘဲ ခေါင်းငုံ့ကာ စားသောက်လိုက်လေသည်။

စကားသံရပ်သွားသည်နှင့် ဆိုင်အတွင်း၌ တိတ်ဆိတ် ငြိမ် သက် သွားလေတော့သည်။

* * *

'ဂျိမ်း...ဒလိန်း...ဒလိန်း'

မိုးခြိမ်းသံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

'ဝေါ...ဝေါ'

လေပြင်းများကလည်း ပြင်းထန်စွာ တိုက်ခတ်လာသည်။

ဆိုင်အပြင်ဘက်၌ ကမ္ဘာပျက်သည့်အလား မိုးသည်းထန်စွာ ရွာသွန်းနေသည်။

ထိုသော် ဆိုင်ကလေးအတွင်းဘက်၌မူ တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေလေသည်။

သံဇလုံထဲသို့ မိုးရေကျသံက စည်းချက်ဝါးချက်ညီညီ ထွက်ပေါ်နေသည်မှအပ တခြားအသံဗလံ မကြားရပါချေ။

ဝမ်းယိုယုနှင့် ရှောင်ချူဖုံးတို့မှာ စားသောက်နေရာမှ ရပ်တန့်လိုက်ကြပြီ ဖြစ်သည်။

သူတို့ ဆက်၍ စားလိုစိတ် မရှိတော့ပါချေ။

အခြေအနေမှာ တစ်ခုခု ထူးခြားချက်ရှိနေပြီဖြစ်ကြောင်း သဘောပေါက်သွားကြ၏။

ထို့ကြောင့် သတိကြီးစွာသားကာ နားနှင့်မျက်စိကို အစွမ်းကုန် ဖွင့်ထားရင်းမှ ပတ်ဝန်းကျင်အား အကဲခတ်နေလေသည်။

ကျန်လူ ခြောက်ယောက်မှာမူ မည်သည်ကိုမှ မသိသည့်အလား အေးအေးစွာ စားသောက်နေကြလေသည်။

ထိုစဉ် တံခါးကြားမှ လေတစ်ချက် တိုးဝင်လာလေသည်။

'ဖုတ်'

အခန်းတစ်ခုလုံး မှောင်မည်းနေ၏။



ဝမ်းယိုယုက ရင်ထိတ်ကာ ထိုင်ရာမှထရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် သူမ၏လက်အား တစ်စုံတစ်ယောက်၏လက်က လာရောက် ကိုင်လိုက်လေသည်။

'မလှုပ်နဲ့'

ရှောင်ချူဖုံးက သတိပေးလိုက်ခြင်း ဖြစ်၏။

ဝမ်းယိုယု လှုပ်ရှားခြင်းမပြုဘဲ ငြိမ်သက်နေလေသည်။

အခန်းတစ်ခုလုံး မှောင်မည်းသွားသဖြင့် တစ်ယောက်နှင့်တစ်ယောက် မည်သူ့ကိုမျှ မမြင်ရပါချေ။

'ဟေ့....ဘယ်သူ မီးငြိမ်းလိုက်တာလဲ'

လူတစ်ယောက်၏ အသံက ခပ်ဩဩ ထွက်ပေါ်လာလေသည်။

တစ်ဆက်တည်းမှာပင် အသံတစ်ခုက ထွက်ပေါ်လာပြန်သည်။

'မီးအိမ် ဆီကုန်သွားလို့ ဖြစ်မှာပေါ့'

နောက်တစ်ယောက်က....

'ဒါဖြင့် မီးခြစ် ဘယ်သူ့ဆီမှာ ရှိသလဲ'

အသံခပ်ညြညြ ထွက်ပေါ်လာပြန်သည်။

'အို...ဒီလောက်လေတိုက်နေတာ ဘယ်လိုလုပ် မီးခြစ်လို့ရမှာလဲ'

ရုတ်တရက် ကုလားထိုင်များ ရွေ့လျားသံ ဖြစ်ပေါ်လာပြန်သည်။

လူတစ်ယောက်က ထအော်လိုက်သည်။

'ဗျို့....ဆိုင်ရှင် ဒီမှာ မီးလာညှိပေးပါဦး'

စကားသံ မဆုံးမီမှာပင် ခြေသံထွက်ပေါ်လာပြီး စားပွဲခုံနှင့် တိုက်မိသောအသံက ထွက်ပေါ်လာသည်။

ထိုလူက အသံကျယ်လောင်စွာ အော်ခေါ်လိုက်သော်လည်း ဆိုင်ရှင်က ထွက်ပေါ်လာခြင်း မရှိပါချေ။

ထို့ကြောင့် သူတို့က အသံကိုမြှင့်၍ ခေါ်လိုက်၏။

'ဗျို့....ဆိုင်ရှင်၊ ကျုပ်တို့ခေါ်နေတာ မကြားဘူးလား'

သို့သော် ဆိုင်ရှင်ထံမှ မည်သည့်တုံ့ပြန်မှုမှ မရရှိပါချေ။

'ဟေ့....တုဖုန်း၊ မင်းနောက်ဘက်မှာ ရေဇလုံ သွားသွန်တုန်းက ဆိုင်ရှင်ကို မတွေ့ဘူးလား'



ခရီးကြမ်း

ဆိုင်နောက်ဘက်သို့ ရေဇလုံ သွားသွန်သည့်သူ၏ အမည်မှာ တုဖုန်း ဖြစ်လေသည်။

တုဖုန်းက....

'မတွေ့ဘူးဗျ၊ ကျုပ် အနောက်ဘက်မှာ သူတို့ကို လိုက်ရှာပါသေးတယ်'

ဆိုင်နောက်ဘက်သို့သွားရန် ဟန်ပြင်နေသူမှာ ဆက်မသွားတော့ပါချေ။

သူ၏ခြေလှမ်း ရပ်တန့်သွားသောကြောင့် ဝမ်းယိုယုနှင့် ရွှောင်ချူဖုံးတို့က သိရှိလိုက်ခြင်းဖြစ်သည်။

တုဖုန်းက စကားဆက်လိုက်လေသည်။

ဆိုင်နောက်ဘက်ရောက်သွားတော့ ကျုပ်စိတ်ထဲမှာ တစ်မျိုးကြီး ခံစားရတယ်ဗျ၊ သူတို့က ရှိးမှရှိးရဲ့လား မသိဘူး'

သူ၏စကားကြောင့် ကျန်လူများက သံသယ ဖြစ်သွားလေသည်။

လူတစ်ယောက်က ထအော်လိုက်ပြန်သည်။

'ဟေ့....ထင်းကျက် ဆိုင်အနောက်ဘက်ကို အရမ်းဝင်မသွားနဲ့ အခြေအနေကို ကြည့်ဦး'

ထင်းကျက်က အသံခပ်ဩဩဖြင့်....

'စိတ်ချပါ၊ ကျုပ်အတွက် မစဉ်းစားပါနဲ့'

သူတို့ အချီအချ ပြောနေသော စကားများကြောင့် ဝမ်းယိုယုမှာ မနေနိုင်တော့ပါချေ။

သူမက တည်ကြည်သောအသံဖြင့်....

'ရှင်တို့ လိုက်ရှာနေလို့ အပိုပဲ၊ ဆိုင်ရှင်လင်မယားကို တွေ့မှာမဟုတ်ဘူး'

ထင်းကျက်၏ အသံခပ်ဩဩက ချက်ချင်း ထွက်ပေါ်လာ၏။

'ခင်ဗျား ဘာဖြစ်လို့ ပြောနိုင်တာလဲ'

ဝမ်းယိုယုက...

'သူတို့ အိပ်နေကြလို့ပေါ့'

ထင်းကျက်က....

'ဘာ...သူတို့အိပ်နေကြတယ်၊ ဟုတ်လား'



ဝမ်းယိုယုက....

'ဟုတ်တယ်'

ထင်းကျက်က ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား ဒီလောက် ဆူဆူညံညံ ဖြစ်နေတာ သူတို့ အိပ်နေရင်လဲ နိုးရောပေါ့ဗျာ'

ဝမ်းယိုယုက....

'အိပ်ချင်ယောင်ဆောင်နေတဲ့လူက နှိုးရခက်တယ်ရှင့်'

တုဖုန်းက....

'ခင်ဗျား ဘာကိုဆိုလိုတာလဲ'

ဝမ်းယိုယုက....

'သူတို့လင်မယားနှစ်ယောက်က ခေါင်းထဲမှာ ဝင်အိပ်နေလို့ပေါ့ရှင်'

'ဗျာ....'

တုဖုန်းက အံ့ဩတုန်လှုပ်သွားပုံရသည်။

ထင်းကျက်က မကျေမနပ်ဖြင့်....

'သူတို့က အသက်ရှင်လျက်နဲ့ ခေါင်းထဲဝင်အိပ်ကြတာလား၊ ဒါမှမဟုတ်တစ်ယောက်ယောက်က သူတို့ကိုလုပ်ကြံလိုက်လို့လား'

ဝမ်းယိုယု သက်ပြင်းချလိုက်လေသည်။

'ဒါကတော့ ကျွန်မလဲ သေသေချာချာ မပြောတတ်ပါဘူး၊ သူတို့က အသက်ရှင်လျက်က ခေါင်းထဲမှာအိပ်တယ်လို့ ပြောတာပဲ'

ထင်းကျက်က....

'ဟာ....မဖြစ်နိုင်တာဗျာ၊ သူတို့က ဘာကြောင့် အခေါင်းထဲမှာ အိပ်ချင်နေရတာလဲ'

ဝမ်းယိုယုက....

'ဒါကတော့ သူတို့ကိုမေးကြည့်မှ သိမှာပေါ့'

တုဖုန်းက မယုံကြည်နိုင်အောင် ဖြစ်သွားလေသည်။

'ကျုပ်တော့ မယုံဘူးဗျာ'

ဝမ်းယိုယုက....

'မယုံရင် ရှင်သွားကြည့်ပေါ့'

တုဖုန်းက ခေါင်းညိတ်လိုက်သည်။



'ကောင်းပြီ၊ ဒါဖြင့် ခင်ဗျားကျုပ်ကိုလိုက်ပြပါ'

ထိုစကားကြားလိုက်သောအခါ ဝမ်းယိုယု၏ ခန္ဓာကိုယ်မှာ တစ်ချက်တုန်လှုပ်သွားလေသည်။

သူမက ခေါင်းနှစ်လုံးနှင့် ဆိုင်ရှင်လင်မယား၏မျက်နှာအား ပြန်လည်မြင်ယောင်လာမိ၏။

ထို့ကြောင့် သူမက ရုတ်တရက် စကားပြန်မပြောနိုင်ဘဲ ဖြစ်သွားလေသည်။

တုဖုန်းက သက်ပြင်းချလိုက်လေသည်။

'ကဲ၊ ခင်ဗျားလိုက်မပြနိုင်ရင် ကျုပ်ပဲသွားကြည့်....'

စကားဆုံးသည်နှင့် ခြေသံက ဆိုင်နောက်ဘက်ခန်းဆီသို့ လျှောက်သွားသံ ထွက်ပေါ်လာ၏။

ဝမ်းယိုယုက ရင်ထိတ်စွာနားစွင့်နေ၏။

* * *

တုဖုန်းက အခေါင်းများရှိနေသော အခန်းဆီသို့ စမ်းတဝါးဝါးဖြင့် လျှောက်သွားလေသည်။

သူသည် မီးရောင်ရှိစဉ်က ဆိုင်ကလေး၏ပွဲစည်းတည်ဆောက်ပုံအား သေချာစွာအကဲခတ် ကြည့်ရှုထားသောကြောင့် ယခုကဲ့သို့ သွားလာနိုင်ခြင်းဖြစ်သည်။

ထင်းကျက်၏အသံ ထွက်ပေါ်လာပြန်သည်။

'ဟေ့ တုဖုန်း ငါလဲလိုက်မယ်'

စကားသံနှင့် မရှေးမနှောင်းမှာပင် ကုလားထိုင်ရွှေ့သံက ထွက်ပေါ်လာလေသည်။

သူတို့နှစ်ယောက်က အခေါင်းရှိသော အခန်းဆီသို့ လျှောက်နေဆဲပင်ဖြစ်ပါသည်။

ဝမ်းယိုယုအာလည်း ရင်ခုန်စွာ နားစွင့်နေဆဲပင်....

သူမကသည်း အခေါင်းရှိရာအခန်းထဲသို့ ဝင်ရောက်ကြည့်ရှုလိုလှပေသည်။

သို့သော်....

သူမက ထိုင်ရာမှ မထဖြစ်ခဲ့ပါချေ။



ထိုစဉ် စူးရှသောစကားသံတစ်ခု ထွက်ပေါ်လာပြန်သည်။

'တုဖုန်းနဲ့ထင်းကျက်'

ထိုလူ၏အသံကြောင့် တုဖုန်းနှင့် ထင်းကျက်တို့၏ခြေသံများ ပျောက်ကွယ်သွားကြလေသည်။

သူတို့က ခြေလှမ်းကို ရပ်တန့်လိုက်ခြင်းဖြစ်သည်။

စူးရှအက်ကွဲသောအသံရှင်က....

'မင်းတို့ ပြန်လာခဲ့၊ အခေါင်းရှိတဲ့အခန်းကို သွားကြည့်ဖို့ ကျုပ် လောက်ချီနဲ့လောက်ဝမ်းတို့ကို တာဝန်ပေးလိုက်မယ်'

ထိုလူက ခေါင်းဆောင်ဖြစ်ဟန်တူ၏။

တုဖုန်းနှင့်ထင်းကျက်တို့က တစ်ခဏမျှ ငြိမ်သက်နေကြလေသည်။

အတန်ကြာမှ....

ထင်းကျက်က....

'အင်း၊ လောက်ချီနဲ့ လောက်ဝမ်း သွားမယ်ဆိုရင်လဲ ပြီးတာပဲ'

သူတို့နှစ်ယောက် အမှောင်ထဲမှာပင် စမ်းတဝါးဝါးဖြင့် စားပွဲရှိရာသို့ ပြန်လည်လျှောက်လာလေသည်။

သူတို့နှစ်ယောက် ထိုင်ချလိုက်သည်နှင့်....

တစ်ဖက်ဆီမှ ကုလားထိုင်ရွှေ့သံကြားရပြီး လူနှစ်ယောက် ခြေသံထွက်ပေါ်လာ၏။

လောက်ချိုနှင့်လောက်ဝမ်းတို့က ခေါင်းထည့်ထားသော အခန်းဆီသို့ သွားနေကြလေပြီမဟုတ်ပါလော။

* * *

လောက်ချိုနှင့်လောက်ဝမ်းတို့မှာ ညီအစ်ကို ဖြစ်ကြ၏။

သူတို့မှာ အတွင်းအား အလွန်ကောင်းသူများ ဖြစ်ကြလေသည်။

မှောင်မည်းနေသည့် အခန်းထဲ၌ အမွေးတိုင်မီးရောင်အား ကြည့်ကာ သမထကျင့်စဉ် ကျင့်ကြံခဲ့ဖူးသူများလည်း ဖြစ်ကြသည်။



ထို့ကြောင့် တောင်ရိုတန်ရိုအမှောင်ထဲမှ ပစ္စည်းများကို မြင်နိုင်စွမ်းရှိကြလေသည်။

ယခု မိုးသည်းထန်စွာ ရွာသွန်းနေပြီး တစ်ချက်တစ်ချက် လျှပ်စီးများ ဝင်းလက်နေ၏။

လောက်ချိုနှင့်လောက်ဝမ်းတို့ နှစ်ဦးမှာလည်း ခေါင်းရှိရာ အခန်းဆီသို့ သွားနေဆဲပင်....

ဝမ်းယိုယု၊ ရှောင်ချူဖုံးနှင့် ကျန်လူများမှာ ငြိမ်သက်စွာ ထိုင်ရင်းမှ လောက်ချိုနှင့်လောက်ဝမ်းတို့၏ အခြေအနေအား အကဲခတ်ကြည့်နေလေသည်။

လောက်ချိုနှင့်လောက်ဝမ်းတို့က လက်များကို ရင်ဝတွင် အကာအကွယ်ပြုလျက် အခန်းတွင်းသို့ ဝင်သွားကြ၏။

အကယ်၍ တစ်စုံတစ်ယောက်က အခန်းထဲမှချောင်းမြောင်း၍ တိုက်ခိုက်လျှင်အနိုင်ရမည်ဟု ထင်မှတ်ထားပါက အမှားကြီး မှားသွားပေလိမ့်မည်။

သူတို့က အခန်းတွင်းသို့ ရောက်သွားကြလေသည်။

သို့သော် သူတို့အား ချောင်းမြောင်းတိုက်ခိုက်မည့် သူအား လုံးဝ မတွေ့ရပါချေ။

သူတို့က လူချင်းခွဲကာ အခန်းတွင်း၌ လိုက်လံကြည့်ရှုသိုက် လေသည်။

တစ်ယောက်က အခန်း၏ ဝဲဘက်သို့ တိုးသွားကာ ကျန်တစ်ယောက်က ယာဘက်သို့ တိုးသွား၏။

အခန်းတွင်း၌ ပိန်းပိတ်အောင် မှောင်မည်းနေလေသည်။

လောက်ဝမ်းက လေသံတိုးတိုးဖြင့် ....

'ညီလေး... ဘာ တူးခြားသလဲ'

လောက်ချိုက ခေါင်းခါယမ်းလျက်....

'ဘာမှ မတွေ့ပါဘူး'

ထိုစဉ် မိုးခြိမ်းသံတစ်ချက်ထွက်ပေါ်လာ၏။

'ဂျိမ်း...ဖလိန်း...လိန်း'

ရုတ်တရက် ထွက်ပေါ်လာသော မိုးခြိမ်းသံနှင့် တစ်ဆက်တည်းမှာပင် လျှပ်စီးများဝင်းလက်သွား၏။

ယင်း လျှပ်စီးရောင်က ပျက်စီးယိုယွင်းနေသော ပြတင်းပေါက်မှတစ်ဆင့် အိပ်ခန်းထဲသို့ ဝင်ရောက်လာလေသည်။



ထိုအခါ အခန်းထဲတွင်ရှိနေသော ခေါင်းနှစ်လုံးအား မြင်တွေ့လိုက်ရ၏။

လောက်ချို ရင်ထိတ်သွားလေသည်။

'ဟင်... ခေါင်းတွေပါလား'

လောက်ဝမ်းမှာ မျက်မှောင်ကြုတ်သွား၏။

'ဝမ်းယိုယုပြောတာ မှန်နေပြီကွ၊ ဒီအခန်းထဲကို ဘယ်လိုလုပ် ဒီအခေါင်းတွေ ရောက်နေတာလဲ'

လောက်ချို ယိတ်လန့်အံ့ဩသွားလေသည်။

'အစ်ကိုကြီး ခေါင်းတွေကို သေသေချာချာ ကြည့်စမ်းပါ'

လောက်ဝမ်းက တုန်ယင်နေသော လောက်ချို၏ အသံကြောင့် စိတ်တိုသွား၏။

'ဝင်း ဘယ်လိုဖြစ်တာလဲ၊ ခေါင်းကို မမြင်ဖူးဘူးလား'

လောက်ချို၏အသံသည် ထပ်မံ၍ တုန်ယင်စွာ ထွက်ပေါ်လာပြန်၏။

'မ...မဟုတ်ဘူး၊ အခေါင်း....အခေါင်းကို သေသေချာချာကြည့်လိုက်ပါဦး'

လျှပ်စီးများက ဝင်းလက်လာလေသည်။

အခန်းတစ်ခုလုံး ပြတင်းပေါက်မှတိုးဝင်လာသော အလင်းရောင်များကြောင့် ဝင်းလက်တောက်ပနေသည်။

လောက်ဝမ်းမှာ မျက်မှောင်ကြုတ်သွားပြန်သည်။

'ဘာဖြစ်လို့လဲ'

'ဂျိမ်း'

ရုတ်တရက် မိုးကြိုးပစ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာပြန်သည်။

အသံမှာ ကျယ်လောင်လွန်းလှသောကြောင့် ဦးခေါင်းဘက်သို့ တည့်မတ်စွာ ပစ်ချလာသည်ဟု ထင်လိုက်ရ၏။

လောက်ဝမ်းနှင့် လောက်ချိတို့ နှစ်ယောက်စလုံး ထိတ်လန့်သွားကြ၏။

ရုတ်တရက် လေပြင်း တစ်ချက်ဝေ့ဝဲ တိုက်ခိုက်လာပြန်သည်။

'ဝုန်း'

လေပြင်းတိုက်ခိုက်မှုကြောင့် ပြတင်းပေါက်တံခါးဘောင်က ပြုတ်ကျသွားပြန်လေသည်။



အရာရာမှာ ချောက်ချား တုန်လှုပ်ဖွယ်ရာ ကောင်းလွန်းလှပေသည်။

လောက်ဝမ်းက....

'တို့ အပြင်ထွက်ကြရင် ကောင်းမယ်ထင်တယ်'

လောက်ချိက မလှုပ်မယှက် ရပ်နေ၏။

ဝင်းလက်နေသော လျှပ်စီးရောင်ကြောင့် သူ၏ခန္ဓာကိုယ်မှာ တုန်တုန်ယင်ယင်ဖြစ်နေပြီး နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များ ကျဆင်းနေလေသည်။

လောက်ဝမ်းမှာ မျက်မှောင်ကြုတ်သွားလေသည်။

'မင်း ဘယ်လိုဖြစ်နေတာလဲ'

လောက်ချိက စကားမပြောပါချေ။

တုန်ယင်နေသော လက်တစ်ဖက်ဖြင့် ခေါင်းမျာဆီသို့ထိုးချလိုက်လေသည်။

လောက်ဝမ်း အံ့သြစွာကြည့်လိုက်၏။

ရုတ်တရက် သူ၏မျက်လုံးအစုံမှာ ကျွတ်ထွက်သွားတော့မည့်အလား ပြူးထွက်လာသည်။

မယုံကြည်နိုင်သော လေသံဖြင့်....

'ဟင်....ဒါ...ဒါ'

မှင်ပါလေသည်။

လောက်ချို ကြောက်ရွံ့နေမည် ဆိုပါလျှင် ကြောက်ရွံ့ဖွယ်ရာပင်။

ပြတင်းပေါက်မှ မိုးရေစက်များ၊ လေပြင်းများတိုးဝင်လာသဖြင့် အခန်းတစ်ခုလုံး အေးစိမ့်နေလေသည်။

အလင်းရောင်များကလည်း အခန်းပြတင်းပေါက်အား ဖြတ်ကျော်ကာ လျှပ်စီးလက်တိုင်း ထွက်ပေါ်နေ၏။

ယင်းအလင်းရောင်အောက်၌ အခေါင်းနှစ်လုံးအား အဖုံးဖုံးထားသည်ကို တွေ့လိုက်ရ၏။

သို့သော် အခေါင်းတစ်လုံး၏ အဖုံးမှာ တဖြည်းဖြည်း အပေါ်သို့ မြင့်တက်လာနေသည် မဟုတ်ပါလော။

လောက်ချိုနှင့် လောက်ဝမ်းတို့ အသံပင် မထွက်နိုင်တော့ပါချေ။ ပါးစပ်အဟောင်းသားနှင့် ယင်းအခေါင်းအား စိုက်ကြည့်နေကြလေသည်။

အခေါင်းအဖုံးမှာ တဖြည်းဖြည်း အပေါ်သို့မြင့်တက်နေဆဲပင်။



အခေါင်းအဖုံးက အပေါ်သို့သုံးလက်မခန့်မြင့်တက်လာပြီး ရပ်တန့်သွားလေသည်။

သို့သော် အခေါင်းတွင်း၌ မှောင်မည်းနေပြီး မည်သည့်အရာမျှ သဲကွဲစွာမမြင်ရ မတွေ့ရပါချေ။

လောက်ချိုနှင့် လောက်ဝမ်းတို့မှာ ရင်ထိတ်လာလေသည်။

အခန်းအပြင်ဘက်သို့ ချက်ချင်း ပြေးထွက်သွားလိုကြသော်လည်း ခြေထောက်များမှာ လေးလံနေပြီး လှုပ်ရှား၍ မရပါချေ။

သူတို့နှစ်ယောက်ထံမှ အသံဗလံများ သိမ်ဆိတ်သွားသောအခါ အပြင်ဘက်မှ စကားပြောသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

'ဟေ့....လောက်ချိုနဲ့ လောက်ဝမ်း ဆိုင်ပိုင်ရှင်ကို တွေ့ပြီလား'

* * *

စူးရှအက်ကွဲသောအသံက မေးလိုက်သော်လည်း တစ်ခဏမျှ ကြာသည်အထိ လောက်ချိုနှင့် လောက်ဝမ်းတို့၏ အသံက ထွက်ပေါ်လာခြင်း မရှိပါချေ။

စူးရှအက်ကွဲသော အသံပိုင်ရှင်က မေးလိုက်ပြန်သည်။

'ဟေး...ဘယ်လိုလဲ၊ ဆိုင်ပိုင်ရှင်ကိုတွေ့ပြီလား'

လောက်ချို၏အသံက တုန်ယင်လိုက်မောစွာ ထွက်ပေါ်လာသည်။

'အ... အခေါင်း... ဆိုင်... ဆိုင်ရှင်'

သူ၏အသံက တစ်ပိုင်းတစ်စဖြင့် ပျောက်ကွယ် သွားလေသည်။

ယင်းအသံကြောင့် အပြင်မှလူအားလုံး ထိတ်လန့်အံ့ဩသွားကြ၏။

ရှောင်ချူဖုံး မနေနိုင်တော့ပါချေ။

ဝင်းယိုယု၏ ခြေထောက်ကို သူ့ခြေထောက်ဖြင့် စမ်းလိုက်ပြီး လေသံတိုးတိုးဖြင့်....

'ညီမ... အစ်ကိုတို့သွားကြည့်ရင် ကောင်းလိမ့်မယ်ထင်တယ်'



ဝမ်းယိုယုက ထိတ်လန့်နေ၏။

သူမက ရှောင်ချူဖုံး၏စကားအား ကြားလိုက်ရသောအခါ မျှာမျှာသလဲဖြင့် ဟန့်တားလိုက်လေသည်။

'အို....မသွားပါနဲ့ရှင်'

'ဘာဖြစ်လို့လဲ'

ဝမ်းယိုယု မည်သို့ ပြန်ပြောရမှန်းမသိ ဖြစ်နေသည်။

သူမက ကြောက်ရွံ့၍ ထိတ်လန့်နေခြင်းအား ရှောင်ချူဖုံး သိရှိသွားပါက အရှက်ကွဲသွားနိုင်သည် မဟုတ်ပါလား။

အတန်ကြာအောင်ငြိမ်သက်သွားသောကြောင့်ရှောင်ချူဖုံးက သူမအား ထပ်မံမေးလိုက်ပြန်သည်။

'ညီမ....ကျုပ်ပြောတာကြားရဲ့လား'

ဝမ်းယိုယုက....

'ကြားပါတယ်'

ရှောင်ချူဖုံးက....

'ကျုပ်တို့ သွားကြည့်ရင် ကောင်းမယ်ထင်တယ်'

ဝမ်းယိုယုက....

'အို... ခေါင်းဆိုတာ ဆန်းတာမဟုတ်ပါဘူး၊ သွားကြည့်စရာ မလိုပါဘူး'

ရှောင်ချူဖုံးက ခေါင်းမှာ မဆန်းသော်လည်း လောက်ချို၏ အသံမှာ ဆန်းနေသည်ဟု ရိပ်စားမိလိုက်သည်။

ထို့ကြောင့် အခန်းထဲသို့ လှမ်းဝင်သွားလေသည်။

'ဒီလိုဆိုရင် ညီမ အပြင်မှာစောင့်နေခဲ့လေ'

'ကျုပ်သွားကြည့်လိုက်မယ်'

ဝမ်းယိုယုက ခေါင်းခါယမ်းလိုက်လေသည်။

သူမက အပြင်ဘက်၌ နေခဲ့ရန် မငံ့ရဲပါချေ။

ရှောင်ချူဖုံးကိုလည်း ဟန့်တား၍မရနိုင်သည့်အဆုံး....

'ကောင်းပြီလေ၊ ရှင်သွားရင် ကျွန်မလဲ လိုက်ရတော့မှာပေါ့'

သူတို့နှစ်ယောက် အချီအချပြောနေကြသည့် စကားအားကြားလိုက်သောအခါ စူးရှအက်ကွဲသောအသံပိုင်ရှင်က....

'ဟုတ်တယ်၊ ကျုပ်တို့အားလုံး အခန်းထဲသွားကြည့်ဘာကောင်းလိမ့်မယ်'



သူ၏အသံဆုံးသည်နှင့် လူအားလုံး မှောင်ထဲ၌ မတ်တတ်ရပ်လိုက်ကြလေသည်။

ထို့နောက် စပ်းတဝါးဝါးဖြင့် နောက်ဘက်အခန်းဆီသို့ လျှောက်သွားကြလေတော့သည်။

*　　*　　*

မိုးသံလေသံများကား ဆူညံနေဆဲပင်....

ရှောင်ချူဖုံးက ရှေ့မှလျှောက်သွား၏။

သူ့နောက်မှ ဝမ်းယိုယုက လိုက်ပါလျက်ရှိသည်။

တုဖုန်းတို့လူစုမှာမူ သူတို့နောက်မှ သတိကြီးစွာ လိုက်ပါလျက် ရှိကြလေသည်။

သူတို့သည် မှောင်ထဲ၌ အတန်ကြာနေထိုင်ခဲ့သဖြင့် မျက်လုံးကျင့်သားရနေလေပြီ။

အတန်အဝေးသို့ မမြင်ရသော်လည်း လက်ဘစ်ကမ်းအကွာရှိ အရာဝတ္ထုအားလုံးကို ကောင်းစွာ မြင်တွေ့နိုင်ပေသည်။

ရှောင်ချူဖုံးက သတိကြီးစွာဖြင့် လက်နှစ်ဖက်၌ အတွင်းအား စုစည်းကာ လျှောက်လာလေရာ အခန်းဝသို့ ရောက်ရှိလာလေပြီ။

ထို့အတူ ကျန်လူများကလည်း အခန်းဝသို့ ရောက်ရှိလာပြီဖြစ်သည်။

ရှောင်ချူဖုံးက အခန်းတွင်းသို့ အကဲခတ်ကြည့်လိုက်လေသည်။

ထို့နောက် လက်သီးနှစ်ဖက်အား တိုက်ခိုက်ရန် အသင့်အနေအထားပြင်ကာ အခန်းတွင်းသို့ ခုန်ဝင်လိုက်လေသည်။

ဝမ်းယိုယုနှင့် တုဖုန်းတို့လူစုကလည်း ခုန်ဝင်လိုက်ကြ၏။

သူတို့အားလုံး အခန်းထဲသို့ ရောက်သွားသည်နှင့်....

လောက်ဝမ်းနှင့် လောက်ချိုတို့ မလှုပ်မယှက် ရပ်နေသည်ကို တွေ့မြင်လိုက်ကြရလေသည်။

သူတို့နှစ်ဦးမှာ သေဆုံးခြင်းမရှိသေးပါချေ။

သို့သော် ကျောက်ရုပ်များကဲ့သို့ မလှုပ်မယှက် ရပ်နေကြလေသည်။

မျက်လုံးများကလည်း ခေါင်းနှစ်လုံးအား မျက်တောင်မခတ် စိုက်ကြည့်နေကြလေသည်။



ရှောင်ချူဖုံးနှင့် လူအားလုံး အံ့ဩထိတ်လန့်သွားမိသည်။

'ဟေ့လူတွေ ဘာဖြစ်နေကြတာလဲ'

သူ၏အသံကြားမှ လောက်ချိုနှင့် လောက်ဝမ်းတို့မှာ အိပ်မက်မှ လန့်နိုးလာကြသူများပမာ သတိဝင်လာကြ၏။

လောက်ချိုက လူအများရောက်ရှိလာသည်ကို တွေ့ရသောအခါ အားတက်သွားလေသည်။

'ဟောဒီမှာ လာကြည့်ကြဗျို့'

ရှောင်ချူဖုံး၊ ဝမ်းယိုယုနှင့် ကျန်လူများ အားလုံးက လောက်ချိုအနီးသို့ ချဉ်းကပ်သွားလေသည်။

လောက်ချိုက ခေါင်းတစ်လုံးအား လက်ညှိုးထိုးပြလိုက်လေသည်။

'အဲဒီခေါင်းကို ကြည့်ကြစမ်းပါ'

ရှောင်ချူဖုံးက....

'ဘာထူးခြားလို့လဲ'

လောက်ချိုက....

'ကျုပ်တို့ ဒီနေရာကိုရောက်တော့ ခေါင်းအဖုံးက တဖြည်းဖြည်း အပေါ်ကို မြင့်တက်သွားတာ တွေ့ရတယ်လေ၊ သုံးလက်မလောက် အမြင့်ရောက်မှ ရပ်သွားတာကို တွေ့ရတယ်ဗျ'

ရှောင်ချူဖုံးနှင့် ကျန်လူများက ခေါင်းကို ငုံ့ကြည့်လိုက်ကြလေသည်။

အခေါင်း၏ဖုံးမှာ အပေါ်သို့ မြင့်တက်နေခြင်း မရှိပါချေ။

ခေါင်းနှင့်အဖုံးက အံဝင်ခွင်ကျရှိနေလေသည်။

ရှောင်ချူဖုံးက လောက်ချီအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

'ခေါင်းအဖုံးက ပိတ်နေတာပဲ'

လောက်ချီက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်၊ ခင်ဗျားတို့မလာခင် ပြန်ပိတ်သွားတာပါပဲ'

ရှောင်ချူဖုံးက....

'ဒါဖြင့် ပထမ မြင့်တက်သွားတယ်ဆိုပါတော့'

လောက်ချီက....

'ဟုတ်တယ်'

ရှောင်ချူဖုံးက....

'ဒါဖြင့် အဲဒီအခေါင်းထဲမှာ ဆိုင်ရှင်ရှိနေမလားမသိဘူး'



လောက်ချီက ပါးစပ်ပိတ်သွားလေသည်။

လောက်ဝမ်းက သက်ပြင်းတစ်ချက် ချလိုက်ရင်းမှ....

'ကျုပ်တို့ အခေါင်းကို ဖွင့်ကြည့်ကြရင် ကောင်းမယ်'

ရှောင်ချူဖုံးက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်'

ကျန်လူများကလည်း ထောက်ခံလိုက်ကြ၏။

'ဟုတ်တယ်၊ အခေါင်းကို ဖွင့်ကြည့်မယ်'

လောက်ဝမ်းက....

'ဒါ သရဲချောက်တာ မဖြစ်နိုင်ဘူးလား၊ အခေါင်းကို ဖွင့်မကြည့်ရင် ကောင်းမယ်'

ရှောင်ချူဖုံးက....

'အို... ဘာဆိုင်လဲ၊ အခေါင်းဖွင့်ကြည့်လိုက်ရင် ကိစ္စရှင်းသွားမှာပေါ့'

ဤသို့ဖြင့် ငြင်းဆန်သူငြင်းဆန်၊ ကြောက်လန့်သူ ကြောက်လန့်၊ ဖွင့်ကြည့်လိုသူက ဖွင့်ကြည့်ဖြင့် တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုနေကြလေသည်။

မည်သို့ပင်ပြောနေကြသော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ခေါင်းအနီးသို့ ချဉ်းကပ်သွားခြင်း မရှိကြချေ။

လူအားလုံးပင် ထိတ်လန့်တုန်လှုပ်နေကြလေသည်။

ရှောင်ချူဖုံးက တမ်စုံတစ်ခုကို စိတ်ဆုံးဖြတ်လိုက်လေသည်။

'ခင်ဗျားတို့ မဖွင့်ရဲရင် ကျုပ်ဖွင့်မယ်ဗျာ'

သူ၏စကားအား ဝမ်းယိုယုက ထောက်ခံလိုက်သည်။

'ဟုတ်ဘယ်'

အမှန်တွင် သူ့အက ရှောင်ချူဖုံးရှိနေသဖြင့် တင်းမာနေခြင်းပင် ဖြစ်သည်။

ရှောင်ချူဖုံးကမူ စကားဆုံးသွားသည်နှင့် ခေါင်းအနီးသို့ ချဉ်းကပ်သွားလေသည်။

ဝမ်းယိုယုက သူ့နောက်မှ ကပ်၍ လိုက်ပါသွား၏။

တုဖုန်းကလည်း....

'ကျုပ် ခင်ဗျားတို့ကို ကူညီမယ်ဗျို့'

ဟု ပြောရင်း လိုက်ပါလာလေသည်။



သူက သံဇလုံအား နောက်ဖေးတွင်သွန်ကာ ဆိုင်ရှင် လင်မယားအား ရှာဖွေခဲ့သူပင် ဖြစ်သည်။

သူ၏သတ္တိမှာ ခေသူမဟုတ်ပါချေ။

ရှောင်ချူဖုံးတို့ ခေါင်းအနီးသို့ ရောက်သောအခါ ကျန်လူများက မလှုပ်မယှက် ရပ်ကြည့်နေလေသည်။

ခေါင်းအတွင်းမှ မမျှော်လင့်သော အန္တရာယ် ရှိနေပါလျှင်....

လူအားလုံးမှာ အသက်ပင် မရှူစံ့ပါချေ။

* * *

ရှောင်ချူဖုံး....

ရှောင်ချူဖုံး၏ မျက်နှာမှာ တည်ကြည်လေးနက်လှ၏။

သူ၏ စူးရှသော မျက်လုံးအစုံက ဆေးကွာနေသောခေါင်းအား မျက်တောင်မခတ် စိုက်ကြည့်နေလေသည်။

သူ၏စိတ်ထဲ၌လည်း တွေဝေစဉ်းစားနေပုံ ရသည်။

ဝမ်းယိုယုမှာမူ ခါးမှဓားအား တင်းကျပ်စွာ ဆုပ်ကိုင်၍ အခြေအနေအား အကဲခတ် ကြည့်ရှုနေလေသည်။

ခေါင်းထဲ၌ ဆိုင်ရှင်ရှိပါက တော်ပါသေးသည်။

အကယ်၍ မကောင်းဆိုးဝါးတစ်ကောင် ရှိနေပါလျှင် ဝမ်းယိုယုက ဆက်မတွေးရဲတော့ပါချေ။

တုဖုန်းက ရှောင်ချူဖုံးအနီးသို့ ချဉ်းကပ်သွား၏။

'ကျုပ် ခင်ဗျားကို ကူညီရမလား'

တီးတိုးလေသံဖြင့် မေးလိုက်လေသည်။

သူ၏လေသံက မသိမသာ တုန်ခါနေလေသည်။

ရှောင်ချူဖုံးက လက်ကာပြလိုက်လေသည်။

ထို့နောက် ခေါင်းအနီးသို့ ချဉ်းကပ်သွား၏။

တစ်ဖန် လက်နှစ်ဖက်ဖြင့် ခေါင်းအဖုံးအား စမ်းကြည့်လိုက်လေသည်။

ခေါင်းအဖုံးမှာ သံရိုက်ထားခြင်း မရှိပါချေ။



ရှောင်ချူဖုံးက ဝမ်းယိုယုနှင့် တုဖုန်းတို့အား မော့ကြည့်ကာ လက်ကာပြလိုက်လေသည်။

ဝမ်းယိုယုနှင့် တုဖုန်းတို့က မသိမသာ နောက်ဆုတ်သွားကြ၏။

ထိုအခါကျမှ ရှောင်ချူဖုံးကအခေါင်းဖုံးကိုမကာ တဖြည်းဖြည်းချင်း ဖွင့်လိုက်လေသည်။

* * *

မိုးထစ်ချုန်းသံ ထွက်ပေါ်လာ၏။

လျှပ်စီးများလည်း ဝင်းလက်သွားလေသည်။

ခေါင်းအဖုံးမှာ တဖြည်းဖြည်းချင်း ပွင့်လာ၏။

လူအားလုံးမှာ အသက်ရှူရန်ပင် မေ့မြောနေသည့်အခိုက် ခေါင်းအတွင်းသို့ စိုက်ကြည့်နေသည်။

ရှောင်ချူဖိုးမှာ ခေါင်းအဖုံးကို တဖြည်းဖြည်းမ၍ ဖွင့်လိုက်ရာ အဖုံးမှာအပေါ်သို့ မြောက်တက်လာ၏။

တချပ်ချပ် ဝင်းလက်တောက်ပနေသော လျှပ်စီးရောင်ကြောင့် ခေါင်းထဲမှ အရာအားလုံးကို အားလုံးကပီပြင်စွာ မြင်လိုက်ရလေသည်။

ခေါင်းအတွင်း၌ အရိုးစုတစ်ခု ရှိနေ၏။

ထို့ပြင် ယင်းအရိုးစုက ခေါင်းအဖုံးကို တဖြည်းဖြည်းမဖွင့်လိုက်ရာ အဖုံးမှာ အပေါ်သို့ မြောက်တက်လာလေသည်။

ရှောင်ချူဖိုးက အခေါင်းဖုံးအားလွှတ်မချမိစေရန် မနည်းပင် ချုပ်တည်းထားလိုက်ရ၏။

သူက ခေါင်းထဲရှိအရိုးစုအား စိုက်ကြည့်လိုက်ရင်းမှ....

'တော်တော့ကို ထူးဆန်းနေပါလားဗျာ'

သူ၏အသံက တစ်ခန်းလုံးသို့ လွှင့်ပျံသွားလေသည်။

ထိုစဉ်....

'ဂျိမ်း'



မိုးခြိမ်းသံ ထွက်ပေါ်လာပြန်သည်။

ရှောင်ချူဖိုးက ခေါင်းအဖုံးကိုပကာ လွှတ်ချလိုက်လေသည်။

အခေါင်းတွင်း၌ အရိုးစုရှိနေသော်လည်း ဆိုင်ရှင်၏ အရိပ်အယောင်မျှပင် မတွေ့ရပါချေ။

ဝမ်းယိုယုမှာ အရိုးစုအားတွေ့လိုက်ရသည်နှင့်....

'အို... အမေ့'

နှုတ်မှယောင်ယမ်းရေရွတ်လိုက်ပြီး အချိန်မီ စိတ်ချုပ်တည်းလိုက်ရ၏။

သို့မဟုတ်ပါလျှင် အခန်းတွင်းမှ လျင်မြန်စွာ ထွက်ပြေးသွားမိမည်သာဖြစ်၏။

တုဖုန်းက တုန်ယင်သောလေသံဖြင့်....

'ဟင်၊ ဆိုင်ရှင်လင်မယားမရှိဘဲ ဘယ်ကအရိုးစု ရောက်နေတာလဲ၊ ဒီအခေါင်းထဲမှာ နဂိုကတည်းက ရှိနေတာလား'

သူ၏အမေးအား မည်သူမှ အဖြေမပေးနိုင်ကြချေ။

ယခုအချိန်မှာ မိုးသက်လေပြင်းက ပိုမိုသည်းထန်လာသည်ဟု ထင်မှတ်လိုက်ကြ၏။

မိုးခြိမ်းသံ၊ မိုးကြိုးပစ်သံများ တရှိမ်းရှိန်းအသံ ထွက်ပေါ်နေပြီး လေပြင်းများတိုက်ခိုက်နေ၍ အဆောက်အအုံတစ်ခုလုံး သိမ့်သိမ့်တုန်လှုပ်နေပြီး ပြိုလဲကျတော့မည်ဟု ထင်မှတ်နေရလေသည်။

ရှောင်ချူဖုံးက ခေါင်းထဲမှအရိုးစုကို သေသေချာချာ ကြည့်လိုက်သည်။

ထို့နောက် တခြားခေါင်းတစ်ခုဖက်သို့ လှည့်ကာ....

'ဆိုင်ရှင်လင်မယားက ဟိုဘက်ခေါင်းထဲမှာ ရှိမယ်ထင်တယ်'

လောက်ချိုက ကြားဖြတ်ပြောလိုက်လေသည်။

'ဟုတ်တယ်၊ အဲဒီခေါင်းကို ဖွင့်ကြည့်ပါလားဗျာ'

ပထမခေါင်းတစ်လုံးအား ရှောင်ချူဖုံး ဖွင့်ချလိုက်ပြီး အရိုးစုကို တွေ့မြင်လိုက်ရသောကြောင့် ကျန်လူများမှာ ကြောက်ရွံ့စိတ် အနည်းငယ်လျော့ပါးသွားသည်ဟု ခံစားလိုက်ရ၏။

ထို့ကြောင့် နောက်ထပ်ခေါင်းကိုဖွင့်ရန် စိတ်ဝင်စားနေကြခြင်းဖြစ်သည်။

ရှောင်ချူဖုံးက....



'စိတ်ချ၊ ကျုပ်ဖွင့်လိုက်ပါမယ်'

သူကပြောရင်းမှ ခေါင်းအနီးသို့ လျှောက်သွားလေသည်။

ထို့နောက် ခေါင်းအဖုံးအား ဆွဲဖွင့်လိုက်၏။

'ဟာ'

ခေါင်းအဖုံးပွင့်သွားသောအခါ လူအားလုံး အာမေဋိတ်ဖြစ်သွားလေသည်။

သူတို့က နောက်ဆုတ်သွားကြလေသည်။

ရှောင်ချူဖုံးပင် နောက်သို့ မသိမသာဆုတ်သွားလေသည်။

ခေါင်းအတွင်း၌ မကောင်းဆိုးဝါးများ ရှိမနေပါချေ။ အရိုးစုတစ်ခုသာရှိနေ၏။

သို့သော် ယင်းအရိုးစုက စနစ်ကျ လဲလျောင်းနေခြင်း မရှိပါချေ။

ယင်းအရိုးစုက ချက်ချင်းပင် ခုန်အုပ်တော့မည့်အလား လက်များကိုအားယူ ကွေးနေလေသည် မဟုတ်ပါလော။

အကယ်၍သာ အရိုးစုကတိုက်ခိုက်ခဲ့ပါလျှင် ရှောင်ချူဖုံးမှာ လူသေတစ်ယောက် ဖြစ်သွားပေတော့မည်။

ရှောင်ချူဖုံး၏နဖူးပေါ်မှ ချွေးစီးများ စီးကျလာသည်။

မသဲမကွဲ အလင်းရောက်အောက်တွင် အရိုးစုက မိမိအား ခုန်အုပ်မည့်ပုံသဏ္ဌာန်တွေ့ရှိပါက မည်သို့သောလူက ထိတ်လန့်တုန်လှုပ်ခြင်း ကင်းပါမည်နည်း။

ကျန်လူများမှာလည်း ထိတ်လန့်အံ့သြနေကြ၏။

ထိုအချိန်....

'အမယ်လေး'

ဝမ်းယိုယု၏ အထိတ်တလန့်အော်ဟစ်သံက အခန်းတစ်ခုလုံး ပွဲ့တင်ရိုက်သွားလေသည်။

ရှောင်ချူဖုံးမှာ အခန်းတံခါးဘက်သို့လက်ညှိုးထိုးပြလိုက်ပြီး တရွေ့ရွေ့နောက်ဆုတ်လာလေသည်။

ရှောင်ချူဖုံးက ကပျာကယာ လှမ်းကြည့်လိုက်၏။

သူ၏ တစ်ကိုယ်လုံး အေးစိမ့်တောင့်တင်းသွားလေသည်။

ပထမဆုံး တွေ့လိုက်ရသော အရိုးစုမှာ မျက်လုံးပေါက်၊ ပါးစပ်ပေါက်တို့မှ သွေးများ စီးဆင်းကျနေသည်ကို တွေ့လိုက်ရသည်မဟုတ်ပါလော။



ထူးခြားလှသော မြင်ကွင်းကြောင့် အားလုံး ကြက်သေသေသွားကြလေသည်။

ထိုစဉ် ဝင်းလက်တောက်ပသော လျှပ်စီးရောင်မှာ ပျောက်ကွယ်သွားလေပြီ။

အခန်းတစ်ခုလုံး မှောင်အတိ ကျသွားလေသည်။

ဝမ်းယိုယုမှာ စိတ်ချုပ်တည်းထားနိုင်စွမ်းမရှိတော့ပေ။

သူမက တုန်ယင်လှိုက်ခါနေသောအသံဖြင့်....

'ကျွန်မတို့ အပြင်ကိုပြန်ထွက်ကြရင် ကောင်းမယ်ထင်တယ်နော်'

သူမ၏စကားအား တုဖုန်းတို့လူစုကမဆိုင်းမတွပင်ထောက်ခံလိုက်ကြသည်။

'ကျုပ်တို့ အပြင်ပြန်ထွက်ကြရင် ကောင်းမယ် ထင်တယ်'

သူတို့က ပြောပြောဆိုဆိုပင် အပြင်သို့ လှမ်းထွက်သွားကြလေသည်။

ဝမ်းယိုယုမှာ မှောင်မည်းနေသော အခန်းတွင်းသို့ ရောက်ရှိနေ၏။

သူမနှင့် လက်တစ်ကမ်း အကွာတွင် ခေါင်းနှစ်လုံး ရှိပြီး အခန်း၏အတွင်းဘက် အကျဆုံးနေရာသို့ရောက်နေခြင်း ဖြစ်လေသည်။

ထို့ကြောင့် အပြင်ဘက် ပြန်ထွက်သောအခါ နောက်ဆုံးတွင် ကျန်ရစ်ခဲ့လေသည်။

ဝမ်းယိုယု က အခန်းတွင်းမှခပ်သွက်သွက်လှမ်းရင်း အပြင်သို့ ထွက်ရန် ဟန်ပြင်လိုက်သည်။

'ဒုန်း....'

ရုတ်တရက် သူမအရာဝတ္ထုတစ်ခုနှင့် ခလုတ်တိုက်မိလိုက်၏။

ဝမ်းယိုယု က လဲကျမသွားစေရန် ခန္ဓာကိုယ်အား ကြိုးစားထိန်းလိုက်ရင်း တိုက်မိသည့်အရာကို လက်နှင့် စမ်းသပ်ကြည့်လိုက်သည်။

သူမ ခြေထောက်ဖြင့် တိုက်မိသည့်အရာသည် ခပ်ရှည်ရှည်သေတ္တာတစ်လုံး ဖြစ်နေ၏။

ဝမ်းယိုယု၏ မျက်လုံးအစုံမှာ ဝိုင်းစက် ပြူးကျယ်သွားလေသည်။

သူမ ခလုတ်တိုက်မိသည့်အရာမှာ အခြားမဟုတ်ပါချေ။



အနက်ရောင်ခေါင်းတစ်လုံးပင် ဖြစ်၏။

'အား....'

သူမက ထိတ်လန့်တုန်းရှုံ့သွာအော်ဟစ်လိုက်၏။

ထိုစဉ် အေးစက်သော လက်ဘစ်ဖက်က သူမ၏ ပခုံးအား လာရောက်ဆုပ်ကိုင်လိုက်လေသည်။

ဝမ်းယိုယုမှာ ထိတ်လန့်တကြားထခုန်ရင်းမှ ...

'လွှတ်....လွှတ် ငါ့ကို လွှတ်လိုက်စမ်း'

သူမ၏စကားမှဆုံးမီ လူတစ်ယောက်၏အသံက ထွက်ပေါ်လာလေသည်။

'ညီမ... ညီမ....မကြောက်ပါနဲ့ အစ်ကိုပါ'

ရှောင်ချူဖုံး၏အသံက ထွက်ပေါ်လာ၏။

ဝမ်းယိုယု ယခုမှ စိတ်သက်သာရာရရှိသွား၏။

ရှောင်ချူဖုံးက ...

'ညီမ လာ အစ်ကို့လက်ကိုဆွဲပြီး လိုက်ခဲ့'

ဝမ်းယိုယုက ရှောင်ချူ့ဖုံး၏လက်တစ်ဖက်အား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်လေသည်။

မကြာပါချေ....

သူတို့သည် အခန်းအပြင်သို့ ရောက်ရှိသွားလေသည်။

သူတို့ အခန်းအပြင်သို့ ရောက်ရှိသွားသောအခါ....

အခန်း၏အနေအထားမှာ ပြောင်းလဲနေသည်ကို တွေ့မြင်လိုက်ရ၏။

## အခန်း (၃)

### အိပ်မက်ဆိုးည

မိုးလေများသည်းထန်နေဆဲ....

ဆိုးရွားလှသော ရာသီဥတုမှာ ပြောင်းလဲခြင်း မရှိသေးပါချေ။

သို့သော်....

အခန်းမြင်ကွင်းတစ်ခုလုံးမှာ အခြေအနေများစွာ ပြောင်းလဲသွားချေပြီ။

အခန်းတွင်းရှိ ပရိဘောဂများ၊ စားပွဲကုလားထိုင်များ ပြောင်းလဲခြင်းမဟုတ်ပါချေ။

မှန်ပျပျမီးရောင်မှာ ပြာလဲ့လဲ့မီးရောင် ဖြစ်ပေါ်နေ၏။

ယင်း ပြာလဲ့လဲ့မီးရောင်က အခန်းတစ်ခုလုံး မည်းသည့်နေရာမှ ထွက်ပေါ်လာခြင်းမှန်းမသိဘဲ လင်းထိန်နေလေသည်။

လူအားလုံး ယခုမှ ခေါင်းထားသည့်အခန်းထဲမှ ပြန်လည်ရောက်ရှိခြင်း ဖြစ်ပေသည်။

အခန်းတစ်ခုလုံး ပြာလဲ့လဲ့မီးရောင်က လူအများ၏မျက်နှာပေါ်သို့တိုးကျနေရာ မကောင်းဆိုးဝါးများသဖွယ် ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

ဝမ်းယိုယုက မျက်နှာပျက်သွားပြီး....

'ဟင်....ဒါကဘယ်လိုဖြစ်တာလဲ၊ ဘယ်က ပြာလဲ့လဲ့မီးရောင် ပေါ်လာတာလဲ'

သူမက စကားဆက်လိုက်ပြန်သည်။

'ရိုးရိုးမီးရောင်မှဟုတ်ရဲ့လား မကောင်းဆိုးဝါး....'

ရုတ်တရက် ရှောင်ချူဖုံးက ကြားဖြတ်ပြောလိုက်လေသည်။

'ညီမရယ် အယူမသည်းစမ်းပါနဲ့၊ ဘယ်မကောင်းဆိုးဝါးက မီးရောင်လွှတ်နိုင်မှာလဲ'

'တစ်ယောက်ယောက်က လာထွန်းထားလို့နေမှာပေါ့'



ဝမ်းယိုယုက ခေါင်းခါယမ်း၍....

'မဟုတ်သေးဘူး၊ တစ်ယောက်ယောက်က လာထွန်းထားတာဆိုရင် မီးအိမ်တို့ မီးတိုင်တို့ တွေ့မှာပေါ့'

'အခု ဘာမှမတွေ့ရသေးပါလား'

ရှောင်ချူဖုံးက ပခုံးတွန့်လိုက်သည်။

'ဒီအဆောက်အအုံဟာ ဟောင်းနွမ်းဆွေးမြည့်နေတာ ဆိုတော့ ထူးခြားတဲ့ လျှို့ဝှက်ချက်တွေ ပြည့်နှက်နေလိမ့်မယ်'

သူက စကားဆက်လိုက်ပြန်သည်။

'ဆိုင်ရှင်ကလဲ မရှိသေးဘူး၊ တို့တစ်တွေကို ချောက်လှန့်နေတာ မဖြစ်နိုင်ဘူးလား'

သူက ဝမ်းယိုယုနားကပ်၍ တီးတိုးရှင်းပြနေခြင်း ဖြစ်၏။

ရှောင်ချူဖုံး၏စကားများမှာ သဘာဝကျလှပေသည်။

သို့သော်လည်း ဝမ်းယိုယုက ကြောက်လန့်စိတ်များ မပြေနိုင်သေးပါချေ။

ဤ ဈူးမင်းစားသောက်ဆိုင်မှာ ကြောက်ရွံ့ထိတ်လန့်စရာများဖြင့် ပြည့်နှက်နေသည် မဟုတ်ပါလော။

ထိုစဉ်....

စူးရှသော လူတစ်ယောက်၏ အော်ဟစ်သံက ထွက်ပေါ်လာလေသည်။

'ဟိုမှာ ကြည့်လိုက်စမ်း'

ရှောင်ချူဖုံး မျက်မှောင်ကြုတ်သွားလေသည်။

အထိတ်တလန့် အော်ဟစ်လိုက်သူအား လှမ်းကြည့်လိုက်၏။

ထိုအခါ တုဖုန်းဖြစ်နေသည်ကို တွေ့ရ၏။

တုဖုန်းက အထိတ်တလန့် အော်ဟစ်ရင်း စားပွဲပေါ်သို့ လက်ညှိုးညွှန်ပြလိုက်သည်။

မူလက ကြက်သားဟင်းနှင့် တခြားဟင်းလျာများ ထည့်ထားသော ပန်းကန်ထဲတွင်....

ယခုအခါ တီကောင်များ၊ ကင်းမြီးကောက်များ၊ ကင်းခြေများ များသာ ရှိနေတော့သည် မဟုတ်ပါလော။

ဝမ်းယိုယုရင်ထဲ၌ ပျို့တက်လာလေသည်။

မကြာမီကပင် သူမစားသောက်ခဲ့သော စားသောက်ပန်းကန်ထဲရှိ ဟင်းလျာများမှာ အေ့နှလုံးနာစရာအသွင်သို့ ပြောင်းလဲနေပြီ မဟုတ်ပါလော။



ထို့အတူ လောက်ချိုမှာလည်း မျက်နှာပျက်နေလေသည်။

'ဘယ်လိုဖြစ်ကုန်ပြီလဲ၊ တို့ကို ဆိုင်ရှင်က ကြက်သားဟင်း မဟုတ်ဘဲ....'

သူ၏စကားမဆုံးမီ အသံအက်ကွဲသူက ...

'ဟေ့ကောင် မင်းပါးစပ် ပိတ်ထားလိုက်စမ်း'—

ထိုသူမှာ သူတို့အဖွဲ့၏ခေါင်းဆောင် ဖြစ်လေသည်။

လောက်ချိုက မကျေမနပ်ဖြင့်....

'ဒီမှာဝမ်းစိန်၊ ခင်ဗျားကိုယ်တိုင် တွေ့နေတာကို ဘာကြောင့် ကျုပ်ကို ကြိမ်းမောင်းနေရတာလဲ'

ဝမ်းစိန်က အံကိုတင်းတင်းကြိတ်ရင်းမှ....

'စောစောက မင်းစားခဲ့တာ ဘာတွေလဲ'

လောက်ချိုက....

'ကြက်သားဟင်းနဲ့ တခြားဟင်းတွေပေါ့'

'အေး....ငါလဲစားခဲ့တာပဲ၊ ဘယ်သူကမှ ငါတို့ကို လှည့်ဖျား့လို့ မရပါဘူးကွာ'

လောက်ချိုက စားပွဲပေါ်သို့ လက်ညှိုးညွှန်ပြလိုက်လေသည်။

'ဒါဖြင့် ကြက်သားဟင်း ပန်းကန်ထဲက ကြက်သားဟင်း အစား ကင်းခြေများတွေ ဖြစ်နေတာကကော'

ဝမ်းစိန်က မဲ့ပြုံးပြုံးလိုက်ပြီး....

'ကျုပ်တို့အခေါ်င်းထားတဲ့ အခန်းထဲသွားဘုန်းတစ်ယောက် ယောက်က လဲထားလိုက်မှာပေါ့'

သူတို့နှစ်ယောက် အချီအချ စကားပြောနေကြသော်လည်း ကျန်လူများက ငြိမ်သက်နေကြလေသည်။

ဝမ်းယိုယုနှင့် ရှောင်ချူဖုံးတို့မှာလည်း ငြိမ်သက်နေကြလေသည်။

အတန်ကြာမှ ဝမ်းယိုယုက ရှောင်ချူဖုံးအားကြည့်လိုက်၏။

'မီးရှောင်ထွန်းထားတာ တစ်ယောက်ယောက်ရဲ့ လက်ချက် ဖြစ်ရမယ်လို့ ရှင်ကပြောခဲ့တယ် မဟုတ်လား'

ရှောင်ချူဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ဝမ်းယိုယုက....

'အဲဒီတစ်ယောက်ဆိုတာ ဘယ်သူလဲ'



ရှောင်ချူဖုံး အဖြေမပေးနိုင်တော့ပါချေ။

အတန်ကြာ စဉ်းစားလိုက်ပြီးမှ....

'ဘယ်သူလဲ ဆိုတာတော့ ကျုပ်လဲ အတိအကျ မပြော တတ်ဘူးဗျ၊ တစ်ယောက်ယောက်ရဲ့လက်ချက် ဖြစ်မယ်ဆိုတာ တော့ ပြောရဲပါတယ်'

ဝမ်းယိုယုက....

'ဆိုင်ပိုင်ရှင် မဟုတ်ရင်ကော'

ရှောင်ချူဖုံးက ပြုံးလိုက်လေသည်။

'ဒီလိုတော့ တတ်အပ်ပြောလို့ မရဘူးလေ၊ ဆိုင်ပိုင်ရှင်က ပျောက်နေတယ်မဟုတ်လား၊ သူ့လက်ချက်ဖြစ်ဖို့ များပါတယ်'

ဝမ်းယိုယု သက်ပြင်းချလိုက်လေသည်။

'အားလုံးက ဆိုင်ပိုင်ရှင်လက်ချက်လို့ ထင်နေကြတယ်၊ အကယ်၍ ဆိုင်ပိုင်ရှင်ကို တစ်စုံတစ်ယောက်က လုပ်ကြံပြီး ကျွန်မတို့ကို ဒုက္ခပေးဖို့ ကြံစည်နေတယ် ဆိုရင်ကော'

သူမ၏စကားကြောင့် ရှောင်ချူဖုံးမှာ ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားသည်။

သူတို့မှာ တစ်ယောက်ယောက်၏ လက်ချက်မှန်းသိသော်လည်း မည်သူမည်ဝါဟု မသိရပါချေ။

မမ်းယိုယုက ဆိုင်ပိုင်ရှင်အတွက် စိုးရိမ်သွားမိလေသည်။

'ဆိုင်ပိုင်ရှင် အသက်ခံရမှာ စိုးရိမ်ရတယ်'

ရှောင်ချူဖုံးလည်း မနေနိုင်တော့ချေ။

သူတို့သည် ဆိုင်ပိုင်ရှင်အား တွေ့အောင်ရှာနိုင်ပါမှ အိပ်မက်ဆန်သောအဖြစ်များကို ဖြေရှင်းဖော်ထုတ်ရန် လွယ်ကူလိမ့်မည်ဟု ယုံကြည်လာလေသည်။

ထို့ကြောင့် သူက အသံကျယ်လောင်စွာဖြင့်....

'မိတ်ဆွေတို့ ကျုပ်တို့ကို ဒုက္ခပေးမယ့်လူရှိနေပြီဆိုတာ သေချာတယ်၊ ဒါပေမယ့် ဆိုင်ပိုင်ရှင်ကိုတွေ့မှ ရှုပ်ထွေးတဲ့ ကိစ္စက ဖြေရှင်းလို့ ရမှာမို့ ကျုပ်တို့က ဆိုင်ပိုင်ရှင်ကို တွေ့အောင်လိုက်ရှာကြရအောင်'

သူ၏စကားကို လူအားလုံးက လက်ခံကြလေသည်။

သူ၏ဆန္ဒအား တုဖုန်း၊ထင်းကျူက်၊ လောက်ချိနှင့် လောက်ဝမ်းတို့ကလက်ခံကြသော်လည်း ဝမ်းစိန်ကမူ ခေါင်းကိုခါယမ်းလျက် ရှိလေသည်။



'လိုက်ရှာစရာ မလိုပါဘူးဗျာ'

ရှောင်ချူဖုံး မျက်မှောင်ကြုတ်သွားလေသည်။

'ခင်ဗျားက ဘာကို ဆိုလိုတာလဲ'

ဝမ်းစိန်က....

'ကျုပ်တို့ ဒီနေရာက အမြန်ဆုံးထွက်ခွာသွားဖို့ပဲ ရှိတော့တာပေါ့၊ ဒီနေရာမှာ ဆက်နေရင် ကျုပ်တို့ ဒုက္ခရောက်လိမ့်မယ်ဆိုတာ ကြိုသိနေသလို့ပဲကွာ'

ရှောင်ချူဖုံးက....

'ဒါဖြင့် ခင်ဗျားတို့က ဆိုင်ရှင်ကိုပစ်ပြီး သွားမယ်ပေါ့....ဟုတ်လား'

ဝမ်းစိန်က မျက်မှောင်ကြုတ်သွားလေသည်။

'နေပါဦး၊ ဆိုင်ရှင်က ဘာဖြစ်နေလို့လဲ'

ရှောင်ချူဖုံးက....

'သူ ပျောက်နေတယ်လေ၊ သူ အသက်ခံချင်ရင် ခံနေရမှာ'

ဝမ်းစိန်က သူ့အား စေ့စေ့ကြည့်လိုက်သည်။

‘အကယ်၍ အသတ်မခံရဘူးဆိုရင်ကော....’

ရှောင်ချူဖုံးက ...

‘ဒါကလွယ်ပါတယ်၊ သူ့ကို ခုနေတွေ့ရင် ကြုံတွေ့နေတဲ့ ပြဿနာတွေကို ဖြေရှင်းခိုင်းလိုက်ရုံပေါ့’

သူ၏စကားအား ဝမ်းစိန်က သဘောကျသွားလေသည်။

သို့သော် သူ၏ဆန္ဒမှာ ဤနေရာမှ အမြန်ဆုံးထွက်ခွာသွားရန်သာဖြစ်၍ မည်သို့ပြောရမှန်းမသိဘဲ ဖြစ်နေ၏။

ရှောင်ချူဖုံးက သက်ပြင်းတစ်ချက်ချလိုက်ရင်းမှ ...

‘ဘာပဲဖြစ်ဖြစ် ဆိုင်ရှင်ကို ခင်ဗျား လိုက်ရှာဖို့ သင့်တယ်၊ သူ့ကို မတွေ့မှ ခင်ဗျား ထွက်သွားချင်ရင် ထွက်သွားပေါ့ဗျာ၊ ကျုပ် မတားတော့ပါဘူး’

ဝမ်းစိန်က ခေါင်းညိတ်လိုက်လေသည်။

‘ကောင်းပြီ၊ ဒီဆိုင်ရှင်ကိုရှာဖို့ ကျုပ်သဘောတူလိုက်ပါပြီ၊ ဒါထက် ကျုပ်တို့ ဘယ်နေရာက စပြီး လိုက်ရှာကြမလဲ’

ရှောင်ချူဖုံးက အနည်းငယ်စဉ်းစားလိုက်၏။

ပြီးမှ....



‘အနောက်ဘက်က စပြီး ရှာကြတာပေါ့’

ဝမ်းစိန်က ခေါင်းညိတ်လိုက်ပြန်သည်။

‘ကောင်းပြီလေ ခင်ဗျားသဘောအတိုင်းပဲ၊ ကျုပ်တို့ ရှာကြည့်ကြတာပေါ့’

သူက ပြောရင်းမှ တုဖုန်းဘက်သို့ လှည့်လိုက်၏။

‘ဟေ့ တုဖုန်း မင်းသူနဲ့လိုက်သွားစမ်း’

တုဖုန်းက ရှေ့သို့ခြေလှမ်းထွက်လိုက်လေသည်။

ရှောင်ချူဖုံးက ကျန်လူများအား မျက်လုံးဝေ့ကြည့်လိုက်လေသည်။

ကျန်လူများက တုပ်တုပ်ပင် မလှုပ်ပါချေ။

ဆိုင်ရှင်အား လိုက်ရှာရန် စိတ်ဝင်စားကြသော်လည်း မိမိကိုယ်တိုင် ရှာဖွေရန်မှု စိတ်ပါဟန်မတူပါချေ။

သူတို့က ပြာလဲ့လဲ့ မီးရောင်အောက်၌ပင် စုရုံးနေလိုကြဟန် ရှိလေသည်။

ရှောင်ချူဖုံး သက်ပြင်းချလိုက်လေသည်။

သူက ဝမ်းယိုယုအား ကြည့်လိုက်၏။

'ကဲ… ညီမ ဒီမှာလူလဲများတယ်၊ ဒါကြောင့် ဒီမှာဒနုခဲ့တာ အကောင်းဆုံးပဲ၊ ကျုပ်အတွက်တော့ စိတ်မပူနဲ့၊ ဆိုင်ရှင်ကို လိုက်ရှာဦးမယ်'

သူက ယင်းသို့ပြောရင်းမှ တုဖုန်းဘက်သို့ လှည့်လိုက်ပြန်၏။

'လာ သွားကြစို့'

သူက စကားဆုံးသည်နှင့် ဆိုင်အနောက်ဘက်သို့ လှမ်းဝင်သွားလေသည်။

သူ၏နောက်မှ တုဖုန်းက လိုက်ဝင်သွား၏။

*　　*　　*

ရှောင်ချူဖုံးနှင့် တုဖုန်းတို့မှာ ကျဉ်းမြောင်းသော ယင်းကလေးအတိုင်း ဆိုင်အနောက်ဘက်သို့ လှမ်းဝင်သွား၏။

သူတို့နှစ်ယောက် ပျောက်ကွယ်သွားသည်အထိ လူအားလုံးက ငေး၍ကြည့်နေလေသည်။



ထိုအချိန်မှာပင်….

'အေ့….အေ့'

မသဲမကွဲအသံ ထွက်ပေါ်လာလေသည်။

လူအားလုံးက အသံလာရာသို့ လှည့်ကြည့်လိုက်သောအခါ လောက်ချီမှာ ဝမ်းဗိုက်အား လက်နှစ်ဖက်ဖြင့်နှိပ်ကာ ခါးကုန်းထားသည်ကို မြင်တွေ့လိုက်ရ၏။

ဝမ်းစိန် ရင်ထိတ်သွားလေသည်။

'လောက်ချီ မင်းဘာဖြစ်တာလဲ'

လောက်ချီက စကားပြန်မပြောနိုင်ပါချေ။

'ဝေါ့'

သူ၏ပါးစပ်ထဲမှ ရှတ်တရက် စားထားသော အစားအသောက်များ အန်ထွက်လာလေသည်။

အန်ဖတ်များက ရှတ်ခြည်း ကြမ်းပြင်ပေါ်သို့ ပြန့်ကျဲသွား၏။

ပြူးလဲ့လဲ့ မီးရောင်ကြောင့် အန်ဖတ်များထဲ၌ ကင်းခြေများ တစ်ကောင် ပါဝင်နေသည်ကို တွေ့မြင်လိုက်ရသည်။

လောက်ချို၏အဖြစ်အားကြည့်ကာ ဝမ်းယိုယုမှာ ရင်ထိတ်သွားလေသည်။

‘ဟိုက်...ဒုက္ခပါပဲ၊ စားထားတဲ့အစားအစာတွေဟာ ကင်းခြေများတွေ ဖြစ်ကုန်ပြီလား’

သူ၏စကားကြောင့် ဝမ်းယိုယုရင်ထဲ၌ ပိုမိုလှုပ်ရှားလာလေသည်။

သူမက အစာအိမ်တွင်း၌ တီကောင်နှင့် ကင်းလိပ်ချောများ လှုပ်ရှားသွားလာနေသည်ဟု ထင်မိလေသည်။

မျက်နှာတစ်ခုလုံးမှာလည်း ဖြူဖတ်ဖြူရော်ဖြစ်လျက် ပျို့အန်ချင်လာ၏။

သူမက စိတ်ကို ချုပ်တည်းထားနိုင်စွမ်း မရှိတော့ပါချေ။

ရှူးရှူးဝါးဝါး အော်ဟစ်ရန် ပြင်လိုက်စဉ်မှာပင် အနောက်ဘက်မှ ရှောင်ချူဖုံး၏အသံ ထွက်ပေါ်လာလေသည်။

‘ဟေ့ ငါ့အနားမကပ်နဲ့’

တစ်ဆက်တည်းမှာပင် တုဖွန်း၏အသံ ထွက်ပေါ်လာ၏။

‘မင်းဘယ်သူလဲ’

သူတို့နှစ်ယောက်အသံ ဆုံးသွားသောအခါ ရယ်မောသံတစ်ခု ထွက်ပေါ်လာပြန်သည်။



‘ဟဲ...အဲ...အဲ’

ရယ်မောသံမှာ ငှက်ဆိုးထိုးသံနှင့် တူလှပေသည်။

ယင်းရယ်မောသံကြောင့် ဝမ်းယိုယုမှာ ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားလေသည်။

‘ဒါ...ဒါ...ခူးမင်းရဲ့ ရယ်သံပါလား’

ဝမ်းစိန်က မျက်မှောင်ကြုတ်လိုက်၏။

‘ခူးမင်းဆိုတာ ဘယ်သူလဲ’

ဝမ်းယိုယုက....

‘ခူးမင်းဆိုတာ ဆိုင်ရှင်ပေါ့’

‘ဗျာ....’

ဝမ်းစိန် ထိတ်လန့်သွားမိလေသည်။

အခန်းတွင်းရှိ ရပ်နေကြသူများမှာလည်း ကြောက်၍ တုန်လှုပ်သွားကာ တစ်နေရာတည်း စုပြုံသွားကြလေသည်။

* * *

ဝမ်းယိုယုက နောက်ဖေးဘက်သို့ လှမ်းကြည့်လိုက်၏။

သူမက တိုက်ခိုက်သံများ ကြားလိုက်ရသည်ဟု ထင်လိုက်မိလေသည်။

သို့သော် သေချာစွာနားထောင်လိုက်သောအခါ မည်သည့် အသံမျှ မကြားရတော့ပါချေ။

သူမ၏စိတ်ထဲမှ ထင်နေခြင်းဖြစ်၏။

ဤသို့ဆိုလျှင် မကြာသေးမီကပင် ကျယ်လောင်စွာ အော်ဟစ်ခဲ့သော ရှောင်ချူဖိုးနှင့် တုဖုန်းတို့မှာ မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

ခူးမင်း၏ငယ်သံကိုလည်း သူမက သေချာစွာကြားခဲ့ရသည် မဟုတ်ပါလော။

သူမက ဝမ်းစိန်ကိုကြည့်ရင်းမှ....

'ကျွန်မတို့ အထဲဝင်ကြည့်ရင် ကောင်းမယ်ထင်တယ်'

ဝမ်းစိန်က အဖြေမပေးပါချေ။

ဆိုင်အနောက်ဘက်သို့သာ စိုက်ကြည့်နေ၏။

ထိုစဉ်မှာပင်....



'ဝုန်း'

ဟူသော ကျယ်လောင်သော အသံနှင့်အတူ အနောက်ဘက် ကျဉ်းမြောင်းသော လမ်းကလေးမှတစ်ဆင့် လူတစ်ယောက်က အပြင်သို့ လွင့်ထွက်လာလေသည်။

ဝမ်းယိုယုမှာ ရှောင်ချူဖိုးအတွက် စိတ်ပူသွားမိလေသည်။ လွင့်စဉ်ထွက်လာသူ၏ အနီးသို့ ချက်ချင်း ပြေးသွားကာ ပွေ့ထူရန် ပြင်လိုက်လေသည်။

သို့သော် သူမက ပွေ့ထူရန် မလိုတော့ပါချေ။

အနောက်ဘက်သို့ လွင့်စဉ်ထွက်လာသူက လူးလိမ့်ကာ ထရပ်လိုက်လေသည်။

သူ၏မျက်နှာမှာ နာကျင်မှုကို မခံစားရသည့်အလား....

သို့မဟုတ် သူ၏အနားသို့ ဝမ်းယိုယု ကပ်လာသည်ကို သဘောကျသွားသည့်အလား ပြုံးလိုက်လေသည်။

ထိုသူ၏ ပြုံးလိုက်သောမျက်နှာအား တွေ့မြင်လိုက်သော အခါ ငယ်သံပါအောင် အော်ဟစ်လိုက်ပြီး အနောက်သို့ဆုတ် သွားလေသည်။

အနောက်ဘက်မှ လွင့်စဉ်လာသူမှာ ရှောင်ချူဖိုး မဟုတ် ပါချေ။

ပျောက်ဆုံးနေသော ဆိုင်ပိုင်ရှင် ခူးမင်းဖြစ်လေသည်။

ထူးခြားသည်မှာ ခူးမင်း၏သွားများ ရှေ့သို့ ရှည်လျားစွာ ထွက်လာခြင်းပင် ဖြစ်သည်။

* * *

'ဂျုန်း'

မိုးချုန်းသံ ထွက်ပေါ်လာပြန်သည်။

လျှပ်စီးများ ပြိုးခနဲ လက်ခနဲ ဖြစ်သွားလေသည်။

အခန်းတစ်ခုလုံးမှာ ပို၍ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ခူးမင်းက ပြုံးပြလိုက်ပြန်သည်။

သူ၏ နဂိုကပေါ်နေသောသွားမှာ လက်ညှိုးတစ်ချောင်းခန့် ပို၍ရှည်ထွက်လာသည်။

ထို့ကြောင့် သူပြုံးလိုက်သောအခါ ကြောက်မက်ဖွယ်ရာ ကောင်းနေတော့၏။



ဝမ်းယိုယုမှာ ကြောက်ရွံ့လွန်း၍ အသံပင်မထွက်နိုင်တော့ပါချေ။

ဝမ်းစိန်က နောက်သို့ တဖြည်းဖြည်းဆုတ်သွား၏။

'မလာနဲ့....မလာနဲ့... ကျုပ်ဆီမလာနဲ့'

ခူးမင်းက ရယ်မောလိုက်သည်။

'ဟဲ....ဟဲ... ဟဲ မင်းတို့က ငါ့အစား စားတယ်၊ ငါ့နေရာမှာလဲ နေလိုက်သေးတယ်၊ ငါ့ကို မောင်းထုတ်ချင်ကြတယ်လား'

ဝမ်းယိုယုမှာ နောက်သို့ ဆုတ်သွားလေသည်။

သူမက ခူးမင်းအား ကြောက်ရွံ့စွာ ကြည့်လိုက်၏။

'ကျွန်မတို့ ရှင့်ပစ္စည်းစားတာ ငွေပေးပြီးသားပဲ မဟုတ်လား၊ ရှင်....ရှင်က သရဲလား'

ခူးမင်းက ရယ်မောလိုက်ပြန်လေသည်။

'ကျုပ် ခုတင်ပေါ်မှာမအိပ်ဘဲ ဘာကြောင့် ခေါင်းထဲမှာ အိပ်သလဲဆိုတာ မင်းသိပြီမဟုတ်လား'

ဝမ်းယိုယုက....

'ရှင်.... ဒုက္ခမပေးပါနဲ့၊ ရှင့်အတွက် ကောင်းမှုကုသိုလ် လုပ်ပေးပါ့မယ်'

ခူးမင်းက....

'မလိုပါဘူး၊ မင်းတို့ ငါ့ထမင်းစားပြီးသွားပြီ၊ မကြာခင် သေရာစ့မယ်'

ဝမ်းခိန်မှာ ဤအခန်းထဲ၌ ဆက်၍ မနေရဲတော့ပါချေ။

သူက ကျယ်လောင်စွာအော်ဟစ်လိုက်၏။

'အားလုံး ပြေးကြဟေ့'

သူ၏စကားကြောင့် ခူးမင်းက အားပါးတရ ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား ပြေးမယ် ဟုတ်လား၊ မင်းတို့ပြေးလို့ မလွတ်တော့ပါဘူး၊ နောက်ထပ် အမွှေးတိုင်တစ်ဝက် ကုန်သွားရင် မင်းတို့အားလုံး ငါ့ဆီ ရောက်ရတော့မှာပါကွာ'

သူက ယင်းသို့ပြောရင်းမှ တဖြည်းဖြည်း ရှေ့သို့တိုးလာနေ၏။

ယင်းတစ်ဒင်္ဂ အချိန်ကလေးမှာပင် အနောက်ဘက်မှ လူတစ်ယောက် ပြေးထွက်လာလေသည်။



'ခူးမင်း၊ ခင်ဗျား သရဲဟန်ဆောင်ပြီး ခြောက်ပေးမယ့်ကျုပ် မကြောက်ဘူးဗျ၊ သေဖို့သာပြင်ထား'

ပြေးထွက်လာသူမှာ ရှောင်ချူဖုံးပင် ဖြစ်သည်။

ရှောင်ချူဖုံး၏ လက်ထဲတွင် ဓားတစ်လက် ကိုင်ထားလေသည်။

သူက ဧည့်ခန်းအတွင်းသို့ ရောက်ရှိသည်နှင့် ခူးမင်းအား တရကြမ်း တိုက်ခိုက်လိုက်လေသည်။

*　　　*　　　*

ခူးမင်းက ပြေးထွက်လာသော ရှောင်ချူဖုံးအား ပြန်လည် တိုက်ခိုက်လိုက်လေသည်။

ရှောင်ချူဖုံးက ဓားကွက် တစ်ဆယ့်သုံးကွက်တိတိ ဆက်၍ တိုက်ခိုက်လေသည်။

ရှောင်ချူဖုံး၏ ဓားကွက် တစ်ဆယ့်သုံးကွက်မှာ အဆင့်မမြင့်လှပေ။

သာမန်လူဆိုလျှင် ယင်းခေါးချက်အောက်၌ အသက်ပျောက်သွားမည်သာဖြစ်၏။

သို့သော် ခူးမင်းမှာမူ အသာအယာ ရှောင်တိမ်းနိုင်ခဲ့လေသည်။

သူက ရှောင်ချူဖုံး၏ ခေါးချက်များအား နောက်ဆုတ်ရှောင်တိမ်းရင်းမှ နောက်သို့ ခုန်တက်လိုက်၏။

ထိုမှတစ်ဆင့် ခေါင်မိုးထုပ်တန်းဆီသို့ ခုန်တက်လိုက်လေသည်။

ခူးမင်းလှုပ်ရှားလိုက်သောအခါ အခန်းထဲမှ ပြာလဲ့လဲ့မီးရောင်မှာ မှိန်ကျသွားလေသည်။

ထိုအခါ ခူးမင်း၏မျက်နှာ ကွယ်ပျောက်သွားပြီး အရိုးစုတစ်ခုက ပေါ်ထွက်လာလေသည်။

ထူးခြားသည်မှာ ဟောက်ပက်ဖြစ်နေသော အရိုးစု၏ မျက်လုံးမှ ပြာလဲ့လဲ့အရောင် တောက်ပသည့် မျက်လုံးအစုံ ရှိနေလေသည်။

'ဟား....ဟား....ဟား အချိန်ရောက်ပြီ၊ မင်းတို့ သေဖို့အချိန်ရောက်ပြီ'



စကားသံဆုံးသွားပြီး မရှေးမနှောင်းမှာပင် ပြာလဲ့လဲ့မျက်လုံးအစုံ ကွယ်ပျောက်သွားလေသည်။

ရုတ်တရက် ရှောင်ချူဖုံး၏ ကိုယ်ခန္ဓာ တစ်ချက် တုန်ခါသွားပြီး ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားလေတော့သတည်း။

* * *

အခန်းတွင်း၌ ပြာလဲ့လဲ့ အလင်းရောင် ရှိနေသေး၏။

သို့သော် အလွန် မှေးမှိန်နေသဖြင့် သဲကွဲစွာ မမြင်ရပါချေ။

ရှောင်ချူဖုံးမှာ ကြမ်းပြင်ပေါ်၌ လဲကျလျက်ရှိ၏။

အခန်းတစ်ခုလုံး တိတ်ဆိတ်နေသည်။

သို့သော် ပြင်းပြသည့် အသက်ရှူသံများ၊ သက်ပြင်းချသံများက စုံလင်စွာ ထွက်နေ၏။

ဝမ်းယိုယုက ပတ်ဝန်းကျင်သို့ တစ်ချက် ဝေ့ကြည့်လိုက်လေသည်။ ထို့နောက် လဲကျနေသော ရှောင်ချူဖုံးအား ကြည့်လိုက်၏။

'ရှောင်ချူဖုံး ရှင် ဘာဖြစ်သလဲ'

ရှောင်ချူဖုံးမှာ ကြမ်းပြင်ပေါ်၌ မလှုပ်မယှက် လဲကျနေ၏။ ဝမ်းယိုယုက တီးတိုးမေးလိုက်သော်လည်း ပြန်လည်ဖြေကြားသံ ထွက်ပေါ်မလာပါချေ။

သူမက ရှောင်ချူဖုံးအတွက် စိုးရိမ်သွားမိလေသည်။

ထို့ကြောင့် သူမက ရှောင်ချူဖုံးအနီးသို့ လျှောက်သွားရန် ပြင်လိုက်စဉ်....

လောက်ချို၏စကားသံ ထွက်ပေါ်လာလေသည်။

'ဟင်... ငါဘယ်ကိုရောက်နေတာလဲ၊ ဘယ်လိုလုပ်ပြီး ခန္ဓာကိုယ်က ပေါ့ပါးနေတာလဲ၊ လေထဲမှာ လွင့်မျောနေတာများလား မသိဘူး'

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ဝမ်းယိုယု၏အသံက ထွက်ပေါ်လာလေသည်။

'ဟုတ်တယ်၊ ငါလဲဒီလိုပဲ၊ ကေန္တ ငါတို့ ယမမင်းဆီ ရောက်နေကြပြီထင်တယ်'



ထိုစကား ကြားလိုက်ရသောအခါ ဝမ်းယိုယုမှာ ဇတ်လန့်အံ့ဩသွားလေသည်။

သူမက ဝမ်းစိန်တို့ရှိရာသို့ လှည့်ကြည့်ကာ အော်ဟစ်လိုက်လေသည်။

'ရှင်တို့ မဟုတ်တာတွေပြောမနေနဲ့၊ ဒါ ယမမင်းတိုင်းပြည် မဟုတ်ဘူး၊ ခူးမင်းစားသောက်ဆိုင်ရှင့်'

ဝမ်းစိန်၏အသံက အေးတိအေးစက် ထွက်ပေါ်လာသည်။

'မင်း ဘယ်သူလဲ'

ဝမ်းယိုယု နှာခေါင်းတစ်ချက်ရှုံ့လိုက်သည်။

'အနီရောင်မိန်းကလေး အပြူရောင်မြင်းဆိုတာ ရှင်တို့မကြားဖူးဘူးလား'

ဝမ်းစိန်က ဦးရှုစွာ ရယ်မောလိုက်သည်။

'ဟား... ဟား... ဟား... မင်းက ဝမ်းယိုယုကိုး'

ဝမ်းယိုယုက....

'ဘယ့်နှယ့်လဲ ရှင်မှတ်မိပြီလား'

ဝမ်းစိန်က...

'မှတ်မိပေါ့ဗျာ၊ မင်းကြောင့် ကျုပ်တို့ ဒုက္ခရောက်ကြရတာ'

ဝမ်းယိုသူက မျက်မှောင်ကြုတ်လိုက်လေသည်။

'ရှင်ဘာပြောလိုက်သလဲ'

ဝမ်းစိန်က ခံပြင်းသောလေသံဖြင့် ...

'မင်းကြောင့် ဒုက္ခရောက်ရတာလို့ ပြောတာကွ၊ မင်းကျွေးတဲ့သမင်းကို စားမိလို့ ကျုပ်တို့ သေရတာ'

ဝမ်းယိုမှာ မျက်လုံးပြူးကျယ်သွားလေသည်။

ဝမ်းစိန်ပြောသောစကားများကို သူမ နားမလည်ပါချေ။

ဝမ်းယိုသူက ဝမ်းစိန်အား စိုက်ကြည့်လိုက်လေသည်။

'ဘာပဲဖြစ်ဖြစ် မင်းကို ဆုံးမရမယ်'

စကားသံ ဆုံးသွားသည်နှင့် တစ်ပြိုင်နက် ခြေသံတရှပ်ရှပ် ထွက်ပေါ်လာလေသည်။

ဝမ်းယိုသူက ခြေသံထွက်ပေါ်ရာသို့ ကြည့်လိုက်လေသည်။

မကြာပါချေ။



အမှောင်တွင်းမှ ပြာလဲ့လဲ့ မျက်လုံးနှစ်စုံက တရွေ့ရွေ့ ချဉ်းကပ်လာနေသည်ကို တွေ့မြင်လိုက်ရ၏။

ဝမ်းယိုသူ အံ့သြသွားလေသည်။

ဝမ်းစိန်နှင့် လောက်ချိုတို့မှာ အမှန်ပင် သေဆုံးသွားပြီလော။

သူမက ယင်းသို့ တွေးမိသောအခါ ထိတ်လန့်တုန်လှုပ်လာလေသည်။

ဝမ်းစိန်နှင့် လောက်ချိုတို့မှာ တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သဖြင့် ရှေ့သို့ခုန်ထွက်လိုက်လေသည်။

သူမက ခါးကြားမှဓားမြှောင်အား တင်းတင်းဆုပ်ကိုင်ထားရင်းမှ တိုက်ခိုက်ရန် ပြင်လိုက်စဉ် ...

သူမ၏နောက်ကျောအား တစ်စုံတစ်ယောက်က လေဖြင့် မှုတ်လိုက်သကဲ့သို့ အေးခနဲဖြစ်သွားလေသည်။

ဝမ်းယိုသူမှာ ကြက်သီးဖြန်းခနဲထလာကာ နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်လေသည်။

ထိုစဉ်မှာပင် အေးစက်သော လက်ဝါးတစ်ဖက်က သူမ၏ မျက်နှာအား အုပ်ချလိုက်လေသည်။

ဝမ်းယိုယုမြင်ကွင်း ရုတ်တရက် မှောင်မည်းကျသွား၏။

ထို့နောက် တစ်ကိုယ်လုံးပျော့ခွေကာ သတိလစ် မေ့မြောကျသွားလေတော့သည်။

## အခန်း (၄)

### တစ်မိုးသောက်သော်

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားလေသည်။

မည်မျှ အချိန်ကြာသွားမှန်း မသိပါချေ။

ဝမ်းယိုယု ပြန်လည်သတိရလာလေသည်။

သူ့ကေ မျက်လုံးကိုဖွင့်ကြည့်လိုက်သောအခါ...

ရုတ်တရက် မှုန်ဝါးနေရာမှ တဖြည်းဖြည်း ကြည်လင်လာလေသည်။

ခန္ဓာကိုယ်တစ်ခုလုံး အေးစက်နေပြီး မြေကြီးထဲ၌လဲလျောင်းနေကြောင်း သတိပြုမိလိုက်သည်။

တစ်ဆက်တည်းမှာပင် ကြောက်မက်ဖွယ်ရာ ကောင်းသည့် ပြာလဲ့လဲ့မျက်လုံးများ၊ ခူးမင်းအရိုးစုမျက်နှာ၊ လောက်ချို နှင့် ဝမ်းဝိန်တို့၏ မျက်နှာများအား ပြန်လည်မြင်ယောင်လာမိလေသည်။

သူမ ရင်ထိတ်သွားလေသည်။

ကပျာကယာ လူးလှိမ့်ထရန် ကြိုးစားသော်လည်း မရပါချေ။

သူမအား လေးလံသောပစ္စည်းတစ်ခုက ဖိထားလေသည်။

သူမ၏မျက်လုံး ဝိုင်းစက်ပြူးကျယ်သွား၏။

သူမသည် ကိုယ်ပေါ်၌ ဖိနေသော လေးလံသည့် အရာဝတ္ထုအား လက်ဖြင့် စမ်းသပ်ကြည့်လိုက်၏။

ယင်းသို့ စမ်းမိသောအခါ သူမ၏လက်ကို ဆတ်ခနဲ ပြန်လည် ရုပ်သိမ်းလိုက်လေသည်။

သူမ၏တစ်ကိုယ်လုံး ကြောက်ရွံ့ ထိတ်လန့်လွန်းသဖြင့် တောင့်တင်းအေးစက်သွားလေသည်။

သူမ၏ကိုယ်ပေါ်တွင် ဖိထားသောအရာဝတ္ထုမှာလူသေတစ်ယောက်ဖြစ်နေသည် မဟုတ်ပါလော။



'အမယ်လေး...ဖယ်...ဖယ်စမ်းပါ'

သူမက အားကုန်တကြား အော်ဟစ်လိုက်ရင်းမှ လက်နှစ်ဖက်ဖြင့် အားကုန်တွန်းချလိုက်လေသည်။

'အင့်'

မသဲကွဲညည်းသံနှင့်အတူ သူမကိုယ်ပေါ်တွင် ဖိနေသော လူမှာ နံဘေးသို့ လွင့်စဉ်ကျသွား၏။

ယင်းသို့ အသံကြားလိုက်ရသောအခါ ဝမ်းယိုယုမှာ လူသေမဟုတ်ဘဲ လူတစ်ယောက်ဖြစ်နေသည်ကို သိရှိလိုက်ရ၏။

သူမက ဒေါသခြောင်းခြောင်းထွက်သွား၏။

'ရှောင်ချူဖုံး...ရှင်...ရှင်'

သူမက အော်ဟစ်ရင်းမှ လူးလှိမ့်ထလိုက်လေသည်။

မှန်ပေသည်။

သူမ၏ကိုယ်ပေါ်တွင် ဖိနေသောလူမှာ ရှောင်ချူဖုံးပင်ဖြစ်လေသည်။

ရှောင်ချူဖုံးက သေဆုံးခြင်းမရှိပါချေ။

ဝမ်းယိုယု၏မျက်နှာ နီရဲသွားလေသည်။

သူမက လဲကျနေရာမှ ထလိုက်ပြီး....

'ရှင်....ရှင်... လူယုတ်မာ'

သူမက ယင်းသို့ပြောရင်းမှ ရှောင်ချူဖုံးအား လက်နှင့် ဖက်ပြင့် ထုရိုက်နေလေသည်။

ရှောင်ချူဖုံးက....

'ဟော့....ဟော့....ဘယ်လိုလုပ်ဘာလဲ'

ဝမ်းယိုသုက....

'ရှင်....လူယုတ်မာ... ရှင့်ကိုသတ်ပစ်ရမှ ကျေနပ်မယ်သိလား'

သူမက ယင်းသို့ပြောရင်းမှပင် ရှောင်ချူဖုံးအား တရကြမ်း ထုရိုက်နေပြန်လေသည်။

ရှောင်ချူဖုံးက နောက်ဆုတ်ရှောင်တိမ်းရင်းမှ လက်ဝါးနှင့် ဖက်ပြင့် ကာရင်း....

'ဟော့....အရမ်းမလုပ်နဲ့....'

ဝမ်းယိုယုအံကိုတင်းတင်းကြိတ်လိုက်လေသည်။

'လူယုတ်မာ....ရှင်စော်ကားဖို့ကြံစည်တာ ရှင့်ကိုသတ်ပစ်မယ်'



သူမက ပြောရင်း ခါးထောက်လိုက်သော်အခါ....

သူမ၏ခါးမှဓားအား စမ်းမိသွားလေသည်။

သူမသည် ကလွန့်ဝမ်းသာသွား၏။

ထို့ကြောင့် သူမခါးမှဓားကို ဆွဲထုတ်လိုက်သည်။

အခန်းတွင်းရှိ အလင်းရောင်ကြောင့် သူမလက်ထဲမှဓား ရောင်က ဝင်းလက်သွား၏။

ရှောင်ချူဖုံးရင်ထိတ်သွားလေသည်။

'ညီမ အရမ်းမလုပ်နဲ့၊ မှားမယ်'

ဝမ်းယိုယုမှာ ဒေါသခြောင်းခြောင်း ထွက်နေလေသည်။

'ဘာမှားတာလဲရှင့်....ကျွန်မကိုစော်ကားဖို့ ရှင်ကြံစည်ခဲ့တာ ကျွန်မအချိန်မီ သတိရလာလို့ပေါ့၊ကဲ....ရှင်သေဖို့သာ ပြင်ထား ပေတော့'

စကားဆုံးသည်နှင့် သူမက ဓားဖြင့်ထိုးသွင်းလိုက်လေသည်။

ရှောင်ချူဖုံး နောက်သို့ခုန်ဆုတ်လိုက်ရပြန်လေသည်။

အကယ်၍ သူကရှောင်တိမ်းခြင်း အနည်းငယ်မျှ နောက်ကျ ခဲ့ပါလျှင် ဝမ်းယိုယု၏ဓားချက်က သူ၏ဝမ်းဗိုက်သို့ ထိုးဖောက် သွားမည်သာ ဖြစ်ပေသည်။

သူက နောက်သို့ဆုတ်ရင်းမှ အော်ဟစ်လိုက်၏။

'ညီမ၊ အရမ်းမလုပ်ပါနဲ့. ကျုပ်ဘာမှမသိဘူး၊ မင်းတွန်း လိုက်မှ ကျုပ်လဲသတိရလာတာပါ'

'ကျုပ်၊ ဘာဆိုဘာမှ မသိပါဘူး'

သူ၏စကားကြောင့် ဝမ်းယိုယုမျက်မှောင်ကြုတ်သွားသည်။

ရှောင်ချူဖုံး၏စကားအား ယုံကြည်ရန် ခက်ခဲနေလေသည်၊

သူမ၏စိတ်ထဲမှ ပြန်လည်စစ်ဆေးကြည့်သောအခါမှ အပျို စဉ်ဘဝတွင် ရှိနေသေးကြောင်း သတိပြုမိလိုက်၏။

ဤသို့ဆိုလျှင် ရှောင်ချူဖုံးပြောသောစကားမှာ မှန်ကန်နေ ချေပြီ။

ဝမ်းယိုယုငေးငိုင်သွားသည်ကို တွေ့ရသည့်အခါ ရှောင်ချူ ဖုံးက ထပ်မံပြောလိုက်ပြန်သည်။

'ညီမ၊ ကျုပ်တကယ်ပြောနေတာပါ၊ ကျုပ်လဲ ဘာမှမသိ ပါဘူး၊ ညီမတွန်းလိုက်မှ သတိရလာတာပါ'



ဝမ်းယိုယုမျက်မှောင်ကြုတ်လိုက်၏။

'နေစမ်းပါဦး၊ ဘယ်အချိန်က သတိမေ့သွားတာလဲ'

ရှောင်ချူဖုံးက ပြန်လည်စဉ်းစားလိုက်၏။

သူက အတန်ကြာမှ သက်ပြင်းတစ်ချက် ချလိုက်ရင်းမှ....

'ကျုပ် အနောက်ဘက်ကို ပြန်သွားတော့ ခူးမင်းကို မမျှော် လင့်တဲ့ ထင်းလှောင်ခန်းမှာ တွေ့ရတယ်ဗျ၊ သူက ကျုပ်ကို ချောက်လှန့်တယ်လေ၊ ကျုပ်က ခြေထောက်နဲ့ ပင့်ပြီး ကန်လိုက် လို့ သူက အပြစ်ကို လွှင့်သွားတယ်ဗျ'

ဝမ်းယိုယုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ အပြင်ရောက်တာနဲ့ ကျွန်မတို့ကို ရန်ရှာတော့ တာပေါ့'

ရှောင်ချူဖုံးက....

'ကျုပ်က အပြင်မှာ အခြေအနေမဟန်မှန်း သိလိုက်လို့ ချက် ချင်း ဓားဆွဲထုတ်ပြီး ပြေးထွက်လာခဲ့တာလေ'

သူက စကားဆက်ပြန်သည်။

'နောက်တော့ ကျုပ်က သူ့ကိုတိုက်ခိုက်တာ ညီမတွေ့မှာ ပါ'

ဝမ်းယိုယုက...

'အင်း မြင်ပါတယ်'

ရှောင်ချူဖုံးက....

'သူက ခေါင်မိုးထုပ်တန်းပေါ် ခုန်တက်သွားတော့ ကျုပ်က လိုက်ပြီး တိုက်ခိုက်ဖို့ပဲ၊ ဒါပေမယ့် ဘယ်လိုဖြစ်သွားတယ် မသိဘူး၊ တစ်ကိုယ်လုံး ထုံကျဉ်ပြီး လဲကျသွားတော့တာပဲ'

သူက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'အင်း....ညီမရဲ့ အော်သံကြားမှ ပြန်ပြီး သတိရလာတယ်လေ'

ဝမ်းယိုယုက မျက်မှောင် [illegible]က်သွား၏။

သူ၏မျက်နှာအား အေးစက်သော လက်တစ်ဖက်က သာရောက် ထိတွေ့စဉ် ကြောက်လန့်၍ မေ့မြောသွားသည်ကို သတိရလိုက်၏။

ရှောင်ချူဖုံးက စကားဆက်လိုက်လေသည်။

'ကျုပ် ခေါင်းထောင်ကြည့်တော့၊ ညီမ ကြမ်းပြင်ပေါ်ကို လဲကျနေတာ တွေ့ရတယ်လေ၊ ခူးမင်းကလဲ ထုပ်တန်းပေါ်က ဆင်းလာနေပြီ'



သူက ခေတ္တနား၍ စကားဆက်လိုက်လေသည်။

'ဒီတော့ ကျုပ်လဲ မကြံတတ်တော့ဘဲ အင်္ကျီ ချွတ်ပြီး ညီမကိုယ်ပေါ် ဖိချကာကွယ်ထားလိုက်ပြီး ကျုပ်လဲ မေ့မြောသွားတာ၊ ညီမ တွန်းဖယ်လိုက်မှ သတိဝင်လာတော့တာပါပဲ'

မှန်ပေသည်။

ရှောင်ချူဖုံးကိုယ်ပေါ်တွင် အင်္ကျီမရှိပါချေ။

ဝမ်းယိုယုက အံ့သြသွားလေသည်။

'နေစမ်းပါဦး၊ ရှင်က ဘာဖြစ်လို့ အင်္ကျီချွတ်လိုက်ရတာလဲရှင့်'

ရှောင်ချူဖုံးက ပုံး၍ နောက်သို့ လှည့်ပြလိုက်လေသည်။

ထိုအခါ သူ၏နောက်ကျော၌ ဆေးမင်များ၊ အင်းကွက်များ ထိုးထားသည်ကို တွေ့ရှိလိုက်ရ၏။

ဝမ်းယိုယု ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ရှောင်ချူဖုံးက ရှင်းပြလိုက်၏။

'ကျုပ်ငယ်ငယ်တုန်းက သရဲကြောက်တတ်လို့ သရဲမလာဝံ့အောင် ထိုးထားတာပါ၊ ယုံဘာ မယုံဘာ အပသားလေ'

သူက ပြုံး၍ စကားဆက်လိုက်လေသည်။

'ကျုပ်လဲ ကြံရာမရတော့ ကိုယ်ပေါ်က အင်းကွက်ကို ဖော်ပြီး ညီမအပေါ် ပိထားလိုက်တဲ့ အတွက်ကြောင့် ခူးမင်း ထွက်ပြေးသွားတာ ဖြစ်ရမယ်'

သူ၏စကားများကို ဝမ်းယိုယုက အယုံအကြည် မရှိပါချေ။ လောကတွင် သရဲရှိနေသည်ကိုလည်း လက်မခံနိုင်ပါချေ။

သို့သော် သူမ လက်တွေ့ မကောင်းဆိုးဝါးနှင့် ကြုံတွေ့ခဲ့ရသလို ဖြစ်နေလေသည်။

ဝမ်းယိုယုမှာ တွေဝေနေမိလေသည်။

ရှောင်ချူဖုံးက မြေပေါ်တွင် ပြုတ်ကျနေသော အင်္ကျီအား ပြန်လည် ဝတ်ဆင်လိုက်၏။

ဝမ်းယိုယုက ပတ်ဝန်းကျင်သို့ ဝေ့ဝဲကြည့်ရှုလိုက်စဉ်...

'အမယ်လေး'

သူမက ရုတ်တရက် ထိတ်လန့်စွာ အော်ဟစ်လိုက်လေသည်။

ရှောင်ချူဖုံးက မျက်မှောင်ကြုတ်သွားလေသည်။

'ညီမ ဘာဖြစ်လို့လဲ'



ဝမ်းယိုယုက တစ်နေရာသို့ လက်ညှိုးထိုးပြလိုက်လေသည်။

ရှောင်ချူဖုံးက လှမ်းကြည့်လိုက်သောအခါ မနီးမဝေးတွင် ခေါင်းနှစ်လုံး ရှိနေလေသည်။

ရှောင်ချူဖုံး အံ့သြသွားလေသည်။

သို့သော် ရှည်ရှည်ဝေးဝေး မတွေးတော့ပါချေ။

'ကဲ...ညီမ၊ ကျုပ်တို့ ဒီနေရာက ထွက်သွားကြပါစို့'

သူက ယင်းသို့ပြောရင်း ထွက်ခွာရန် ခြေလှမ်းပြင်လိုက်၏။ သူ၏ခြေလှမ်း ရပ်တန့်သွားလေသည်။

အကြောင်းမှာ ကြမ်းပြင်ပေါ်၌ ကင်းခြေများနှင့်တီကောင်များ ရှိနေသည်မဟုတ်ပါလော။

ဝမ်းယိုယုမှာလည်း လောက်ချီအနံစဉ်က ကင်းခြေများ တစ်ကောင် ပါလာသည်ကို သတိရလိုက်မိ၏။

ပတ်ဝန်းကျင်သို့ ဝေ့ဝဲကြည့်ရှုလိုက်ရာ သူတို့နှစ်ယောက်မှလွဲ၍ ဝမ်းစိန်တို့လူစုကို မတွေ့ရပါချေ။

ဝမ်းယိုယုက မျက်မှောင်ကြုတ်သွားလေသည်။

'ဝမ်းစိန်တို့လူစု ဘယ်ရောက်သွားပြီလဲ'

ရွှေချင်ချူဖုံးက ခေါင်းခါယမ်းလိုက်လေသည်။

'ကျုပ်လဲမသိပါဘူး'

ဝမ်းယိုယုက…

'သူတို့ သေကုန်ကြပြီလား မသိဘူးနော်'

ရွှေချင်ချူဖုံးက ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝမ်းယိုယု ထိတ်လန့်ကြောက်ရွံ့လာမိပြန်လေသည်။

သူမက ရွှေချင်ချူဖုံးအား စေ့စေ့ကြည့်လိုက်သည်။

'ကျွန်မတို့ ဒီနေရာက ထွက်သွားကြပါစို့နော်'

ရွှေချင်ချူဖုံးက ခေါင်းညိတ်လိုက်သေသည်။

သူတို့နှစ်ယောက် ထိုနေရာမှထွက်ခွာရန် ခြေလှမ်းပြင်လိုက်ကြလေသည်။

သို့သော် သူတို့က ထွက်ခွာ၍ မရနိုင်သေးပါချေ။

အကြောင်းမှာ သူတို့ရောက်ရှိနေသော နေရာမှာ အလုံခန်းတစ်ခုဖြစ်၏။



ဘဲဥပုံသဏ္ဍာန် ခပ်ဝိုင်းဝိုင်းဖြစ်သည်။

အခန်းပတ်လည်တွင် အုပ်များစီထား၏။

တံခါးပေါက်ဟူ၍လည်း လုံးဝမတွေ့ရပါချေ။

ကြမ်းပြင်မှာ မြေကြီးမျှသာ ဖြစ်သည်။

ရွှေချင်ချူဖုံးက မျက်မှောင်ကြုတ်ကာ မျက်နှာကြက်ပေါ်သို့ ငုံ့ကြည့်လိုက်လေသည်။

မျက်နှာကြက် အမိုးမှာလည်း အင်္ဂတေများ၊ အုတ်များဖြင့် စီထားလေသည်။

နံရံပေါ်တွင် ပြတင်းပေါက်ငယ်တစ်ခုရှိပြီး ယင်းအပေါက်ငယ်မှ အလင်းရောင်များ တိုးဝင်လာခြင်း ဖြစ်လေသည်။

ရွှေချင်ချူဖုံးနှင့် ဝမ်းယိုယုတို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။

ရွှေချင်ချူဖုံးက သက်ပြင်းချလိုက်လေသည်။

'ကျုပ်တို့ ဒီပြတင်းပေါက်ကနေ အပြင်ကိုထွက်မှဖြစ်မယ်'

ဝမ်းယိုယုက ခေါင်းညိတ်လိုက်လေသည်။

သို့သော် …

ပြတင်းပေါက်အမြင့်မှာ ရှိနံ့အကဲသာယ်ပေအမြင့်တွင်ရှိနေ၏။ သူတို့နှစ်ယောက်စလုံးမှာ အားအင်ကုန်ခန်းနေပြီဖြစ်သဖြင့်လည်း ခုန်တက်ရန် မလွယ်ကူပါချေ။

ပြတင်းပေါက်မှာ လူတစ်ယောက်ဝင်ရုံသာရှိသဖြင့် တက်၍ရမည်မဟုတ်ပါချေ

ဝမ်းယိုယုက စိတ်ပျက်သောလေသံဖြင့်....

'ဒီပြတင်းပေါက်ကနေ အပြင်ကို ဘယ်လိုလုပ်ထွက်မှာလဲ'

ရှောင်ချူဖုံးလည်း အကြံအိုက်သွား၏။

ရုတ်တရက် သူက အခန်းတွင်းရှိခေါင်းနှစ်လုံးအား သတိရသွားကာ ပြုံးလိုက်မိလေသည်။

'ဟာ....ကျုပ်အကြံရပြီဗျို'

သူ၏စကားကြောင့် ဝမ်းယိုယုမှာ ဝမ်းသာသွားလေသည်။

'ကျွန်မတို့ ဒီကထွက်လို့ရတော့မလား'

ရှောင်ချူဖုံးက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်'

ဝမ်းယိုယုက....



'ဘယ်လိုလုပ်ပြီး ထွက်မှာလဲရှင့်'

ရှောင်ချူဖုံးက....

'အပေါက်မြင့်နေလေတော့ခေါင်းတွေကိုထပ်ပြီးဆင့်ရမယ်၊ ခေါင်းတွေကို ခုံအဖြစ်အသုံးပြုပြီး အပေါ်တက်ကြမယ်'

ဝမ်းယိုယုက ဤသို့မပြုလုပ်ချင်ပါပေ။

သို့သော် ထိုသို့မလုပ်၍ မဖြစ်မှန်း သဘောပေါက်လိုက်၏။

ထို့ကြောင့် ခေါင်းညိတ်လိုက်ရလေသည်။

'အင်း...ကောင်းပြီလေ၊ ကြောက်စရာကောင်းတဲ့ ခေါင်းတွေဟာ ကျွန်မတို့အတွက် အသုံးဝင်လာပြီပေါ့'

သူတို့နှစ်ယောက် ခေါင်းများကို တစ်ယောက်တစ်ဖက် မ၍ နှစ်လုံးဆင့်လိုက်လေသည်။

နံရံအနီးကပ်ကာ ဆင့်လိုက်သောကြောင့် ခေါင်းပေါ်သို့ တက်လိုက်သောအခါ ပြတင်းပေါက်အနီး ဒီသွားလေသည်။

ရှောင်ချူဖုံးက သဘောကျစွာပြုံးလိုက်သည်။

'ကဲ....ညီမ အရင်တက်ပေတော့'

ဝမ်းယိုယုက ခေါင်းညိတ်လိုက်လေသည်။

ထို့နောက် ခေါင်းနှစ်လုံးပေါ်တက်၍ ပြတင်းပေါက်ဘောင်အား လက်နှစ်ဖက်ဖြင့် ကုပ်တွယ်တက်သွားလေ၏။

မကြာပါချေ။

ဝမ်းယိုယု အပြင်ဘက်သို့ တိုးထွက်သွားတော့၏။

သူမ အပြင်သို့ ရောက်သွားမှ ရှောင်ချူဖုံးက သဘောစကျစွာ ရယ်မောလိုက်၏။

'တို့တစ်တွေ လွတ်မြောက်ပြီကွ'

သူက တီးတိုးရေရွတ်ရင်းမှအပေါ်သို့လှမ်းတက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင်....

'အား....'

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ဝမ်းယိုယု၏အသံဖြစ်သည်။

ရှောင်ချူဖုံး ရင်ထိတ်သွားလေသည်။



သူက အပေါ်သို့ခုန်တက်ကာ ပြတင်းပေါက်ဘောင်အား တွယ်ကပ်၍ အပေါ်သို့ လျင်မြန်စွာ တက်သွားလေတော့သည်။

* * *

'ဟာ....'

ရုတ်တရက် ကျယ်လောင်သော အာမေဋိတ်သံတစ်ခု ထွက်ပေါ်လာလေသည်။

ရှောင်ချူဖုံး၏ အသံဖြစ်သည်။

သူက ပြတင်းပေါက်မှ တစ်ဆင့် အပြင်သို့ ရောက်ရှိသွားပြီ ဖြစ်လေသည်။

ထိုအခါ ပထမဆုံး သူမြင်တွေ့လိုက်ရသော မြင်ကွင်းမှာ....

သင်္ချိုင်းကုန်းတစ်ခု ဖြစ်နေသည် မဟုတ်ပါလော။

ယင်းကြောင့် သူက အံ့သြထိတ်လန့် သွားမိလေတော့သည်။

* * *

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက် နေလေသည်။

ရှတ်တရက် လေပြည်လေညင်းကလေးမှာ ဝေ့ဝဲတိုက်ခတ်လာစဉ် တောပန်းရနံ့လေးများ ပါရှိလာလေသည်။

နေရောင်ခြည်ကြောင့် အရာရာကို သဲကွဲစွာ မြင်တွေ့နေရလေသည်။ ဤနေရာမှာ သင်္ချိုင်းမြေတစ်ခု ဖြစ်၏။

မြက်ပင်ရှည်များထူထပ်စွာပေါက်နေပြီး ယင်းမြက်ပင်များကြား၌ အုတ်ဂူများ ဟိုတစ်လုံး သည်တစ်လုံး ရှိနေလေသည်။

ဝမ်းယိုယူက ရှောင်ချူဖုံးအား ကြည့်လိုက်သည်။

ရှောင်ချူဖုံးက သက်ပြင်းတစ်ခုကို ကျိတ်၍ ချလိုက်မိလေသည်။

သူကိုယ်တိုင် ထိတ်လန့်ကြောက်ရွံ့နေမိသည် မဟုတ်ပါလော။ မည်သူမဆို သင်္ချိုင်းမြေထဲသို့ ရောက်ရှိလာကာ အုတ်ဂူထဲ၌ အိပ်စက်ခဲ့ရပါလျှင် အနည်းနှင့်အများ ကျောချမ်းကြောက်ရွံ့ကြမည် မဟုတ်ပါလော။

ရှောင်ချူဖုံးက သက်ပြင်းကို ကျိတ်ချလိုက်၏။

တစ်ဖန် သူတို့ထွက်လာသော ပြတင်းပေါက်အား ကြည့်လိုက်လေသည်။

အမှန်တွင် သူတို့ တိုးထွက်လာသော အပေါက်မှာ ပြတင်းပေါက် မဟုတ်ပါချေ။



အုတ်ဂူတစ်လုံးတွင် ကမ္ပည်းထိုးထားသော ကျောက်ပြားမှာ ကွာကျနေပြီး အပေါက်ဖြစ်နေခြင်းသာဖြစ်၏။

သူတို့နှစ်ယောက်က အုတ်ဂူတစ်ခု၏ မြေကျင်းထဲသို့ရောက်ရှိနေခဲ့ခြင်းပင် ဖြစ်ပေသည်။

ရှောင်ချူဖုံးက ပခုံးတွန့်လိုက်လေသည်။

ခူးမင်းစားသောက်ဆိုင်မှာ အုတ်ဂူတစ်လုံးအဖြစ် ပြောင်းလဲသွားခြင်းကြောင့်လည်း အံ့သြနေမိသည်။

ဝမ်းယိုယူက ရှောင်ချူဖုံးအား လှမ်းကြည့်လိုက်သည်။

'ကျွန်....ကျွန်မတို့ ဘယ်ရောက် နေတာလဲဟင်'

ရှောင်ချူဖုံးက....

'ညီမမြင်တဲ့အတိုင်းပဲ၊ သင်္ချိုင်းတစ်ခုထဲကို ရောက်နေကြတာလေ'

ဝမ်းယိုယူက မျက်မှောင်ကြုတ်သွားလေသည်။

'ဒါဖြင့် ကျွန်မတို့ ရောက်ခဲ့တဲ့ ခူးမင်း စားသောက်ဆိုင်ဟာ....'

သူမက စကားကိုရပ်ကာ ရှောင်ချူဖုံးအား စိုက်ကြည့်လိုက်သည်။

ရှောင်ချူဖုံးက ခေါင်းညိတ်လိုက်လေသည်။

'ကျုပ်တို့ နှစ်ယောက်ဟာ ခူးပင်းစားသောက်ဆိုင်ထဲ ရောက်သွားကြတယ်နော်၊ အခု သတိရလာတော့ အုတ်ဂူထဲ ရောက်နေပြီ'

သူက သက်ပြင်းတစ်ချက်ချ၍ စကားဆက်လိုက်၏။

'ဒီလိုဆိုတော့ ခူးပင်းစားသောက်ဆိုင်ဟာ သချိုင်းမြေထဲက အုတ်ဂူတစ်လုံး ဖြစ်နေပြီလား မသိဘူးကွာ'

ဝမ်းယိုယု ကျောချမ်းသွားလေသည်။

သူမသည် ကြုံတွေ့ခဲ့ရသောအဖြစ်အပျက်များအား ပြန်လည် မစဉ်းစားလိုတော့ပါချေ။

ဤနေရာ၌လည်း သူမ မနေလိုတော့ပေ။

ထိုအချိန် မြင်းဟီသံတစ်ချက်ထွက်ပေါ်လာသည်ကို ကြား လိုက်ရလေသည်။

ဝမ်းယိုယု၏ မျက်လုံးများ ဝင်းလက်တောက်ပသွားလေ သည်။

'ဒါ....ဒါ....ကျွန်မရဲ့ မြင်းဖြူအသံပဲ'

ရှောင်ချူဖုံး မျက်မှောင်ကြုတ်သွား၏။



'ဟင်....ဒါဆို ညီမရဲ့မြင်းဖြူ ဒီအနီးအနားမှာ ရှိမယ်ထင် တယ် လိုက်ရှာကြရအောင်'

သူတို့နှစ်ယောက်မှာ မြင်းဟီသံထွက်ပေါ်လာရာသို့ လျှောက် သွားကြလေသည်။

တစ်ခဏမျှ လှမ်းလိုက်မိသောအခါ....

မြက်ပင်ရှည်များကြား၌ မြင်းဖြူတစ်ကောင် ရှိနေသည်ကို တွေ့ရှိလိုက်ရ၏။

ယင်းမြင်းဖြူအား သစ်ပင်တစ်ပင်တွင် ချည်နှောင်ထား ခြင်း ဖြစ်လေသည်။

ဝမ်းယိုယု အံ့အားသင့်သွားလေသည်။

သူမ၏မြင်းဖြူအား ခူးပင်းစားသောက်ဆိုင်၏ ထံစက်မြိတ် အောက်ရှိ တိုင်တစ်တိုင်တွင် ချည်နှောင်ခဲ့သည် မဟုတ်ပါ လော။

မြင်းဖြူမှာ သူ၏သခင်မ ဝမ်းယိုယုအား တွေ့မြင်လိုက်ရ သောအခါ အသံကျယ်လောင်စွာ မြည်ဟည်းပြလိုက်လေသည်။

ဝမ်းယိုယုက မြင်းဖြူအနီးသို့ ပြေးသွားလေသည်။

ထို့နောက် သူမသည် မြင်းဖြူ၏ သစ်ပင်တွင် ချည်နှောင် ထားသော ကြိုးအား သေချာစွာ စစ်ဆေးကြည့်ရှုလိုက်၏။

သူမ၏မြင်းဇက်ကြိုးချည်နှောင်သည်မှာ တခြားလူများနှင့် မတူပါချေ။

ထို့ကြောင့် တစ်စုံတစ်ယောက်က ခူးမင်းစားသောက်ဆိုင်မှ ဖြုတ်ယူလာပြီး ဤနေရာတွင် ချည်နှောင်ထားပါက သိသာနိုင်ပေသည်။

ထို့အတွက်ကြောင့် မြင်းဇက်ကြိုးချည်နှောင်ပုံအား ကြည့်ကာ သူမ ခူးမင်းစားသောက်ဆိုင်သို့ရောက်ရှိနေခြင်းမှာ အုတ်ဂူတစ်ခုထဲသို့ ရောက်ရှိလာခြင်း မှန်မမှန် သိသာနိုင်ပေသည်။

ဝမ်းယိုယုက သစ်ပင်တွင် ချည်နှောင်ထားသော မြင်းဇက်ကြိုးအား သေချာစွာ စစ်ဆေးကြည့်ရှုလိုက်လေသည်။

သူမ၏မျက်လုံး ဝိုင်းစက်ပြူးကျယ်သွားလေသည်။

မြင်းဇက်ကြိုးမှာ သစ်ပင်တွင် ကျကျနန ချည်နှောင်ထားလေသည်။

ပိုနေသော ကြိုး၏တစ်ဖက်တွင် ကွင်းကလေးနှစ်ကွင်း ရှိနေကြောင်း တွေ့ရှိလိုက်ရသည်။

သူမက ယင်းသို့ ကြိုးအပိုအား ကွင်းနှစ်ကွင်းဖြစ်အောင် ချည်နှောင်နေကျ မဟုတ်ပါလား။

သူမနှင့်မြင်းဖြူမှာ ခူးမင်းစားသောက်ဆိုင်သို့ ရောက်ရှိခြင်း မဟုတ်ဘဲ သင်္ချိုင်းမြေထဲသို့ ရောက်ရှိခဲ့ခြင်းဖြစ်လေသည်။



ဝမ်းယိုယုမှာ စိတ်ရှုပ်ထွေးသွားလေသည်။

ထိုစဉ် မလှမ်းမကမ်း၌ လှုပ်ရှားမှုတစ်ခုတွေ့ရ၍ ရင်ထိတ်ကာ လှမ်းကြည့်လိုက်၏။

အညိုရောင်မြင်းတစ်ကောင်အား မလှမ်းမကမ်းတွင် ချည်နှောင်ထားလေသည်။

ဤမြင်းမှာ သူမ ခူးမင်းစားသောက်ဆိုင်သို့ ရောက်လာစဉ် ကြိုတင်ရောက်နှင့်နေသော လူတစ်ယောက်က တိုင်တစ်တိုင်တွင် ချည်နှောင်ထားသော မြင်းဖြစ်ကြောင်း မှတ်မိလိုက်လေသည်။

သူမ အံ့ဩနေစဉ် ချောင်ချုံဖုံး၏အသံက ထွက်ပေါ်လာ၏။

'ဟော....ကျုပ်မြင်းလဲ ရှိနေတာကိုး'

သူက ယင်းသို့ပြောရင်းမှ ဝမ်းသာအားရဖြင့် မြင်းညိုဆီသို့ ပြေးသွားလေတော့သည်။

ဝမ်းယိုယုမှာ ရှုးချင်လာလေသည်။

သို့သော် စိတ်ထင်းထားလိုက်ရ၏။

ယခု သူမကြုံတွေ့ရသော အဖြစ်အပျက်အား တစ်သက်တာမေ့နိုင်တော့မည် မဟုတ်ပါချေ။

သူမ အတွေးစကို ဖြတ်တောက်ပစ်လိုက်လေသည်။

'ကျွန်မတို့ ဒီနေရာက သွားကြပါစို့'

သူမက စကားဆုံးသည်နှင့် သစ်ပင်တွင် ချည်နှောင်ထားသော မြင်းဇက်ကြိုးအား ဖြည်လိုက်၏။

ထို့နောက် မြင်းပေါ်သို့ ခုန်တက်လိုက်လေသည်။

ရှောင်ချူဖုံးကလည်း မြင်းညိုပေါ်သို့ ခုန်တက်လိုက်၏။

ယင်းနောက် သချိုင်းမြေအား ကျောခိုင်း၍ ထွက်ခွာသွားကြလေတော့သည်။

* * *

သချိုင်းမြေမှာ အနောက်ဘက်တွင် ကျန်ရစ်ခဲ့လေပြီ။

ဝမ်းယိုယုက နောက်သို့လုံးဝမကြည့်ဘဲ မြက်ပင်များကြားမှ ဖြစ်ပေါ်နေသော လမ်းကလေးအတိုင်း မြင်းကို ရှေ့သို့ အပြင်းမောင်းနှင်သွားနေလေတော့သည်။



ရှောင်ချူဖုံးက နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာ၏။

ဝမ်းယိုယုက သူလိုက်ပါလာသည့်အတွက် အနည်းငယ် စိတ်အေးနေမိလေသည်။

အကယ်၍ သူမတစ်ကိုယ်တည်း သည်သချိုင်းအုတ်ဂူထဲ၌ ရှိခဲ့ပါလျှင်....

ဤကဲ့သို့ လွတ်မြောက်နိုင်မည်မဟုတ်ပါချေ...

ကြောက်ရွံ့စိတ် လွှမ်းမိုးလာသောအခါ အရာရာကို ကောင်းစွာ ဝေဖန်ပိုင်းခြားနိုင်စွမ်း မရှိတော့ကြောင်း သူမက ကောင်းစွာ သဘောပေါက်ခဲ့မိလေပြီ မဟုတ်ပါလော...

ယင်းသို့သဘောပေါက်ကာမှ ကြောက်ရွံ့စိတ်များ အနည်းငယ် လျော့ပါးသွားခဲ့လေသည်။

လမ်းကလေး မှာ တစ်စထက်တစ်စ ကျယ်ဝန်းလာနေလေပြီ။

ထို့နောက် မြင်းနှစ်ကောင်ယှဉ်၍ မောင်းနှင်သွားနိုင်လောက်အောင် ကျယ်ဝန်းလာလေသည်။

ယင်းကြောင့် ရှောင်ချူဖုံးက သူ၏မြင်းကို ရှေ့သို့နှင်လိုက်ရင်းမှ ဝမ်းယိုယုနှင့်အတူ ယှဉ်တွဲကာ မောင်းနှင်လိုက်လေသည်။

ဝမ်းယိုယုက ရှောင်ချူဖုံးအနီးသို့ရောက်သောအခါ တိုးညင်းသောလေသံဖြင့်....

'ရှင်သတိထားမိရဲ့လား'

ရှောင်ချူဖုံးက မျက်မှောင်ကြုတ်သွား၏။

'ဘာကိုလဲ'

ဝမ်းယိုယုက လက်တစ်ချက်ဝေ့ယမ်းပြလိုက်သည်။

'ဟောဒီပတ်ဝန်းကျင်နဲ့ လမ်းကလေးကို သေချာကြည့်လိုက်စမ်းပါဦးရှင့်'

ရှောင်ချူဖုံးက သူမပြောသကဲ့သို့ သေချာစွာအာရုံစိုက်၍ ကြည့်လိုက်လေသည်။

ယင်းသို့ကြည့်လိုက်မိသောအခါ ထူးခြားချက်တစ်ခုက ရင်ထဲသို့ ဝင်ရောက်ခံစား သိရှိလာရလေသည်။

ဤလမ်းဤပတ်ဝန်းကျင်အား သူက တစ်ကြိမ်ရောက်ခဲ့ဖူးသည်ကို သတိရလိုက်၏။

ရှောင်ချူဖုံးက ခေါင်းကုတ်ရင်းမှ....

'အင်း....ဒီနေရာကို ကျုပ်ရောက်ဖူးသလိုပဲ၊ ဒီလမ်းကိုလဲ ကျုပ်သွားဖူးသလိုပဲ'



ဝမ်းယိုယုက မဲ့ပြုံးပြုံးလိုက်လေသည်။

'ဟုတ်တာပေါ့ရှင်၊ ကျွန်မလဲ ခူးမင်းစားသောက်ဆိုင်ကို ဒီလမ်းအတိုင်း ရောက်ရှိလာခဲ့တာပဲ'

သူမ၏စကားကြားမှ ရှောင်ချူဖုံးမှာ မျက်လုံးပြူးကျယ်သွားကာ....

'ခင်ဗျားပြောမှ ကျုပ်သတိရတော့တယ်၊ ကျုပ်လဲဒီလမ်းကပဲ လာခဲ့တာပဲ'

သူက စကားဆက်လိုက်သည်။

'အင်း... အဲဒီတုန်းကတော့ ခူးမင်းစားသောက်ဆိုင်ကိုရောက်ခဲ့တာပဲ၊ အခုဘယ်လိုလုပ်ပြီး သင်္ချိုင်းကုန်းဖြစ်သွားတာပါလိမ့်'

သူတို့နှစ်ယောက်မှာ စိတ်ချောက်ချားလာပြန်သည်။

မှန်ပေသည်။

ဤလမ်းကလေးအတိုင်း သူတို့နှစ်ယောက်လာခဲ့စဉ်က ခူးမင်းစားသောက်ဆိုင်သို့ ရောက်ခဲ့ကြသည်မဟုတ်ပါလော။

ရှောင်ချူဖုံးက နောက်သို့လှည့်ကြည့်လိုက်လေသည်။

ဝမ်းယိုယုက သက်ပြင်းချကာ....

'ခူးမင်းစားသောက်ဆိုင်မှာ ဘာလိုလုပ်ပြီး သင်္ချိုင်းမြေ ဖြစ်သွားရတာလဲ'

ရှောင်ချူဖုံးက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

'ကျုပ်လဲ မပြောတတ်တော့ပါဘူး၊ ကြုံတွေ့ခဲ့ရတဲ့ကိစ္စတွေဟာ အိပ်မက်ဆန်လွန်းပါတယ်ဗျာ'

ဝမ်းယိုယုမှာ တစ်စုံတစ်ခုကို သတိရလာလေသည်။

ခူးမင်းစားသောက်ဆိုင်တွင် သူတို့နှစ်ယောက်သာမက ဝမ်းစိန်တို့ခြောက်ယောက်လည်း ရှိခဲ့သေးပေသည်။

ယခု မိမိတို့ လွတ်မြောက်ခဲ့ပြီဆိုလျှင်...

ဝမ်းစိန်တို့ခြောက်ယောက်က မည်သည့်နေရာသို့ ရောက်ရှိခဲ့ရပါသနည်း။

သူက ရှောင်ချူဖုံးအား တစ်ချက်စိုက်ကြည့်လိုက်သည်။

'ရှင်သတိလစ်လဲကျသွားတုန်း လေးယောက်ချိုက သူ့ကိုယ်လေ ထဲမြောက်နေပြီလို့ ပြောပါတယ်'

'ဒါဆိုရင် သူတို့သေကုန်ကြပြီလားမသိဘူး'

ရှောင်ချူဖုံးက ပါးစိတ်ပိတ်ထားလေသည်။



သူကိုယ်တိုင် မရေမရာဖြစ်ခဲ့ရသည် မဟုတ်ပါလော...

သို့သော် တစ်စုံတစ်ခုကို သတိရဟန်ဖြင့်...

'ကျုပ်တို့အုတ်ဂူထဲမှာရှိစဉ်တုန်းက ခေါင်းနှစ်လုံး တွေ့ခဲ့ရတယ်၊ အဲဒါ ခေါင်းထဲမှာ ဘယ်သူရှိသလဲမသိဘူး၊ ခင်ဗျားသိသလား'

ဝမ်းယိုယုက ခေါင်းခါယမ်းလိုက်လေသည်။

'ကျွန်မလဲ ဘယ်သိမှာလဲရှင့်'

ရှောင်ချူဖုံးက မကျေမနပ်ဖြင့် နောက်သို့ လှည့်ကြည့်လိုက်လေသည်။

ဝမ်းယိုယုက ပြုံးပြလိုက်သည်။

'ရှင်က နောက်တစ်ခေါက်ပြန်သွားပြီး စစ်ဆေးကြည့်ချင်လို့လား'

ရှောင်ချူဖုံးက မျက်နှာတစ်ချက် ပျက်သွားလေသည်။

သူက ကပျာကယာ လက်ကာပြလိုက်လေသည်။

'နေပါစေတော့ဗျာ၊ ကျုပ် ပြန်မသွားချင်တော့ပါဘူး'

ဝမ်းယိုယုက ရယ်မောလိုက်လေသည်။

ယင်းသို့ရယ်လိုက်မှ ကြောက်ရွံ့စိတ်များ လွင့်ပါးသွားသည်ဟု ခံစားလိုက်ရ၏။

'ကျွန်မကလဲ ရှင့်လိုပါပဲရှင်၊ ဒီနေရာကို နောက်ထပ် တစ်ကြိမ် မသွားချင်တော့ပါဘူး'

သူမက စကားဆက်လိုက်ပြန်သည်။

'ဒီနေရာက အခေါးဆုံးကို အမြဲထွက်သွားချင်နေပါတယ်'

ရှောင်ချူဖုံးက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'ကျုပ်တော့ ကြုံတွေ့ခဲ့သမျှ အိပ်မက်တစ်ခုပဲ ဖြစ်စေချင်ပါတယ်ဗျာ'

ဝမ်းယိုယုက တွေဝေသွားသည်။

'ဒါပေမယ့် ကျွန်မတို့က တကယ်ပဲ ကြုံတွေ့ခဲ့တာပဲဟာ'

ရှောင်ချူဖုံးက...

'အိုး....လက်ဆုပ်လက်ကိုင်မပြနိုင်ဘဲနဲ့ အိပ်မက်လား တကယ်လားဆိုတာ သေသေချာချာ မပြောနိုင်ပါဘူး၊ ဘာပဲဖြစ်ဖြစ် အိပ်မက်ဖြစ်ရင် သိပ်ကောင်းမှာပဲ'

သူ၏စကားအား ဝမ်းယိုယုက လက်မခံပါချေ။

ခူးမင်း စားသောက်ဆိုင်၌ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များမှာ အိပ်မက်မဟုတ်မှန်း သူက နားလည် သိရှိခဲ့ရသည် မဟုတ်ပါလော။



မည်သို့ဆိုစေ သူမက ယင်းကိစ္စနှင့် ပတ်သက်၍ လုံးဝ မပြောလိုတော့ပါချေ။

ထို့ကြောင့် နှုတ်ခမ်းကိုပိတ်ကာ မြင်းကို ပိုမိုအရှိန်မြှင့်၍ မောင်းနှင်လိုက်သည်။

ထို့အတူ ရှောင်ချူဖုံးကလည်း မြင်းကို ပိုမိုအရှိန်မြှင့်လိုက်လေသည်။

သူတို့နှစ်ယောက်မှာ သချိုင်းမြေနှင့် တစ်စတက်တစ်စ ဝေးကွာခဲ့လေတော့သည်။

## အခန်း (၅)

### အရိပ်ပမာ

လမ်းကလေးမှာ တစ်စထက်တစ်စ ကျယ်ဝန်းလာပေပြီ။

လမ်းနံဘေးတွင် မြက်ပင်ရှည်များအစား လယ်ကွင်းများကို တွေ့ရလေသည်။

ထို့ကြောင့် လူနေအိမ်နှင့် နီးကပ်လာပြီဖြစ်ကြောင်း သိလိုက်ရလေသည်။

လမ်းဆုံလမ်းခွသို့ ရောက်သောအခါ ရှောင်ချူဖုံးက မြင်းကို ရပ်တန့်လိုက်သည်။

ဝမ်းယိုယုကလည်း မြင်းကို ရပ်တန့်လိုက်သည်။



တစ်ဖန် ရှောင်ချူဖုံးအား မျက်တောင်မခတ်စတမ်း စိုက်ကြည့်လိုက်လေသည်။

'ရှင်ဘာဖြစ်လို့ ရပ်လိုက်တာလဲ'

ရှောင်ချူဖုံးက စကားမပြောပါချေ။ ဝမ်းယိုယုကိုသာ မျက်တောင်မခတ် စိုက်ကြည့်နေ၏။

သူ၏ စူးရှသော အကြည့်ကြောင့် ဝမ်းယိုယု၏ ရင်ထဲ၌ လှုပ်ရှားသွားလေသည်။

အမျိုးအမည် ဖော်မပြနိုင်သော ခံစားမှုများလည်း ဖြစ်ပေါ်လာလေသည်။

သူမက ခေါင်းငုံ့လိုက်မိလေသည်။

ရှောင်ချူဖုံးက သက်ပြင်းတစ်ချက်ချလိုက်သည်။

'ညီမ'

ဝမ်းယိုယုက ခေါင်းကို ဖြည်းလေးစွာ မော့၍ကြည့်လိုက်၏။

'ရှင်'

သူမ၏လေသံက အနည်းငယ် တုန်ခါနေသည်။

ရှောင်ချူဖုံးက....

'ညီမ ဘယ်ကိုသွားမလို့လဲဟင်'

ဝမ်းယိုယု ယခုမှ မည်သို့ သွားရပါမည်နည်းဟု သတိဝင်လာမိသည်။

သူမသည် ခရီးထွက်ခဲ့ရခြင်း အကြောင်းနှင့် သွားမည့် အရပ်ဒေသမှာလည်း ခေါင်းထဲသို့ ပြန်လည်ပေါ်လာ၏။

သူမအား သူမ၏ မိဘများက စိတ်ချယုံကြည် သွားလာလွတ်လပ်ခွင့် ပေးထားလေသည်။

သူမသည် ရုပ်ရည် ချောမောသည့်အလျောက် သိုင်းပညာမှာလည်း စိတ်ချလောက်သည်ဟု ယုံကြည်၏။

ထို့ပြင် သူမ၏ ကြင်ဘက်ကိုလည်း လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ပြုထားလေသည်။

ယင်းကြောင့် ချစ်ခင်စုံမက်သူများနှင့် တွေ့ရှိပါက အချိန်မရွေးအိမ်ထောင်ပြုနိုင်လေသည်။

သူမက ယခုကဲ့သို့ သိုင်းလောကတွင် သွားလာလှုပ်ရှားနေသည်မှာ စိတ်ကြိုက်အိမ်ထောင်ဘက်အား လိုက်လံရှာဖွေသည့်သဘော ဖြစ်လေသည်။



သူမသည် ယောကျ်ားပီသ၍ ရဲရင့်ဖျတ်လတ်ပြီး တရားမျှတမှုရှိကာ ရိုးသားသော သိုင်းပညာ အဆင့်မြင့်သူကို အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ရန် ဆုံးဖြတ်ထားလေသည်။

ယခုရှောင်ချူဖုံးမှာ ရဲရင့်ပြီးယောကျ်ားပီသသူတစ်ယောက်ဖြစ်ပေသည်။

ထို့ပြင် ရိုးသားကြောင်း ခန့်မှန်းမိလေသည်။

သို့သော် ရှောင်ချူဖုံး၏ သိုင်းပညာအဆင့်မှာ ထိပ်တန်းအဆင့် မဟုတ်ပါချေ။

ဤအချက်ကပင် ရှောင်ချူဖုံးအား ငြင်းပယ်ရမည့် အချက်တစ်ခု ဖြစ်နေလေပြီ။

ဝမ်းယိုယု အလိုရှိသောအခါ မည်သည့်ယောကျ်ားမျိုးကိုမဆို သူမက ရရှိနိုင်ပေသည်။

သူမ၏ မျက်နှာတစ်ခုလုံး ရှက်သွေးဖြာကာ နီရဲနေ၏။

ရှောင်ချူဖုံးမှာ မျက်မှောင်ကြုတ်သွားမိလေသည်။

သူက ဝမ်းယိုယု၏ မျက်နှာအား စိုက်ကြည့်လိုက်၏။

'ညီမ....ကျုပ်မေးတာ မဖြေဘူးလား'

ဝမ်းယိုယုက အိပ်မက်မှ လန့်နိုးလာသူပမာ သတိပြန်လည်ဝင်လာလေသည်။

သူမက ရှက်ကိုးရှက်ကန်းဖြင့် ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့၊ ကြား...ကြားပါတယ်'

ရွှောင်ချူဖုံးက....

'ဒါဖြင့်... ညီမ ဘယ်ကို သွားမှာလဲ'

ဝမ်းယိုယုက ဆက်ပြင်းတစ်ချက်ချလိုက်လေသည်။

'ကျွန်မ ကျန်းပေမြို့ကိုသွားမလို့ပါရှင်၊ အခုတော့ အိမ်ကိုပဲ ပြန်တော့မယ်'

ရွှောင်ချူဖုံးက....

'ညီမအိမ်က ဘယ်မှာလဲ'

ဝမ်းယိုယုက....

'မူကြူးမြို့မှာပါ'

ရွှောင်ချူဖုံးက....

'ဩော်... ညီမက မူကြူးမြို့မှာ နေတာကိုး'



ဝမ်းယိုယုက ရွှောင်ချူဖုံးအား အကဲခတ်ကြည့်လိုက်ပြီး....

'ကျွန်မကိုသာ မေးနေတယ်၊ ရှင်ကော...'

ရွှောင်ချူဖုံးက ပခုံးတွန့်လိုက်လေသည်။

'ညီမက ဘာသိချင်တာလဲ'

ဝမ်းယိုယုက....

'ရှင့် ဇာတိ....'

ရွှောင်ချူဖုံးက....

'ကျုပ်ဇာတိ ဟိုလန်နယ်ကပါ၊ မိဘတွေ ကွယ်လွန်သွားပြီး ကတည်းက ကျုပ်လဲ ခြေသလုံးအိမ်တိုင်ဘဝမျိုး ရောက်နေတာပေါ့'

ဝမ်းယိုယုက သူ့အား ကြည့်ရင်း ကရုဏာသက်သွားမိလေသည်။

ရွှောင်ချူဖုံး၏ဒါးပညာခုခံသူ့အမြင်တွေခဲ့ပြီးဖြစ်၍ ညို့ဖျင်းနေကြောင်း သဘောပေါက်မိလေသည်။

အကယ်၍သာ ဆရာကောင်းထံတွင် သိုင်းပညာသင်ကြားနိုင်ခဲ့ပါလျှင် ပို၍ကောင်းပေသည်။

ဝမ်းယိုယုက ရွှောင်ချူဖုံးအား စိုက်ကြည့်နေလေသည်။

‘ရှင့်ကို ဘယ်သူ သိုင်းပညာသင်ပေးတာလဲ’

ရွှေခင်ချူဖုံးက ရယ်မောလိုက်လေသည်။

‘ဘာဖြစ်လို့လဲဗျ’

ဝမ်းယိုယုက....

‘ဘာမှ မဖြစ်ပါဘူး၊ သိချင်လို့မေးတာပါ’

ရွှေခင်ချူဖုံးက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

‘ကျုပ်ကို သိုင်းပညာသင်ပေးတဲ့ ဆရာ လေးငါးယောက်လောက်တော့ ရှိပါတယ်၊ သူတို့ကနာမည်မကြီးတော့ ခင်ဗျားသိမှာ မဟုတ်ဘူး’

ဝမ်းယိုယုက ခေါင်းညိတ်လိုက်မိလေသည်။

သူမက ရွှေခင်ချူဖုံးအား သူမ၏ ဆရာထံသို့ပို့၍ သိုင်းပညာသင်ပေးလျှင် ကောင်းမည်ဟုစဉ်းစားလိုက်မိလေသည်။

‘ရှင့်ဆရာတွေက နာမည်ကြီးပေမယ့် ကျွန်မ ဆရာကတော့ နာမည်ကြီးတယ်ရှင့်’

သူမက စကားဆက်လိုက်ပြန်သည်။



‘အင်း....အမှန်တော့ သိုင်းလောကမှာ ကျွန်မနာမည် ကျော်ကြားတာဟာကျွန်မရဲ့ဆရာနဲ့ ကျွန်မရဲ့မိဘဂုဏ်အရှိန်တွေကြောင့်ပါပဲ’

ရွှေခင်ချူဖုံးက သူမ၏စကားမှာ အမှန်ဖြစ်ကြောင်း နားလည်သဘောပေါက်ခဲ့မိလေသည်။ ,

‘ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားရဲ့မိဘတွေဟာ သိုင်းလောကမှာ ကျော်ကြားတဲ့လူတွေဆိုတာ ကျုပ်ကြားဖူးပါတယ်’

ဝမ်းယိုယုက ရွှေခင်ချူဖုံးအား သိုင်းပညာသင်ကြားလိုစိတ်ရှိမရှိ မေးရန် ဟန်ပြင်လိုက်စဉ် အဝေးမှ လူသုံးယောက် လှမ်းလာသည်ကို မြင်တွေ့လိုက်ရ၏။

ယင်းလူများအား တွေ့လိုက်ရသည်နှင့် ရွှေခင်ချူဖုံးမှာ ဝမ်းသာသွားလေသည်။

‘ဟင်... လယ်သမားတွေပါလား’

မှန်ပေသည်။

လယ်သမားသုံးယောက် လယ်ကွင်း ကန်ပေါင်ရိုးပေါ်မှ ဖြတ်ကာ လမ်းမဘက်ဆီသို့ လာနေကြ၏။

သူတို့၏ပခုံးပေါ်တွင် ပေါက်တူးပေါက်ပြားများ ထမ်းပိုးထားသဖြင့် လုပ်ငန်းခွင်သိမ်းကာ ပြန်လာသူများဖြစ်ကြောင်း သိသာနိုင်လေသည်။

ဝမ်းယိုယုက လယ်သမားများကိုမြင်သောအခါ ရုတ်တရက် အကြံတစ်ခု ရရှိလာ၏။

'ကျွန်မတို့ ကြုံတွေ့ခဲ့ရတဲ့ကိစ္စတွေကို လယ်သမားတွေဆီမှာ သွားပြီး စုံစမ်းရင် ကောင်းမယ်ထင်တယ်'

ရှောင်ချူဖုံးကခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်၊ ကျုပ်တို့ သွားစုံစမ်းကြရအောင်'

သူတို့နှစ်ယောက်မှာ လယ်သမားများဆီသို့ မြင်းကို နှင်သွားကြလေတော့သည်။

* * *

လယ်သမားများ လမ်းမပေါ်သို့ ရောက်ရှိလာပြီ ဖြစ်၏။

သူတို့က မမျှော်လင့်ဘဲ ရှောင်ချူဖုံးနှင့် ဝမ်းယိုယုတို့ကို တွေ့လိုက်ကြရသဖြင့် အံ့ဩသွားလေသည်။



သို့သော် သူတို့က စကားတစ်ခွန်းမှမပြောဘဲ ထွက်ခွာသွားကြလေသည်။

ရှောင်ချူဖုံးနှင့် ဝမ်းယိုယုတို့နှစ်ယောက်က နောက်မှ ပြေးလိုက်သွားကြပြီးလျှင် ရှောင်ချူဖုံးက အော်လိုက်လေသည်။

'ဗျို့. မိတ်ဆွေ ခဏနေပါဦးဗျ'

သူ၏အသံကြောင့် လယ်သမားများ ခြေလှမ်းရပ်တန့်လိုက်လေသည်။

ရှောင်ချူဖုံးနှင့် ဝမ်းယိုယုတို့က မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

ထို့နောက် သူတို့က လယ်သမားများအနီးသို့ လျှောက်သွားကြသည်။

'မိတ်ဆွေတို့ကို နည်းနည်းမေးစရာရှိလို့ပါ'

'ကျုပ်တို့ ဟန့်တားမိတဲ့အတွက် စိတ်မဆိုးဖို့ တောင်းပန်ပါရစေဗျာ'

သူက ယဉ်ကျေးချိုသာစွာ ပြောလိုက်သဖြင့် လယ်သမားများ သဘောကျသွားလေသည်။

ပထမလယ်သမားက ပြုံးလိုက်သည်။

'မေးပါ...မေးပါ...ကျုပ်တို့သိတာဆို ဖြေပါမယ်'

ရှောင်ချူဖုံးက ဝမ်းယိုယုအား ကြည့်လိုက်၏။

ဝမ်းယိုယုက သူ၏အကြည့်ကို သဘောပေါက်သည့်အလား လယ်သမားများနားသို့ ကပ်သွားလေသည်။

သူမက လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်လေသည်။

'ကျွန်မတို့က ခရီးသည်တွေပါရှင်၊ ဒီနားမှာ ခူးမင်း စား သောက်ဆိုင်ဆိုတာ ရှိပါသလား'

လယ်သမားများက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြလေသည်။

ထို့နောက် ခေါင်းခါယမ်းလိုက်ကြ၏။

'မရှိဘူးဗျ'

ဝမ်းယိုယုမှာ စိတ်ပျက်သွားလေသည်။

သို့သော် သူမက ထပ်မံသေချာရန် မေးမြန်းလိုက်ပြန်သည်။

'ဒီအနီးအနားတစ်ဝိုက်မှာကော မရှိဘူးလား'

လယ်သမားက ခေါင်းခါယမ်းလိုက်လေသည်။



'မရှိပါဘူး၊ ကျုပ်တို့တစ်တွေ ဒီနားမှာနေတာ ကြာလှပါပြီ၊ ခူးမင်းစားသောက်ဆိုင်ဆိုတာ တစ်ခါမှ မကြားဖူးပါဘူး'

ဝမ်းယိုယုမှာ ပါးစပ်ပိတ်သွားလိုက်ရလေသည်။

ရှောင်ချူဖုံးကလည်း အံ့ဩနေလေသည်။

သူက ကြားဖြတ်မေးလိုက်သည်။

'ဒါထက် မနေ့ညက မိုးသက်လေပြင်းကျပြီး မုန်တိုင်းတွေ ကျခဲ့တာမဟုတ်လား'

သူ၏စကားကြောင့် လယ်သမားများ အံ့ဩသွားကြ၏။

ထို့နောက် သူတို့က ဝမ်းယိုယုနှင့် ရှောင်ချူဖုံးတို့အား အထူးအဆန်းသဖွယ် ကြည့်နေကြ၏။

လယ်သမားတစ်ယောက်က....

'မိုးရွာဖို့မပြောနဲ့ မနေ့ညက ကောင်းကင်မှာ ကြယ်တွေ လတွေတောင် တွေ့ရတယ်ဗျ'

ယင်းစကားကြောင့် သူတို့နှစ်ယောက်က မျက်လုံးပြူးကျယ်သွားလေသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အတန်ကြာအောင် စကားမပြောနိုင်အောင် ဖြစ်နေရ၏။

အတန်ကြာမှ ဝမ်းယိုယုက...

'ဒါဖြင့်ဒီနေရာကို ဘယ်လိုခေါ်ပါသလဲရှင်'

လယ်သမားတစ်ယောက်က...

'ကျူဝါတောင်ခြေရင်း'

ဝမ်းယိုယုက...

'ကျူဝါတောင် ဟုတ်လား'

လယ်သမားက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ်'

ဝမ်းယိုယုက...

'အင်း....ဒီလိုဆိုရင်၊ နေရာတော့မမှားပါဘူး'

သူမက ယင်းသို့ပြောရင်းမှ ရှောင်ချူဖုံးအား ကြည့်လိုက်လေသည်။

'နေရာမှန်ရဲ့သားနဲ့ ဒီနေရာမှာ မနေ့ညမိုးမရွာဘူးဆိုတာ ဘယ်လိုသဘောလဲ'



ထိုစဉ် လယ်သမားက ကြားဖြတ်ပြောလိုက်လေသည်။

'မိန်းကလေးပြောသလို တစ်ဆယ့်သုံးရက်ကတော့ မိုးသက်လေပြင်းကျခဲ့တယ်၊ ဒါပေမယ့် မနေ့ကတော့ မိုးမရွာဘူးကွယ့်'

ဝမ်းယိုယုအံ့ဩသွားလေသည်။

'ဟင်....တစ်ဆယ့်သုံးရက်ဟုတ်လား'

လယ်သမားက....

'ဟုတ်တယ်'

ဝမ်းယိုယုက မျက်မှောင်ကြုတ်သွားလေသည်။

'ဒါဖြင့် ဒီနေ့ဘယ်နှစ်ရက်လဲ'

ယင်းလယ်သမားက....

ဒီနေ့ သုံးလနဲ့ တစ်ဆယ့်ခြောက်ရက်ရှိပြီကွယ့်'

ဝမ်းယိုယုအံ့ဩသွားကာ....

'ရှင်ပြောတာ သေချာရဲ့လား'

လယ်သမားများ မကျေမနပ်ဖြစ်သွားလေသည်။

'အို…ကျုပ်က ဘာဖြစ်လို့ လိမ်ပြောရမှာလဲ'

'ကျုပ်ပြောတာမယုံရင် တခြားလူကို သွားမေးကြည့်ပေါ့'

ဝမ်းယိုယုက ပါးစပ်ပိတ်သွားလိုက်ရလေတော့သည်။

ရှောင်ချူဖုံးကလည်း သက်ပြင်းချလိုက်လေတော့သည်။

ဤအတိုင်းဆိုလျှင် သူတို့သတိမေ့ခဲ့သည်မှာ သုံးရက်၊ သုံးညတိုင်ခဲ့ပြီ မဟုတ်ပါလား။

လယ်သမားများကို ဆက်မေး၍ ထူးမည်မဟုတ်ကြောင်း နှစ်ယောက်စလုံး သဘောပေါက်လိုက်၏။

ထို့ကြောင့်….

လယ်သမားများကို နှုတ်ဆက်ကာ မြင်းပေါ်သို့ ခုန်တက်လိုက်ကြသည်။

ထို့နောက် မြင်းများကို ဒုန်းစိုင်းမောင်းနှင်ရင်း ထွက်ခွာသွားကြလေသည်။

သူတို့နှစ်ယောက်အား လယ်သမားများက အထူးအဆန်းသဖွယ် ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့ကြလေတော့သည်။

* * *



သင်္ချိုင်းမြေ….

လယ်ကွင်းများ၊ လယ်သမားများ၊ အနောက်ဘက် အဝေးတွင် ကျန်ရစ်ခဲ့ပြီး ဖြစ်လေသည်။

ရှောင်ချူဖုံးနှင့်ဝမ်းယိုယုတို့မှာ မရပ်မနား မြင်းကိုဒုန်းစိုင်းခဲ့ကြရာ ဆယ်မိုင်ခန့် ခရီးပေါက်လာပြီဖြစ်၏။

ဆယ်မိုင်ခန့်ရောက်သော် လမ်းဘေးတွင် အမှတ်အသား ကျောက်တိုင်တစ်ခု စိုက်ထူထားသည်ကို တွေ့ရ၏။

ယင်းကျောက်တိုင်ပေါ်တွင်…

'ကျုံဝါတောင်'

ဟုရေးသားထားသည်ကိုတွေ့ရ၏။

ဝမ်းယိုယုက ကျောက်တိုင်အနီးသို့ရောက်သည်နှင့် ဇက်ကြိုးဆွဲကာ မြင်းကို ရပ်တန့်လိုက်သည်။

ကျောက်တိုင်ပေါ်မှ စာကိုဖတ်ရင်း….

'အင်း…အံ့ဩစရာတော့ ကောင်းနေပြီ'

ရှောင်ချူဖုံးမှာလည်း မြင်းကို ရပ်တန့်ပြီး ဖြစ်၏။

ဝမ်းယိုယု၏စကားကြားရသည်နှင့် သဘောကျစွာပြုံးကာ….

'ဘာတွေများ အံ့ဩစရာ ကောင်းနေတာလဲ'

'ခြေ...ကျွန်မတို့ လာခဲ့တဲ့လမ်း မှန်ရဲ့သားနဲ့ ခူးမင်းစားသောက်ဆိုင်ဟာ သချိုင်းမြေအဖြစ် ပြောင်းလဲသွားတာကို ပြောတာပါ'

ရှောင်ချူဖုံး သက်ပြင်းချရင်း....

'ကျုပ် ပြောပြီးပြီမဟုတ်လား၊ ဒီကိစ္စတွေကို အိပ်မက်လို့ သဘောထားမှ ဖြစ်တော့မယ် ဆိုတာလေ'

ဝမ်းယိုယု စကားမပြောတော့ပါ။

ကျောက်တိုင်၏ အရှေ့ဘက်ဆီသို့ မျှော်ကြည့်လိုက်၏။

ကျောက်တိုင်၏ အရှေ့ဘက်တွင် လမ်းဆုံလမ်းခွဲ တစ်ခု ရှိလေ၏၊

သူမ ဤနေရာသို့ လာရောက်ခဲ့စဉ် လမ်းဆုံလမ်းခွကို ကျော်ခဲ့ရသေးသည် မဟုတ်ပါလား။

ဝမ်းယိုယုက ရှောင်ချူဖုံးကိုကြည့်ကာ....

'ကဲ...ရှင်ကော ဘယ်ကို သွားမယ် စိတ်ကူးသလဲ'

ရှောင်ချူဖုံးက စဉ်းစားခြင်း မပြုပါ။



ချက်ချင်း အဖြေပေးလိုက်လေသည်။

'ကျုပ်လဲ ကျန်းပေကို သွားမယ် စိတ်ကူးတာ၊ ဒါပေမယ့် လမ်းကြောင်းပြောင်းရတော့မယ် ထင်တယ်'

သူ၏ စကားကြောင့် ဝမ်းယိုယု မျက်မှောင်ကြုတ်သွားလေ၏။ ရှောင်ချူဖုံး၏ စကားအဓိပ္ပာယ်မှာ မည်သို့ရှိသနည်း။

ကျန်းပေကို မသွားတော့ဘဲ သူမနှင့်အတူလိုက်ရန် ရည်ရွယ်ခြင်းပေလော။

အဘယ့်ကြောင့် သူမနှင့်အတူ လိုက်လိုပါသနည်း။

တွေးရင်း ဝမ်းယိုယုမျက်နှာမှာ နီရဲသွားလေသည်။

ရှောင်ချူဖုံးက ဝမ်းယိုယုအား အကဲခတ်နိုင်ခြင်း မရှိချေ။

သူ၏ စကားကိုသာ ဆက်ပြောလိုက်လေသည်။

'ကျုပ် မိတ်ဆွေတစ်ယောက်ဆီကို သွားမယ်ဗျာ၊ သူနဲ့တွေ့ရင် အိပ်မက်ဆိုးနဲ့ ပတ်သက်ပြီး အဖြေထုတ်နိုင်မယ် ထင်တယ်'

မမျှော်လင့်ဘဲ ကြားလိုက်ရသည့်စကားကြောင့် ဝမ်းယိုယု စိတ်ဝင်စားသွားလေသည်။

'ဘာ....အိပ်မက်ဆိုးနဲ့ ပတ်သက်ပြီး အဖြေထုတ်နိုင်မယ် ဟုတ်လား'

'ဟုတ်တယ်'

'အိပ်မက်ဆိုးဆိုတာ ခူးမင်းစားသောက်ဆိုင်မှာ တွေ့ကြုံခဲ့ရတဲ့ အဖြစ်ပျက်တွေကို ပြောတာပေါ့'

'ဟုတ်ပါတယ်ဗျာ'

ဝမ်းယိုယုမှာ စိတ်ခေတ်တက်ကြွလာ၏။

သူမရင်ထဲ၌ ကြောက်ရွံ့ခြင်း မကင်းသော်လည်း ခူးမင်းစားသောက်ဆိုင်မှ အဖြစ်အပျက်များကို ရှင်းရှင်းလင်းလင်း သိလိုက်သည်။

သူမ သရဲချောက်ခံခဲ့ရသည်ကို လုံးဝမကျေနပ်နိုင်ပါ။

သရဲမဟုတ်ဘဲ တစ်စုံတစ်ယောက်က လုပ်ကြံဖန်တီးခြင်း ဖြစ်မည်ဟု ယုံကြည်ထား၏။

သူမသည် လောကပေါ်၌ သရဲရှိနေခြင်းမှာ ယုံတမ်းစကားသာ ဖြစ်သည်ဟု လက်ခံထား၏။

ထို့ကြောင့် ကြိတ်မနိုင်ခဲမရ ဖြစ်နေတော့၏။



ယခု ခူးမင်းစားသောက်ဆိုင်၌ ကြုံတွေ့ခဲ့ရသည့်ကိစ္စများကို မိတ်ဆွေတစ်ယောက်ထံတွင် ဖြေရှင်းရန်အကူအညီတောင်းမည်ဟု ဆိုသောအခါ သဘောကျသွားသည်။

ရှောင်ချူဖုံးအား အသဝင်ကြီးစွာဖြင့် ကြည့်ရင်း....

'ရှင့်မိတ်ဆွေက ဒီကိစ္စကို ဖြေရှင်း နိုင်မယ် တင်သလား'

ရှောင်ချူဖုံးက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်... ကျုပ်မိတ်ဆွေဟာ ဒီလိုကိစ္စတွေကိုလေ့လာလိုက်စားသူတစ်ယောက်ပဲ၊ သူ့ကိုပြောပြရင် ဖြေရှင်းပေးနိုင်မယ်လို့ မျှော်လင့်ရတာပဲ'

'ရှင့်...မိတ်ဆွေက ဘယ်မှာနေတာလဲ'

'လုယန်မြို့မှာ နေပါတယ်'

ထိုစကားကြောင့် ဝမ်းယိုယုမှာ ဝမ်းသာသွားလေသည်။

လုယန်မြို့သည် သူတို့မိသားစုနေထိုင်သည့် မူကြူးမြို့နှင့် မိုင်တစ်ရာခန့်အကွာတွင် ရှိနေသည်မဟုတ်ပါလား။

နေအိမ်နှင့်နီးသည့်အပြင် ခရီးကြုံသောကြောင့်....

'အတော်ပဲ၊ ကျွန်မလဲ လမ်းကြုံတာနဲ့ ရှင်နဲ့အတူတူ လိုက်ခဲ့မယ်လေ'

ရွှေခင်ချူဖိုးမှာ တွေဝေနေ၏၊

ဝမ်းယိုယု သူနှင့်လိုက်လာလျှင် အန္တရာယ်ရှိနိုင်မည် မရှိနိုင်မည် တွေးကြည့်သည်။

နောက်ထပ်အန္တရာယ်ဆိုးများ ကြုံတွေ့နိုင်စရာမရှိဟု တွေးမိကာ ခေါင်းညိတ်လျက်....

'ကောင်းပြီလေ....ညီမလိုက်ချင်တယ်ဆိုရင်လဲ လိုက်ခဲ့ပေါ့'

ဝမ်းယိုယုမှာ ပျော်ရွှင်သွားသည်။

'ကဲ....အချိန်ရှိတုန်း ကျွန်မတို့သွားကြစို့'

ပြောရင်း မြင်းကို ရှေ့မှ မောင်းနှင်သွား၏။

ရွှေခင်ချူဖိုးက နောက်မှ လိုက်သွားလေသည်။

သူတို့နှစ်ယောက်မှာ အိပ်မက်ဆိုး၏အရှုပ်တော်ပုံကို ဖြေရှင်းနိုင်ရန် လုယန်မြို့သို့ ဦးတည်သွားနေကြပြီ မဟုတ်ပါလား။

* * *



အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

နေဝန်းနီမှာ အနောက်ဘက်သို့ တိမ်းစောင်းသွားချေပြီ၊

အလင်းရောင်အားနည်းသွားကာ အမှောင်ထုက ဖောပေါ်ကဲ့သို့ မသိမသာ လွှမ်းခြုံလာ၏။

မကြာမီ မိုးချုပ်လေတော့မည်။

ရွှေခင်ချူဖိုးနှင့် ဝမ်းယိုယုတို့မှာ မြင်းကိုဒုန်းစိုင်းလျက်ရှိနေကြသဲပင်ဖြစ်သည်။

လမ်းတစ်လျှောက် စားသောက်ဆိုင်များ၊ တည်းခိုခန်းများ ရံဖန်ရံခါ တွေ့ရသည်။

သို့သော် ခူးမင်းစားသောက်ဆိုင်မှ အဖြစ်အပျက်များကြောင့် နှစ်ယောက်စလုံး တည်းခိုရန်မဝံ့ရဲကြချေ။

မြို့တစ်မြို့သို့ရောက်မှသာ တစ်ညတာအနားယူမည်ဟု ဆုံးဖြတ်ထား၏။

ခရီးကြမ်းမနားမနေ နှင်သွားကြသည့်အခါ ညမိုးမချုပ်မီ မြို့ကလေးတစ်မြို့သို့ ရောက်သွားကြလေတော့သည်။

## အခန်း (၆)

### အစကြီး

မိုးမချုပ်သေးပါ....

သို့သော်...အိမ်တိုင်းလိုလို မီးထွန်းညှိ ထားကြပြီး ဖြစ်လေ၏။ မြို့၏ မင်းလမ်း ပေါ်တွင် လမ်းသွားလမ်းလာများ၊ ဈေးသည်များ စည်စည်ကားကား ရှိနေသေး၏။

ဝမ်းယိုယုနှင့် ရှောင်ချူဖုံးတို့ မြို့ထဲသို့ ဝင်လာကြသည့်အခါ လူအများက သူတို့အား ဝိုင်းဝန်းကြည့်ရှုနေသည်။

အချို့က....

'အင်း....လိုက်ဖက်ညီတဲ့ စုံတွဲပါပဲ'



တီးတိုး ရေရွတ်ကြလေသည်။

ထိုစကားများကို အမှတ်မထင် ကြားလိုက်ရသောအခါ ဝမ်းယိုယု၏တစ်ကိုယ်လုံး တောင့်တင်းသွား၏။

ရှက်စိတ်မွန်သွားကာ စဉ်းစားခြင်းမပြုနိုင်ဘဲ ရှေ့သို့ မြင်းကို တစ်ဟုန်ထိုးမောင်းနှင်သွားလေသည်။

ဝမ်းယိုယု ကြားလိုက်ရသလို ရှောင်ချူဖုံးလည်း ကြားလိုက်ရသည်။

ဝမ်းယိုယု ရှက်သွားမှန်း သဘောပေါက်သောကြောင့် ရှောင်ချူဖုံးက မြင်းကို နောက်ချန်နေခဲ့သည်။

ဤသည်ကို ဝမ်းယိုယုက ဒေါသထွက်သွားသည် မဟုတ်ပါလား။

'ဟွန်း... ဘယ်လိုလူလဲ မသိဘူး၊ သူများတွေစကားကြောင့် အခြောက်တိုက် ဘဝင်မြင့်နေပါလား'

ထိုစဉ်...သူမသည် မင်းလမ်းအလယ်သို့ရောက်ရှိလာပြီး မီးရောင်များ ထိန်ထိန်လင်းနေသည့် တည်းခိုခန်း တစ်ခု အား တွေ့လိုက်ရသည်။

သူမဆက်၍ မစဉ်းစားတော့ပါ။

တည်းခိုခန်းသို့ မြင်းကို မောင်းနှင်သွားလေတော့သည်။

*　*　*

တည်းခိုခန်း....

ဝမ်းယိုယုကလည်း တည်းခိုခန်းရှေ့တွင် မြင်းကိုရပ်တန့်ကာ ခုန်ဆင်းလိုက်သည်။

မရှေးမနှောင်းမှာပင် ရှောင်ချူဖုံး ရောက်လာ၏။

ရှောင်ချူဖုံးက မြင်းပေါ်မှခုန်ဆင်းကာ....

'ညီမ ဒီမှာတည်းမလို့လား'

ဝမ်းယိုယုက သူ့အား မျက်နှာချင်းမဆိုင်လိုပါချေ။

သူမ၏ရင်တွင်း၌ အလိုလို ရှက်ရွံ့စိတ်များ ဖြစ်ပေါ်နေ၏။

ရှောင်ချူဖုံးက မေးလိုက်သည်နှင့် ခေါင်းငုံ့ကာ....



'ဟုတ်တယ်၊ ရှင် အခန်းနှစ်ခု ငှားထားလိုက်ပါ၊ ကျွန်မ အဝတ်အစား သွားဝယ်လိုက်ဦးမယ်'

ယခုမှ ဝမ်းယိုယု သူ၏အဝတ်များကိုဝတ်ဆင်ထားကြောင်း ရှောင်ချူဖုံး သတိပြုမိလိုက်၏။

ထို့ကြောင့် သဘောကျစွာပြုံးကာ....

'ကောင်းပြီလေ၊ ညီမ အေးအေးဆေးဆေးသွားဝယ်ပါ၊ ကျုပ် အခန်းငှားထားလိုက်ပါ့မယ်'

ရှောင်ချူဖုံးက ပြောပြီး တည်းခိုခန်းထဲ ဝင်သွား၏။

ထိုအခါမှ ဝမ်းယိုယုက ချာခနဲလှည့်ကာ ထွက်လာခဲ့လေတော့သည်။

*　*　*

ရှောင်ချူဖုံးက လေကောင်းလေသန့်ရသောအခန်းနှစ်ခန်းကို ငှားရမ်းလိုက်၏။

ထို့နောက် စားသောက်ခန်းမတွင်ထိုင်ကာ ဝမ်းယိုယုကို စောင့်နေလေသည်။

မကြာပါချေ။

ဝမ်းယိုယု အဝတ်အစားတစ်ပွေ့ထင်ပိုက်ဖြင့် ရောက်ရှိလာ၏။

သူမအတွက် ငှားရမ်းထားသော အခန်းတွင် အဝတ်အစားများ လဲလှယ်ပြီး ရှောင်ချူဖုံး စောင့်နေသည့် စားသောက်ဆိုင်သို့ ဆင်းလာခဲ့လေသည်။

အမှန်တော့ ရှောင်ချူဖုံးနှင့် မျက်နှာချင်းဆိုင် ထိုင်ကာ စားသောက်လိုစိတ် မရှိပါချေ။

သို့သော် မလှဲမရှောင်သာသည့်အပြင် ရှောင်ချူဖုံးကို အားနာနေသောကြောင့် အတူယှဉ်ကာ စားသောက်ရလေသည်။

စားသောက်၍ ပြီးစီးသွားသည်နှင့်....

'ကျွန်မတို့ တစ်နေ့လုံး ခရီးနှင်လာရတာ ပင်ပန်းလှပြီ၊ အနားယူတော့မယ်'

ပြောပြီးသည်နှင့် ရှောင်ချူဖုံးအား နှုတ်ဆက်ကာ သူမ၏ အခန်းဆီသို့ ပြန်သွားလေသည်။



ရှောင်ချူဖုံးက စကားစမြည်ပြောရန် ဟ... အိပ်စက်လေ

...ငှ...

ဝမ်းယိုယု စိတ်အနှောင့်အယှက်ဖြစ်သွားမည်ကို ... ကြောင့် ခွင့်ပြုလိုက်လေသည်။

ဝမ်းယိုယု အခန်းဆီသို့ ပြန်သွားပြီးနောက် စ... ခန်းတွင် ကျန်ရစ်ခဲ့သော ရှောင်ချူဖုံးမှာ တစ်... လိမ့်လိုမ့်ဖြင့် ပျင်းရိလာသည်။

အခြားဧည့်သည်များရှိသော်လည်း သိကျွမ်းခင်မင်မရှိ၍ စကားစမြည် မပြောဖြစ်ချေ။

နောက်ဆုံး သက်ပြင်းချကာ ဆိုင်အပြင်ဘက်သို့ ထွက်သွား၏။

ရှောင်ချူဖုံးမှာ မြို့ကလေး၏ ညဈေးတန်းအား လျှောက်ကြည့်ရန် စိတ်ကူးဟန်တူပါသည်။

ညဉ့်မနက်မီ ရှောင်ချူဖုံး ပြန်ရောက်လာသည်။

သူက ဓားတစ်လက်ဝယ်လာလေသည်။

သူ၏ဓားမှာ ခူးမင်းဓားသောက်ဆိုင်တွင် ပျောက်ဆုံးခဲ့ပြီ မဟုတ်ပါလား။

ထို့နောက် ဓားအသစ်ကို ခါးတွင်ချိတ်ဆွဲရင်း သူ၏ စောင့်နေ ြုးတည်သွားနေလေတော့သည်။

မ ြ

ဝင်      *      *      *

၏။

သူမ
အစား လှချေပြီ။

သော ခုံခန်းတစ်ခုလုံး မှောင်အတိကျနေ၏။

တိအကျဆိုရပါလျှင် သူအချ ား အိပ်စက်အနားယူနေ ၁ အချိန်သို့ ရောက် သာပြီဖြစ်ပေသည်။

ရှောင်ချူဖုံး အပြင်မှ ပြန်ရောက်သောအခါ သူ့အခန်း ဆီသို့ တည့်မတ်စွာပင် ဝင်လိုက်လေသည်။

သူက ဝမ်းယိုယုအား သွားရောက်တွေ့ဆုံခြင်း မရှိပါချေ။

ရှောင်ချူဖုံးက သူ့အခန်းရှေ့သို့ ရောက်သောအခါ ခြေ လှမ်း ခေတ္တရပ်နားလိုက်သည်။

သူက အခန်းထဲသို့ရောက်သောအခါ ဝယ်လာသောဓားကို စစ်ဆေးကြည့်လိုက်လေသည်။



ယင်းနောက် အဝတ်အစားများလဲလှယ်ကာ အိပ်စက်လေ တော့သည်။

သို့သော် အဘယ့်ကြောင့်မှန်း မသိပါချေ။

သူက အိပ်စက်၍ မပျော်နိုင် ဖြစ်နေလေသည်။

ထို့ကြောင့် အိပ်ရာထက်တွင် တလူးလူးတလိမ့်လိမ့်ဖြင့် အိပ်စက်မပျော်နိုင်ခဲ့ပါချေ။

ရုတ်တရက်....

'အမယ်လေး'

စူးရှသော အသံတစ်ခု ထွက်ပေါ်လာလေသည်။

ရှောင်ချူဖုံးက ခေါက်ခနဲ ထထိုင်လိုက်လေသည်။

သူကြားလိုက်ရသောအသံမှာ ဘေးချင်းကပ် အခန်းဆီမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ဤအခန်းမှာ ဝမ်းယိုယုအခန်း ဖြစ်ပေသည်။

ဝမ်းယိုယုက အဘယ့်ကြောင့် ညဥ့်နက်သန်းခေါင်၌ အထိတ် တလန့် အော်ဟစ်ရပါသနည်း။

ရှောင်ချူဖုံးက ဒေးဝိုင်၏ စဉ်းစားနေစဉ်...

ဝမ်းယိုယု၏အသံက ထပ်မံ ထွက်ပေါ်လာလေသည်။

'ရှင်... ရှင် ကျွန်မအနားမကပ်နဲ့'

ရှောင်ချူဖုံး မနေနိုင်တော့ပါချေ။

သူက ခုတင်ပေါ်မှခုန်ဆင်းလိုက်ပြီး စားပွဲပေါ်တွင် အသင့်တင်ထားသော ဓားကို ကောက်ယူလိုက်လေသည်။

ထို့နောက်....

အခန်းထဲမှ ပြေးထွက်သွားလေသည်။

သူ ဝမ်းယိုယု၏ အခန်းရှေ့သို့ ရောက်သောအခါ အခန်းတံခါး ပိတ်ထားသည်ကို တွေ့ရလေသည်။

ရှောင်ချူဖုံးက အံကိုတင်းတင်းကြိတ်လိုက်ရင်းမှ...

'ညီမ...ညီမ ဘာဖြစ်နေတာလဲ'

သူ၏အသံနှင့် မရှေးမနှောင်းမှာပင် တုန်လှုပ်ချောက်ချားနေသော ဝမ်းယိုယု၏အသံက ထွက်ပေါ်လာ၏။

'အစ်ကို ညီမကို ကယ်ပါဦး'



ရုတ်ခြည်း ထွက်ပေါ်လာသော ဝမ်းယိုယု၏အသံကြောင့် ရှောင်ချူဖုံးမှာ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သို့သော် သူက ချက်ချင်း သတိပြန်ဝင်လာ၏။

သူက ရှိသမျှအင်အားကို ခြေထောက်တွင် စုစည်းကာ အခန်းတံခါးအား ခြေထောက်ဖြင့် အရှိန်ပြင်းစွာ ကန်လိုက်လေသည်။

'ဝုန်း'

အခန်းတံခါး ပွင့်သွားသည်နှင့် ရှောင်ချူဖုံးက ဓားကို ဆွဲယမ်း ကာကွယ်လိုက်လေသည်။

အတွင်းဆက်သို့ ရောက်သောအခါ ပမ္မေဒိလင့်သော မြင်ကွင်းတစ်ခုကို မြင်တွေ့လိုက်ရလေသည်။

* * *

ဝမ်းယိုယုက ခုတင်ထောင့်တွင် ထိုင်နေလေသည်။

သူမ၏တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်ပြီး မျက်နှာတစ်ခုလုံးမှာလည်း ဖြူဖတ်ဖြူရော် ဖြစ်နေ၏။

ဝမ်းယိုယုက ခုတင်ဘေးရှိ မီးတိုင်အား ထွန်းညှိအိပ်စက်ထားသောကြောင့် မှုန်ဝါးဝါးမီးရောင်က အခန်းတစ်ခုလုံးလွှမ်းမိုးလေသည်။

သူ၏မျက်လုံးများက ကြောက်ရွံ့တုန်လှုပ်စွာဖြင့် အခန်းထောင့် တစ်နေရာသို့ စိုက်ကြည့်နေ၏။

ရှောင်ချူဖုံးက ဝမ်းယိုယု လှမ်းကြည့်နေသော နေရာသို့ လှည့်ကြည့် လိုက်လေသည်။

'ဟင်'

သူ၏ပါးစပ်မှ လွှတ်ခနဲ အသံထွက်သွားပြီး ခန္ဓာကိုယ် တစ်ချက် တုန်ခါသွားလေသည်။

အခန်း၏ မှောင်ရိပ်ကျနေသော ထောင့်တစ်နေရာတွင် လူပုံသဏ္ဍာန် မည်းမည်းအရာဝတ္ထုတစ်ခု ရှိနေပြီး ပြာလဲ့လဲ့ သမ်းနေသည့် အရောင်များ တွေ့လိုက်ရသည် မဟုတ်ပါလော။

ရှောင်ချူဖုံးမှာ မျက်လုံးပြူးကျယ်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။

* * *



ဝမ်းယိုယုက ခုတင်ပေါ်တွင် မတ်တတ်ရပ်လိုက်သည်။

ထို့နောက် သူမက ရှောင်ချူဖုံးအနီးသို့ ရုတ်တရက် ခုန်ဆင်းကာ ပြေးကပ်လိုက်လေသည်။

ရှောင်ချူဖုံးက သူမအား ဖေးမထားလိုက်ပြီး....

'ညီမ မကြောက်ပါနဲ့၊ အစ်ကိုရှိပါတယ်'

ထိုအချိန် အမည်းရောင် လူရိပ်ထံမှ စူးရှသောရယ်သံ ထွက်ပေါ်လာလေသည်။

'အဲ....ဟဲ....ဟဲ'

ရှောင်ချူဖုံး အံကိုတင်းတင်းကြိတ်လိုက်သည်။

အရိပ်မည်းကြီးမှာ တစ်ချက် လှုပ်ရှားသွားလေသည်။

ပြာလဲ့လဲ့ မျက်လုံးအစုံသည် လှုပ်ရှားလိုက်သဖြင့် အလင်းရောင်မှာ ပို၍တောက်ပလာသည်ဟု ထင်လိုက်ရသည်။

ယင်းမျက်လုံးအစုံက ရှောင်ချူဖုံးနှင့် ဝမ်းယိုယုတို့အား အလွတ်မပေးဘဲ စိုက်ကြည့်နေဟန်ရှိ၏။

ရှောင်ချူဖုံးက ဓားကို တင်းကျပ်စွာဆုပ်ကိုင်လျက်....

'ခူးမင်း ... ဒီနေရာဟာ ခင်ဗျားနေရာမဟုတ်ဘူး၊ ခင်ဗျား လာစရာ မလိုဘူးထင်တယ်'

အရိပ်မည်းကြီးထံမှ အသံထွက်ပေါ်လာသည်။

'ကျုပ်က အကြွေးတောင်းဖို့ လာခဲ့တာ'

ရှောင်ချူဖုံးက....

'ဘာ အကြွေးတောင်းဖို့လာခဲ့တာ ဟုတ်လား'

အရိပ်မည်းကြီးက....

'ဟုတ်တယ်'

ဝမ်းယိုယုက စကားတစ်ခွန်းမှ မပြောပါချေ။

သူမသည် အရိပ်မည်းကြီးထံမှ ထွက်ပေါ်လာသော စကားသံကိုသာ အာရုံစိုက်၍ နားထောင်နေလေသည်။

အရိပ်မည်းကြီးထံမှ ထွက်ပေါ်လာသော အသံမှာ ခပ်ရှရှ ဖြစ်နေသော်လည်း စားသောက်ဆိုင်တွင် တွေ့ခဲ့ရသော ခူးမင်း၏ အသံဖြစ်ကြောင်း သူမက ကောင်းစွာ မှတ်မိလိုက်ပေသည်။

ယင်းသို့ မှတ်မိလိုက်သောအခါ စိတ်အာရုံထွေပြားလာ၏။



ရှောင်ချူဖုံးက အံ့အားသင့်သွားလေသည်။

'ဘာဖြစ်လို့ ကျုပ်တို့ဆီလာပြီး အကြွေးတောင်းရတာလဲ'

အရိပ်မည်းကြီးက....

'မိန်းကလေးက ကျုပ်စားစရာတွေ စားပြီး ငွေမှမပေးခဲ့တာပဲ'

ရှောင်ချူဖုံးက....

'ခင်ဗျားကို ပေးခဲ့တာပဲ'

အရိပ်မည်းကြီးက တစ်ချက် လှုပ်ရှားလိုက်ပြန်သည်။

ယင်းသို့ လှုပ်ရှားလိုက်တိုင်း ရှေ့သို့ တိုးလာသည်ဟု ထင်မိ၏။

'မိန်းကလေးပေးတဲ့ငွေက သုံးလို့မရဘူးကွ'

ရှောင်ချူဖုံးက မျက်မှောင်ကြုတ်သွားသည်။

'ဘာဖြစ်လို့လဲ'

အရိပ်မည်းကြီးက....

'ကျုပ်တို့ ယမမင်းပြည်မှာ ဒီငွေက သုံးမှ သုံးလို့မရတာဘဲ'

ရှောင်ချူဖိုးက....

'ဒါဖြင့် ဘယ်လိုလုပ်ရမလဲ'

အရိပ်မည်းကြီးက....

'ရွှေစက္ကူ၊ ငွေစက္ကူတွေကို မီးရှို့ပေးရမယ်'

ဝမ်းယိုယုက ကြားဖြတ်ပြောလိုက်လေသည်။

'ကောင်းပါပြီ၊ မနက်ဖြန် ရှင့်အတွက် ကျွန်မလုပ်ပေးပါ့မယ်၊ ရှင်အမြန်ဆုံး ထွက်သွားပါတော့'

အရိပ်မည်းကြီးက....

'အရင်တုန်းကလဲ မင်းလုပ်ပေးမယ် ပြောပြီး ထွက်ပြေးသွားတာ ကောင်းသလား'

ဝမ်းယိုယုက....

'အို....ကျွန်မ လုပ်ပေးမယ် ပြောနေပြီပဲ၊ ရှင် အမြန်ဆုံးသာ ထွက်သွားပါတော့'

အရိပ်မည်းကြီးက....

'ကောင်းပြီ၊ ဒီတစ်ခါတော့ မင်းကို ခွင့်လွှတ်လိုက်ပါမယ်။ မင်းက ဖြစ်အောင် လုပ်ပေးပေတော့'



ဝမ်းယိုယုက ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါရှင်'

သူမ ကတိ ပေးလိုက်သော်လည်း အရိပ်မည်းကြီးမှာ ကွယ်ပျောက်သွားခြင်း မရှိသေးပါချေ။

ထို့ကြောင့် သူမ ရင်ထိတ်သွားသည်။

'ရှင် မသွားသေးဘူးလား'

အရိပ်မည်းကြီးက....

'ဒီမှာ မိန်းကလေး၊ ကျုပ်အတွက် ရွှေစက္ကူ၊ ငွေစက္ကူတွေကို မနက်ဖြန်လာပြီး မီးရှို့ပေးရမယ်'

သူက စကားဆက်လိုက်ပြန်သည်။

'မင်းတစ်ယောက်တည်းလာပြီး မီးရှို့ပေးရမယ်နော်'

ဝမ်းယိုယုမှာ ရင်ထိတ်သွား၏။

အရိပ်မည်းကြီးက....

'ကျုပ်အုတ်ဂူရှေ့မှာ လာပြီး ညဦးသန်းခေါင် အချိန်မှာ လာပြီး မီးရှို့ပေးရမယ်'

သူက စကားဆက်လိုက်ပြန်သည်။

'အကယ်၍ မင်းကတိ ပျက်ခဲ့ရင် ကျုပ်က မင်းနောက်က တကောက်ကောက် လိုက်နေဦးမှာပဲ သိလား'

ဝမ်းယိုယု မမျှော်လင့်သော စကားကြောင့် ခေါင်းကို တတွင်တွင် ခါယမ်းလိုက်လေသည်။

'အို... မဖြစ်ဘူး... မဖြစ်ဘူး၊ ရှင့်အုတ်ဂူရှေ့ကို ကျွန်မမလာ ရဲဘူး'

အရိုပ်မည်းကြီးက....

'မင်းမလာရဲရင် ကျုပ် မင်းကိုလာခေါ်ပါ့မယ်'

ရှောင်ချူဖုံးက မနေနိုင်တော့ပါချေ။

သူက အသံကျယ်လောင်စွာ အော်ဟစ်လိုက်သော်လည်း အသံမှာ မသိမသာတုန်ယင်နေလေသည်။

အရိပ်မည်းကြီးက ဒေါသဖြစ်သွားသည့်အလား လှုပ်လှုပ် ရှားရှား ဖြစ်သွားလေသည်။

'ကဲ....မင်းဘာလုပ်ပါးဝတာလဲ၊ မင်းကိုလဲ ဆုံးမရဦးမယ်ကွ'

သူက စကားဆုံးသောအခါ လှုပ်လှုပ်ရှားရှားဖြင့် ရှေ့သို့ တိုးလာလေသည်။



ရှောင်ချူဖုံးက အံကိုတင်းတင်းကြိတ်လိုက်လေသည်။

'ဘယ်သူက ဆုံးမနိုင်မလဲဆိုတာ ကြည့်ကြသေးတာပေါ့'

သူက ယင်းသို့ပြောရင်း ရှေ့သို့ခုန်ထွက်ကာ လက်ထဲမှဓား ဖြင့် ခုတ်ချလိုက်လေသည်။

သူက ဓားကို လေးငါးချက်မျှဆင့်၍ ခုတ်ချလိုက်သော် လည်း အရိပ်မည်းကြီးအား မထိပါချေ။

အရိပ်မည်းကြီးက အသာအယာရှောင်တိမ်းသွား၏။

'မင်း....သေဖို့သာပြင်ထားပေတော့'

သူက စကားဆုံးသည်နှင့် ရှောင်ချူဖုံးအား ခုန်အုပ်လိုက် လေသည်။

ရှောင်ချူဖုံးက ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားချေပြီ။

အရိပ်မည်းကြီးက– သူ့အားခုန်အုပ်မိသွား၏။

'အမယ်လေး'

ဝမ်းယိုယုက ထိတ်လန့်စွာ အော်ဟစ်လိုက်လေသည်။

ထိုစဉ်မှာပင်....

'ဖြ'

ရှောင်ချူဖုံးက အတင်းရုန်းလိုက်သဖြင့် သူ၏အင်္ကျီမှာ ကျောကုန်းနေရာမှ ပြဲထွက်သွားလေသည်။

ထိုအခါ သူ၏နောက်ကျောမှ အင်းကွက်သဏ္ဌာန် ဆေးမင်ကြောင်များ ပေါ်ထွက်လာလေ၏။

ယင်းသို့ ထွက်ပေါ်လာသည်နှင့် အရိပ်မည်းကြီးမှာ စူးစူးဝါးဝါးအော်ဟစ်လိုက်ပြီး နောက်ဆုတ်သွား၏။

တစ်ဖန် အခန်းအပြင်ဘက်သို့ထွက်သွားကာ ပျောက်ကွယ်သွားလေတော့သည်။

*　　*　　*

အရိပ်မည်းကြီးမှာ ပျောက်ကွယ်သွားချေပြီ။

ယင်းအရိပ်မည်းကြီးမှာ ခူးမင်းဖြစ်ရမည်ဟု ရှောင်ချူဖုံးက သိရှိထား၏။



ဝမ်းယိုယုမှာမူ ကြောက်လန့်တုန်လှုပ်ကာ အသားများပင် တဆတ်ဆတ်တုန်ယင်နေလေသည်။

အရိပ်မည်းကြီးထွက်သွားသည်နှင့် ဟန်မဆောင်နိုင်တော့တဲ့ သူမသည် ရှောင်ချူဖုံး၏ရင်ခွင်ထဲသို့ ပြေးဝင်ကာ အားပါးတရ ငိုကြွေးလိုက်လေသည်။

ရှောင်ချူဖုံးသည် သူမအား အသာအယာဖေးထွေးပွေ့ထားရင်းမှ စိတ်မကောင်းဖြစ်လာမိ၏။

သူက သူမ၏ဆံနွယ်များအား ပွတ်သပ်ရင်းမှ ချော့မြူနေသည်။

'ညီမရယ်....မကြောက်ပါနဲ့တော့၊ သူထွက်သွားပါပြီ'

ဝမ်းယိုယုက ငိုကြွေးနေဆဲပင်....

ရှောင်ချူဖုံးက....

'အစ်ကိုတစ်ယောက်လုံးရှိပါတယ်ညီမရယ်၊ သူမလာရဲတော့ပါဘူး'

ဝမ်းယိုယုမှာ ငိုကြွေးရာမှ မော့ကြည့်လိုက်သည်။

'အစ်ကို ကျွန်မဘယ်လိုလုပ်ရမလဲ ဟင်'

သူမ၏ ရှိုက်ငိုသံတစ်ဝက်ရောယှက်သည့်အသံက သနားကြင်နာဖွယ်ရာ ကောင်းလှန်းလှပေသည်။

ရှောင်ချူဖုံးက သက်ပြင်းတစ်ချက်ချလိုက်၏။

သူက အကြံမပေးနိုင်ပါချေ။

သူနားလည်ထားသည်မှာ ခူးငင်းပြောခဲ့သည့်အတိုင်း လုပ်ဆောင်ပေးရန် ဝမ်းယိုယုအား တိုက်တွန်းရန်ပင်ဖြစ်၏။

ဝမ်းယိုယုက တွေဝေနေသောသူ့အားကြည့်ကာ အားမလိုအားမရ ဖြစ်လာသည်။

'အစ်ကို ညီမဘယ်လိုလုပ်ရမလဲဆိုတာ ပြောစမ်းပါဦးရှင်'

ရှောင်ချူဖုံးက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

'အင်း...အကောင်းဆုံးကတော့ သူပြောတဲ့အတိုင်း အုတ်ဂူရှေ့ကိုသွားပြီး မီးရှို့ပေးလိုက်ပေါ့'

'ရှင်'

ဝမ်းယိုယုမှာ ထိတ်လန့်အံ့သြသွားလေသည်။

သူမက ရှောင်ချူဖုံးရင်ခွင်ထဲမှ တိုးထွက်လိုက်လေသည်။

မိမိနားကြားများလွဲမှားနေလေရော့လားဟူသော သဘောဖြင့် ထပ်မံမေးလိုက်၏။



'ကျွန်မက အုတ်ဂူရှေ့မှာသွားပြီး မီးရှို့ရမယ်လို့ပြောလိုက်တာလား မောင်ကို'

ရှောင်ချူဖုံးက ပြုံး၍ခေါင်းညိတ်ပြလိုက်လေသည်။

သူ၏ အပြုံးမှာအားအင်ချည့်နဲ့နေသော အပြုံးဖြစ်သည်။

အမှန်တွင် သူက သူမအား အုတ်ဂူရှေ့သို့ မသွားစေလိုပါချေ။

သို့ရာတွင် မိမိက ဘာများ တတ်နိုင်ပါဦးမည်နည်း။

'ဟုတ်တယ် ညီမ'

ဝမ်းယိုယုက သူ့အား စိုက်ကြည့်လိုက်သည်။

သူမက ခေါင်းကို တွင်တွင်ခါယမ်းလိုက်ရင်းမှ....

'ဟင့်အင်း... ကျွန်မ မသွားရဲပါဘူး'

ရှောင်ချူဖုံးက လေသံအေးအေးဖြင့်....

'ညီမ မသွားလို့ ဖြစ်ပါ့မလား'

ဝမ်းယိုယုက အော်ဟစ်လိုက်သည်။

'မသွားဘူး....မသွားဘူး၊ ကျွန်မ လုံးဝမသွားဘူး'

ရှောင်ချူဖုံးက သက်ပြင်းချလိုက်ပြန်သည်။

သူသည် သူမက အလွန်ကြောက်ရွံ့နေမှန်းသိရှိနေလေသည်။

ထို့ကြောင့် သူက မျက်စိကို စုံမှိတ်ကာ ပြောချလိုက်၏။

'ကောင်းပြီလေ၊ ညီမ မသွားရဲဘူး ဆိုရင်လဲ မသွားဘဲ နေလိုက်ပေါ့ကွာ'

ဝမ်းယိုယု တွေဝေသွားရပြန်သည်။

သူမက ခူးမင်းအား အလွန် ကြောက်ရွံ့တုန်လှုပ် နေလေသည်။

သူမသည် ခူးမင်းပြောသည့် သန်းခေါင်းယံအချိန်၌ သူ၏ အုတ်ဂူရှေ့သို့ မသွားဆောက်လိုချေ။

သို့သော် သူမမှာ ခူးမင်း၏စကားအား လက်မခံဘဲဖယ်ရှားပစ်ရန်မှာလည်း မဝံ့မရဲဖြစ်နေသည် မဟုတ်ပါလော။

ထို့ကြောင့် သူမက ရှောင်ချူဖုံးအား စိုက်ကြည့်လိုက်၏။

'မသွားရင်ကော ဖြစ်မလား အစ်ကို'

ရှောင်ချူဖုံးက ခေါင်းကုတ်လိုက်သည်။

ဝမ်းယိုယုက တိုးညင်းသော လေသံဖြင့်....



'ညီမ မသွားဘဲလဲမနေရဲဘူး၊ သွားရမှာလဲ ကြောက်တယ် အစ်ကို'

ရှောင်ချူဖုံးက....

'ကြောက်လို့ပြီးမှာမှမဟုတ်ဘဲ၊ တစ်ခုခုတော့ လုပ်မှဖြစ်မယ်ထင်တယ်'

သူ၏ စကားကြောင့် ဝမ်းယိုယုက ငေးငိုင်နေ၏။

အတန်ကြာမှ....

'အစ်ကို'

ရှောင်ချူဖုံးက သူမအား စေ့စေ့ကြည့်လိုက်၏။

'ပြောလေ ညီမ'

ဝမ်းယိုယုက....

'အစ်ကို ညီမကို ကူညီမလားဟင်'

ရှောင်ချူဖုံးက....

'အခုလဲ ညီမကို ကူညီနေတာ မဟုတ်လား'

ဝမ်းယိုယုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် အစ်ကိုရယ်၊ အခုလဲ ခူးမင်းနဲ့ ပတ်သက်တဲ့ ကိစ္စတွေကို ဆက်ပြီး ကူညီနိုင်မလားလို့ပါ'

ရှောင်ချူဖုံးက ..

'ကူညီမှာပေါ့ ညီမရယ်၊ ကဲပြော၊ အစ်ကို ဘယ်လို ကူညီရမလဲ'

ဝမ်းယိုယု၏မျက်နှာ ဝင်းလက်သွားသည်။

'ကျွန်မအတွက် အစ်ကိုက ခူးမင်းဘုတ်ဂူရှေ့မှာသွားပြီး ရွှေစက္ကူ ငွေစက္ကူတွေကို မီးရှို့ပေးပါလားဟင်'

'ဟင်...'

ရှောင်ချူဖုံး အံ့သြသွားလေသည်။

သူက သူမအား စိုက်ကြည့်လိုက်သည်။

'အစ်ကို သွားပြီး မီးရှို့ပေးရမယ် ဟုတ်လား'

သူက စကားဆုံးသောအခါ ငေးငိုင်နေမိလေသည်။

ဝမ်းယိုယုက....

'ဟုတ်တယ် အစ်ကို၊ ညီမအတွက်ဆောင်ရွက်ပေးရင် အစ်ကို မနစ်နာစေရပါဘူး'



ရှောင်ချူဖုံးက သူမအား မျက်မှောင်ကြုတ် ကြည့်လိုက်သည်။

'ညီမ ဘာကို ဆိုလိုတာလဲ'

ဝမ်းယိုယုက....

'ဒီလိုပါ၊ အစ်ကိုကြိုက်သလောက် အခကြေးငွေတောင်းပါ၊ ညီမပေးပါ့မယ်'

'ဘာ....'

ရှောင်ချူဖုံးက ထအော်လိုက်သည်။

သူ အလွန်ဒေါသထွက်သွား၏။

သူ၏ စူးရှသောမျက်လုံးအစုံက ဝမ်းယိုယုအား စိုက်ကြည့်လိုက်လေသည်။

'ညီမ....ကျုပ်ကို ဘယ်လိုလူစားမျိုး ထင်နေသလဲ၊ ကျုပ်က ငွေမက်ပြီး မင်းကို လိုက်ကူညီတယ် ထင်လို့လား'

သူက စကားဆက်လိုက်လေသည်။

'အကယ်၍ ကျုပ်သာ ငွေမက်ရင် လမ်းခွဲပြီး အလုပ် လိုက်လုပ်မှာပေါ့'

သူ၏လေသံမှာ နာကြည်းခက်ထန်နေ၏။

ဝမ်းယိုယုက ယခုမှ မိမိစကားအတွက် အားတုံ့အားနာ ဖြစ်သွားမိလေသည်။

သူမက ကပျာကယာ လက်နှစ်ဖက်ကာယမ်းရင်းမှ....

'အို.... ကျွန်မ စကားမပြောတတ်လို့ မှားသွားတာပါ၊ ကျွန်မကို အထင်မလွဲပါနဲ့နော်'

သူမ၏စကားကြောင့် ရှောင်ချူဖုံးက သက်ပြင်းမောတစ်ခု ကို ချလိုက်မိလေသည်။

ရှောင်ချူဖုံးမှာ သူမ၏စကားအတွက် စိတ်မဆိုးနိုင်တော့ ပါချေ။

ဤမိန်းကလေးအပေါ် အလွယ်တကူပင် ခွင့်လွှတ်ကျေနပ် မိနေလေသည်။

သူက သူမအား စိုက်ကြည့်လိုက်သည်။

'ညီမ သူ့စကားကို မေ့လို့မဖြစ်ဘူးထင်တယ်'

ဝမ်းယိုယုက....

'ဘာကိုလဲအစ်ကို'



ရှောင်ချူဖုံးက....

'ညီမကို တစ်ယောက်တည်းလာခဲ့ဖို့ ခေါ်တာကိုလေ'

ဝမ်းယိုယုမှာ တွေဝေစဉ်းစားနေ၏။

အတန်ကြာမှ သူမသည် ဖြည်းလေးစွာ ခေါင်းခါယမ်း လိုက်သည်။

'ညီမတစ်ယောက်တည်းတော့ လုံးဝမသွားရဲဘူး အစ်ကို ရယ်'

ရှောင်ချူဖုံးက သူမအား စိုက်ကြည့်လိုက်သည်။

သူက မတတ်နိုင်တော့ပါချေ။

'ဒါဖြင့်ရင်လဲ အစ်ကိုလိုက်ပို့ပါမယ်'

သူ၏ စကားကြောင့် ဝမ်းယိုယု၏မျက်နှာ ဝင်းလက် တောက်ပသွားလေသည်။

သူမက ရှောင်ချူဖုံးအား စိုက်ကြည့်လိုက်သည်။

'အစ်ကို'

ရှောင်ချူဖုံးက သူမအား ကြည့်လိုက်၏။

'ဘာလဲညီမ'

ဝမ်းယိုယုက....

'ညီမက အုတ်ဂူရှေ့မှာ မီးရှို့ပြီးရင် သူက မနှောင့်ယှက်နိုင်တော့ဘူးပေါ့နော်'

ရှောင်ချူဖုံးက သက်ပြင်းတစ်ချက်ချလိုက်၏။

'အင်း...မနှောင့်ယှက်ပါစေနဲ့လို့ ဆုတောင်းရမှာပါပဲ'

ထိုအချိန် ရှတ်တရက် အခန်းပြင်ဘက်မှ ခြေသံသဲ့သဲ့ ထွက်ပေါ်လာ၏။

ရှောင်ချူဖုံးနှင့် ဝမ်းယိုယုတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ရှောင်ချူဖုံးမှာ လက်ထဲမှဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်၏။

ထို့အတူ ဝမ်းယိုယုကလည်း တံခါးဝသို့ အာရုံစိုက်ကြည့်ရှုလိုက်မိသည်။

ခြေသံမှာ သူတို့အခန်းဆီသို့ ဦးတည်လျှောက်လာနေခြင်းဖြစ်ပေသည်။

ထိုစဉ်မှာပင် သူတို့အခန်းဝရှေ့၌ ခြေသံပျောက်ကွယ်သွား၏။

* * *



'ဒေါက်....ဒေါက်....ဒေါက်'

ရုတ်တရက် တံခါးခေါက်သံ ထွက်ပေါ်လာလေသည်။

ဝမ်းယိုယု၏မျက်လုံး ဝိုင်းစက်ပြူးကျယ်သွား၏။

ရှောင်ချူဖုံးက တံခါးကို စိုက်ကြည့်လိုက်သည်။

'ဘယ်သူလဲ'

ရုတ်တရက် အပြင်ဘက်မှ စကားသံ တုံ့ပြန်လာသည်။

'ကျုပ် ဆိုင်ရှင်ပါ တံခါးဖွင့်ပေးပါဦး'

ရှောင်ချူဖုံးက မျက်မှောင်ကြုတ်သွားလေသည်။

ဤကဲ့သို့ ညဉ့်ကြီးအချိန်မတော် ဆိုင်ရှင်က အဘယ့်ကြောင့် ရောက်ရှိလာပါသနည်း။

သူက ယပ်ဖျားသို့တွေးရင်း တံခါးဖွင့်ပေးလိုက်သည်။

ဆိုင်ရှင်က တံခါးဝတွင် ရပ်နေ၏။

ရှောင်ချူဖုံးက....

'ဘာကိစ္စရှိလို့လဲဗျ'

ဆိုင်ရှင်က သူတို့နှစ်ဦးအား ကျော်၍ အခန်းထဲသို့ မျက်လုံးဝေ့ဝဲကြည့်လိုက်လေသည်။

သူက မျက်မှောင်ကြုတ်လိုက်လေသည်။

'ခုန ဘာဖြစ်ကြတာလဲဗျ'

ရှောင်ချူဖုံးက ပျာပျာသလဲ ခေါင်းခါယမ်းလိုက်၏။

'ဘာမှမဖြစ်ပါဘူး'

ဆိုင်ရှင်က ပခုံးတွန့်လိုက်လေသည်။

'ခင်ဗျားတို့ ထိတ်လန့်စရာကိစ္စတစ်ခုခုနဲ့ ကြုံတွေ့ခဲ့ကြတယ် မဟုတ်လား၊ မျက်နှာလဲ မကောင်းကြဘူး'

ရှောင်ချူဖုံးက ဒေါသထွက်လာလေသည်။

သို့သော်....

သူက စိတ်ကို ချုပ်တည်းလိုက်၏။

'ကျုပ်တို့ ဘာဆိုဘာမှ မကြုံခဲ့ရပါဘူးဗျာ'

ဆိုင်ရှင်က သက်ပြင်းချလိုက်လေသည်။

'ကျုပ်ကို စိတ်မဆိုးပါနဲ့ဗျာ၊ ကျုပ်ကိုယ်တိုင် ထိတ်လန့်စရာကိစ္စတစ်ခုနဲ့ ကြုံတွေ့ခဲ့ရလို့ပါ'

သူက စကားဆက်လိုက်ပြန်သည်။



'ခင်ဗျားတို့အခန်းက အသံကြားလေတော့ ကျုပ်လိုပဲ ထိတ်လန့်စရာနဲ့ ကြုံတွေ့ခဲ့သလားလို့ပါ'

သူ၏စကားကြောင့် ဝမ်းယိုယုနှင့် ရှောင်ချူဖုံးတို့မှာ အံ့ဩတွေဝေသွားကြလေသည်။

ရှောင်ချူဖုံးက....

'ခင်ဗျားက ဘာထိတ်လန့်စရာနဲ့ ကြုံတွေ့ခဲ့ရလို့လဲ'

ဆိုင်ရှင်၏ မျက်နှာပေါ်တွင် ကြောက်ရွံ့ထိတ်လန့်သည့် အရိပ်အယောင် ပေါ်လွင်လာလေသည်။

သူက တုန်ယင်နေသော လေသံအား ထိန်း၍ ပြောလိုက်သည်။

'ကျုပ်အခန်းထဲမှာ ပြာလဲ့လဲ့သမ်းနေတဲ့ မီးလုံးကလေးတွေ တွေ့ခဲ့ရတယ်ဗျ'

ရှောင်ချူဖုံးနှင့်ဝမ်းယိုယုတို့မှာ တုန်လှုပ်သွားကြလေသည်။

ဆိုင်ရှင်က စကားဆက်လိုက်ပြန်သည်။

'ကျုပ်လဲ အံ့ဩသွားပြီး သေသေချာချာကြည့်လိုက်တော့မှ ပြာလဲ့လဲ့ အရောင်သမ်းတဲ့ မီးလုံးကလေးတွေဟာ လေထဲမှာ ပျံနေတယ်လေ'

ရှောင်ချူဖုံးနှင့် ဝမ်းယိုယုတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြလေသည်။

ရှောင်ချူဖုံးက ဆိုင်ရှင်အား စူးစမ်းသောအကြည့်ဖြင့် ကြည့်လိုက်၏။

'ခင်ဗျား အိပ်မက် မက်နေတာလားဗျာ'

ဆိုင်ရှင်က ခေါင်းကို တွင်တွင် ခါယမ်းလိုက်လေသည်။

'အိုဗျာ... ကျုပ် အိပ်မက်မက်နေတာ မဟုတ်ပါဘူး၊ သေသေချာချာကို မြင်တွေ့ခဲ့ရတာပါ'

ရှောင်ချူဖုံးက ပါးစပ်ပိတ်ထားလိုက်လေသည်။

ဆိုင်ရှင်က ဆက်ပြောလိုက်ပြန်သည်။

'ကျုပ်လဲ ကြောက်လွန်းလို့ အခန်းထဲက ထွက်ပြေးမလို့ပါပဲ။ ဒါပေမယ့်....'

ရှောင်ချူဖုံးက....

'ဒါပေမယ့် ဘာဖြစ်သလဲ'

ဆိုင်ရှင်က....

'ကျုပ်ရဲ့ အခန်းတံခါးကို ဖွင့်လို့မရတော့ဘူးလေ'

ရှောင်ချူဖုံး အံ့ဩသွားရပြန်သည်။



'ဗျာ....ခင်ဗျားဟာက ဟုတ်မှဟုတ်ရဲ့လား'

ဆိုင်ရှင်က မကျေမနပ် ဖြစ်သွား၏။

'ကျုပ်က ဘာဖြစ်လို့ ခင်ဗျားကို လိမ်ပြောရမှာလဲ၊ ကျုပ် မြင်တွေ့ခဲ့ရတာ အားလုံး အမှန်အတိုင်း ပြောပြနေတာဗျ'

ဝမ်းယိုယုက ကြားဖြတ်ပြောလိုက်လေသည်။

'အခန်းတံခါးကို အပြင်က သော့ခတ်ထားလို့ ဖြစ်မှာပေါ့'

ဆိုင်ရှင်က....

'ကျုပ်အခန်းက သော့မှမရှိတာ'

ဝမ်းယိုယု ဆက်မပြောနိုင်တော့ပါချေ။

ရှောင်ချူဖုံးက....

'ခင်ဗျား စိတ်ချောက်ချားသွားပြီး တံခါးဖွင့်မရတာ ဖြစ်မှာပေါ့'

ဆိုင်ရှင်က ခေါင်းခါယမ်းလိုက်လေသည်။

'အို....မဟုတ်တာဗျာ၊ ကျုပ် တံခါးကို ကြိုးစားဖွင့်နေတုန်း တံခါးကြားက ပိန်ပိန်ပါးပါး အမျိုးသမီးတစ်ယောက် ဝင်လာတယ်ဗျ'

ရှောင်ချူဖုံးက အံ့ဩသွားလေသည်။

'ဗျာ....တံခါးကြားက ဝင်လာတယ် ဟုတ်လား'

ဆိုင်ရှင်က....

'ဟုတ်တယ်'

ရှောင်ချူဖုံးက ခေါင်းခါယမ်းလိုက်၏။

'ဟာ....မဖြစ်နိုင်တာဗျာ'

ဆိုင်ရှင်က စိတ်ဆိုးသွားလေသည်။

'တော်ပြီ....တော်ပြီ၊ ခင်ဗျားကိုကို ပြောနေလို့လဲ အပိုပါပဲ'

သူက ပြောရင်းမှ လှည့်ထွက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော် သူက မသွားသေးဘဲ ရှောင်ချူဖုံးကို ကြည့်လိုက်လေသည်။

'ခင်ဗျားကော ဒီအခန်းထဲမှာ အိပ်သလား'

ရှောင်ချူဖုံး၏မျက်နှာ အနည်းငယ် တင်းမာသွားသည်။

'ဒါ ကျုပ်တို့ကိစ္စပါ၊ ခင်ဗျားနဲ့ မဆိုင်ပါဘူး'

သူ၏စကားဆုံးသောအခါ ဆိုင်ရှင်က ပခုံးတွန့်၍ ထွက်ခွာသွားလေတော့သည်။

* * *



ဆုံ့ဝိရှင်မှာ ထွက်ခွာသွားပြီဖြစ်၏။

ယခုမှ ရှောင်ချူဖုံးက ဝမ်းယိုယုအား လှမ်းကြည့်လိုက်လေသည်။

ဝမ်းယိုယု၏ မျက်နှာတစ်ခုလုံး နီရဲနေလေသည်။

ရှောင်ချူဖုံးက သက်ပြင်းတစ်ချက်ချလိုက်သည်။

'ကဲ....ညီမ၊ အိပ်ရဲတယ် မဟုတ်လား၊ အစ်ကို သွားတော့မယ်နော်'

ဝမ်းယိုယုက ဆတ်ခနဲ ခေါင်းထောင်လာ၏။

သူမက ရှောင်ချူဖုံးအား စိုက်ကြည့်လိုက်လေသည်။

'အစ်ကို ဆိုင်ရှင်တွေတဲ့ အမျိုးသမီးဟာ ခူးမင်း မိန်းမများ ဖြစ်နေမလား'

ရှောင်ချူဖုံး မချိပြုံးပြုံးလိုက်လေသည်။

'ကဲပါ... ညီမရယ်၊ ဒါတွေ ပြောမနေပါနဲ့တော့၊ ဆိုင်ရှင်ရဲ့ စကားကို တစ်ထစ်ချယုံကြည်လို့မရပါဘူး'

ဝမ်းယိုယုက သက်ပြင်းတစ်ချက် ချလိုက်သည်။

'အင်းလေ၊ မနက်ဖြန်မိုးလင်းပြီးရင် ဒီကိစ္စဟာ ဆုံးခန်းတိုင်ပြီထင်ပါရဲ့'

ရှောင်ချူဖုံးက....

'ဒါပေါ့၊ ဒီညစိတ်ချလက်ချအိပ်ပေတော့'

'ခူးမင်းက နောက်ထပ်လာပြီး နှောင့်ယှက်တော့မှာမဟုတ်ပါဘူး'

သူက စကားဆုံးသည်နှင့် ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်လေသည်။

ဝမ်းယိုယုမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရမည်ကို စိုးရိမ်ကြောက်လန့်နေမိလေသည်။

ထို့ကြောင့် သူမက ရှောင်ချူဖုံးအား ဟန့်တားလိုက်လေသည်။

'နေဦး....အစ်ကို'

သူမက တစ်စုံတစ်ခုကို သတိရလိုက်ပြန်သည်။

'အင်း....သူစိမ်းယောကျ်ားလေး တစ်ယောက်ကို ငါနဲ့ တစ်ညလုံးအတူနေဖို့ ခေါ်ထားလို့ မသင့်လျော်ဘူးနဲ့ တူပါတယ်'

သူမက ယင်းသို့ ကျိတ်၍ တွေးလိုက်မိပြန်လေသည်။

ထို့ကြောင့် သူမက ခေါင်းငုံ့ထားလိုက်မိ၏။

ရှောင်ချူဖုံးမှာ သူမ ရင်ထဲမှဆန္ဒအား နားလည်သဘောပေါက်မိလေသည်။

မည်သို့ဆိုစေ....

သူက မတတ်နိုင်ပါချေ။

ထို့ကြောင့် သူက သူမအားပြုံးပြလိုက်သည်။

'ကဲ... ညီမ၊ စိတ်ကို ငြိမ်ငြိမ်ထားပြီး အခန်းတံခါးကို လုံအောင် ပိတ်အိပ်လိုက်ပါနော်'

သူက စကားဆုံးသောအခါ လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

ရှောင်ချူဖုံးထွက်သွားသည်နှင့် ဝမ်းယိုယုက အခန်းတံခါးအား လျင်မြန်စွာ ပိတ်လိုက်လေတော့သည်။

ရှောင်ချူဖုံးက ထွက်ခွာသွားပြီ ဖြစ်၏။



ဝမ်းယိုယုမှာ ချက်ချင်းမအိပ်နိုင်သေးပါချေ။

ခုတင်ပေါ်၌ထိုင်ကာ အတွေးမှာ ရှောင်ချူဖုံးနှင့်သာ အဆုံးသတ်ခဲ့လေသည်။'

သူမ စိတ်ထဲ၌ ရှောင်ချူဖုံးအပေါ် အားကိုးတွယ်တာစိတ်များ တဖွားဖွား ပေါ်ပေါက်လာလေသည်။

ယခု လက်ရှိ အခြေအနေတွင် ရှောင်ချူဖုံးမှာ အားကိုးလောက်သည့် လူတစ်ယောက်ဖြစ်နေပြီ မဟုတ်ပါလော။

ရှောင်ချူဖုံးမှာ သိုင်းပညာ အနည်းငယ် ညံ့ဖျင်းသည်မှအပ ယောကျ်ားတစ်ယောက်၏ အင်္ဂါရပ်များ ပြည့်စုံလှပေသည်။

သိုင်းပညာ ညံ့ဖျင်းသည်ကို ခြွင်းချက်ထားကာ သူမက အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ရမည်လော....။

ဝမ်းယိုယု၏မျက်နှာ နီရဲသွားလေသည်။

သူမက အိပ်ရာထဲ၌ လဲလျောင်းကာ မျက်စိကို စုံမှိတ်ပစ်လိုက်သည်။

ရုတ်တရက် သူမ၏ မျက်စိထဲ၌ ပုံရိပ်တစ်ခုက ထင်ရှားစွာ ဝင်ရောက်လာပြန်သည်။

ရှောင်ချူဖုံး၏ ယောကျ်ားပီသသော မျက်နှာ ဖြစ်လေသည်။

ဝမ်းယိုယု၏ နှုတ်ခမ်းမှ ရှက်ပြုံးတစ်ပွင့် ဖူးပွင့်လာသည်။

ထို့နောက် သူမက ဘယ်ညာလူးလှိမ့်နေရင်းမှ မိုးလင်းလုအချိန်၌ မှေးခနဲအိပ်ပျော်သွားလေတော့သည်။

## အခန်း (၃)

## လမ်းခွဲ

'အောက်....အီး....အီး....အွတ်'

အဝေးမှ ကြက်တွန်သံများ ထွက်ပေါ်လာ၏။

မိုးစင်စင်လင်းပြီဖြစ်သောကြောင့် မြို့ကလေးမှာ စည်ကားလှ၏။

မင်းလမ်းမကြီးပေါ်တွင် ဈေးသွား ဈေးလာများ၊ ဈေးသည်များ၊ အလုပ်သမားများ၊ ခရီးသည်များဖြင့် စည်ကားနေရာ လူသံသူသံများလည်း ကြားနေရလေသည်။

ပြတင်းပေါက်မှ ထိုးကျလာသော နေရောင်ခြည်က ဝမ်းယိုယု၏ မျက်နှာချောချောလေးပေါ်သို့ ထိုးကျလာလေသည်။



သူမက တစ်ချိန်က ပြောမှားဆိုမှား ရှိခဲ့သည့်အတွက် ခေါင်းငုံ့ထားလိုက်ရလေသည်။

ထိုစဉ် သူတို့ထံသို့ ဆိုင်လုလင်တစ်ယောက် လျှောက်လာနေသည်ကို တွေ့လိုက်ရ၏။

ဆိုင်လုလင်၏ လက်ထဲ၌ မျက်နှာသုတ်ပဝါနှင့် ရေဇလုံ အသင့်ပါရှိလာလေသည်။

ရှောင်ချူဖုံးက သူထံမှ မျက်နှာသုတ်ပဝါနှင့် ရေဇလုံအား လှမ်းယူလိုက်၏။

ဆိုင်လုလင် ပြန်ထွက်သွားမည်အပြုတွင် ဝမ်းယိုယုက တန့်တားလိုက်လေသည်။

'ခဏနေပါဦးရှင့်'

ဆိုင်လုလင်က....

'ဘာများ အလိုရှိပါသလဲ အစ်မ'

ဝမ်းယိုယုက....

'ကျွန်မအတွက် လိုအပ်တဲ့ပစ္စည်းတချို့ ရှင်သွားပြီး ဝယ်ပေးနိုင်မလားဟင်'

ဆိုင်လုလင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့....သွားဝယ်ပေးနိုင်ပါတယ်'

ဝမ်းယိုယုက....

'ကောင်းပါပြီ၊ စားစရာသောက်စရာ တချို့နဲ့ ရွှေစက္ကူ ငွေစက္ကူ ဝယ်လာပေးပါ'

သူမက ပြောရင်းမှ ငွေတုံးတစ်တုံးကို နှိုက်ယူ၍ ပေးလိုက်လေသည်။

ဆိုင်လုလင်က စကားလုံးဝ မပြောတော့ပါချေ။

သူသည် ဝမ်းယိုယုပေးသော ငွေတုံးကလေးအား ယူကာ ထွက်ခွာသွားလေတော့သည်။

* * *

ရှောင်ချုဖုံးနှင့် ဝမ်းယိုယုတို့က စားသောက်ဆိုင်ထဲမှ မြင်းကိုယ်စီဖြင့် ထွက်ခွာလာခဲ့ကြလေသည်။

သူတို့က ခူးမင်းအုတ်ဂူရှိရာ သချိုင်းဆီသို့ ခရီးနှင်လာခဲ့ကြလေသည်။

ခူးငင်း၏ အုတ်ဂူဆီသို့သွားရန် နေ့ဝက်ခရီးမျှသာ ရှိပေသည်။



ထို့ကြောင့် ရှောင်ချုဖုံးနှင့် ဝမ်းယိုယုတို့မှာ ခရီးပြင်းနှင်လာခဲ့ကြ၏။

ဝမ်းယိုယု၏ ရင်ထဲ၌ ဤကိစ္စအမြန်ဆုံးပြတ်သွားမှ ကောင်းမည်ဟု ယူဆထားလေသည်။

သူတို့နှစ်ယောက် ခရီးပြင်းနှင်လာခဲ့ကြရာ....

မြို့ကလေးနှင့် အတန်ငယ်ဝေးသော တောအုပ်တစ်ခုထဲသို့ ရောက်ရှိခဲ့ကြလေသည်။

ရှောင်ချုဖုံးက....

'ညီမ... ကျုပ်တို့ ဒီတောအုပ်ကလေးထဲမှာ ခေတ္တနားကြရင် ကောင်းမယ်ထင်တယ်'

ဝမ်းယိုယုက ခေါင်းညိတ်လိုက်သည်။

'ကောင်းသားပဲ အစ်ကို'

သူတို့နှစ်ယောက်မှာ အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်၌ ဝင်ရောက်အနားယူလိုက်ကြလေသည်။

ဝမ်းယိုယုက ရှောင်ချုဖုံးအား စေ့စေ့ကြည့်လိုက်၏။

'အစ်ကို့ကို မေးစရာရှိတယ်'

ရှောင်ချုဖုံးက....

'ဘာမေးစရာရှိလို့လဲ မေးလေ'

ဝမ်းယိုယုက....

'အစ်ကို စိတ်မဆိုးရဘူးနော်'

ရွှောင်ချူဖုံးက ပြုံးလိုက်သည်။

'စိတ်မဆိုးပါဘူး မေးမှာသာမေးပါ'

ဝမ်းယိုယုက....

'အစ်ကို ညီမနဲ့ ဒီကိုပြန်လိုက်လာတာ စိတ်ထဲမှာ မကြောက်မိဘူးလား'

ရွှောင်ချူဖုံးက အားပါးတရ ရယ်မောလိုက်သည်။

'ဟား ...ဟား....ဟား....ဘာများမေးမလဲလို့'

ဝမ်းယိုယုက တည်ကြည်သောမျက်နှာဖြင့်....

'ကဲပါ မေးတာကို ဖြေပါဦး'

ရွှောင်ချူဖုံးက သက်ပြင်းချလိုက်လေသည်။

သူက ဝမ်းယိုယု၏ လှပသော မျက်နှာလေးအား ငေး၍ ကြည့်လိုက်မိလေသည်။

'အစ်ကိုပြောရင် ညီမစိတ်ဆိုးမှာလား'

ဝမ်းယိုယုက....



'အို....ဘာစိတ်ဆိုးစရာရှိလဲ၊ ပြော မှာသာ ပြောစမ်းပါရှင်'

ရွှောင်ချူဖုံးက မပြောသေးပါချေ။

အတန်ကြာမှ သူက ချိုသာပျော့ပျောင်းသောလေသံဖြင့်....

'အစ်ကို မကြောက်ဘူးလို့ပြောလိုက်ရင် လိမ်တာပဲ ဖြစ်ပါလိမ့်မယ်'

သူက မေတ္တာစကားရပ်၍ ဝမ်းယိုယုအား စိုက်ကြည့်လိုက်၏။

'ဒါပေမယ့် ညီမအတွက်ဆိုရင် အသက်သေချင်သေပါစေတော့ကွာ၊ အစ်ကိုမကြောက်နိုင်တော့ပါဘူး'

'အို '

ရှက်ဘရက် ဝမ်းယိုယုက ခေါင်းငုံ့လိုက်လေသည်။

သူမရင်ထဲ၌လည်း လှိုက်မောကျေနပ်သွားမိပြီ မဟုတ်ပါလော။

ရွှောင်ချူဖုံးက ဆက်ပြောလိုက်ပြန်သည်။

'အစ်ကိုလဲ ညီမကို မေးစရာစကားရှိသေးတယ်'

ဝမ်းယိုယုက မပွင့်တပွင့် ပြုံးပြလိုက်သည်။

'မေးပါ အစ်ကိုဘာမေးချင်လို့လဲ'

ရွှောင်ချူဖုံးက....

'ညီမရဲ့ဖေဖေဟာ ဓားပညာ တစ်ဖက်ကမ်းခတ်အောင် တတ်တယ်ဆိုတာ ဟုတ်သလားဟင်'

ဝမ်းယိုယုက မျက်မှောင်ကြုတ်သွားမိ၏။

ရှောင်ချူဖုံး၏စကားမှာ အဆက်အစပ်မရှိဟုလည်း တွေး လိုက်မိသည်။

သို့သော် သူမက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ရှောင်ချူဖုံးက....

'သူ့ဆီမှာ တပည့်ရှိသလားဟင်'

ဝမ်းယိုယုက....

'ဟင့်အင်း မရှိပါဘူး၊ ဖေဖေက ဘယ်တော့မှ တပည့် မမွေးဘူးလို့ ဆုံးဖြတ်ထားပါတယ်'

ရှောင်ချူဖုံးက မျက်မှောင်ကြုတ်သွား၏။

'သူ့မှာ သားယောကျ်ားလေး မရှိဘူးလား'

ဝမ်းယိုယုက....

'မရှိဘူး'

ရှောင်ချူဖုံးက...



'ဒါဖြင့် သားယောကျ်ားလေးလဲမရှိဘူး၊ တပည့်လဲ မရှိဘူး ဆိုတော့ ပညာအမွေ ဆက်ခံမယ့်သူ ဘယ်ရှိမလဲ'

ဝမ်းယိုယုက မဲ့ပြုံးပြုံးလိုက်လေသည်။

'အို... ညီမတစ်ယောက်လုံး ရှိနေတာပဲ'

ရှောင်ချူဖုံးက....

'ညီမက မိန်းကလေးပဲ'

ဝမ်းယိုယုက နှုတ်ခမ်းစူသွားလေသည်။

'အို... မိန်းကလေးလဲလူပဲ၊ ဘာထူးခြားမှာလဲရှင့်'

ရှောင်ချူဖုံးက ပြုံးလိုက်လေသည်။

'မိန်းကလေးဆိုတာ တစ်နေ့ အိမ်ထောင်ပြုရမယ်လေ၊ သမီး မိန်းကလေးဆိုတာ ယောကျ်ားလုပ်သူရဲ့အိမ်ကို လိုက်သွားမှာ ဆိုတော့ ဘယ်မှာ အမွေဆက်ခံမယ့်လူရှိမှာလဲ'

ဝမ်းယိုယု တွေဝေသွားမိလေသည်။

သူမက တစ်ချိန်တုန်းဆီက သူမဖေဖေ ဓားသိုင်းလေ့ကျင့် နေသည်ကို ခိုး၍ကြည့်ခဲ့ဖူး၏။

ထိုအခါ သူမအား သင်ပေးခဲ့သောစာပေပညာထက် အကွက် မျိုးစုံ ပိုမိုများပြားနေသည်ကို တွေ့ရှိခဲ့ရဖူး၏။

'အင်း....ငါဟာ တစ်နေ့ယောကျ်ားလုပ်သူဆီကို ပါသွား ရမယ့် သမီးမို့လို့ ပညာအကုန် သင်မပေးတာလားမသိဘူး'

သူမရင်ထဲ၌ ကျိတ်၍စဉ်းစားနေမိလေသည်။

ယင်းသို့တွေးလိုက်မိသောအခါ....

သူမ၏မျက်လုံးအိမ်၌ မျက်ရည်ကြည်များ ဝေ့ဝဲလာလေ သည်။

ရှောင်ချူဖုံးက အတန်ကြာအောင် ငေးငိုင်နေသည်။

ဝမ်းယိုယုအားကြည့်ကာ မျက်မှောင်ကြုတ်လိုက်မိ၏။

'ညီမ'

ဝမ်းယိုယုက သတိပြန်လည်ဝင်လာလေသည်။

'ရှင်'

ရှောင်ချူဖုံးက....

'ဘာတွေစဉ်းစားနေတာလဲ'



ဝမ်းယိုယုက ခေါင်းခါယမ်းလိုက်လေသည်။

'ဘာမှမစဉ်းစားပါဘူး အစ်ကို'

ရှောင်ချူဖုံးက သူမအားစိုက်ကြည့်လိုက်သည်။

'ညီမဖေဖေဆီမှာ အစ်ကို တပည့်အဖြစ်ခံယူချင်တယ်၊ ပြော ပေးပါလားဟင်'

သူ၏မျက်လုံးထဲ၌ မျှော်လင့်ချက်အရိပ်အယောင်များ ယှက် သမ်းနေသည်။

ဝမ်းယိုယုက သက်ပြင်းချလိုက်လေသည်။

'ဖေဖေက တပည့်လက်မခံဘူးလို့ ညီမကိုပြောခဲ့ဖူးပါတယ်၊ မဖြစ်သေးပါဘူးရှင့်'

သူမက ယင်းသို့ပြောရင်းမှ ရှောင်ချူဖုံး၏မျက်နှာအား အကဲခတ် ကြည့်ရှုလိုက်၏။

ရှောင်ချူဖုံး၏မျက်နှာ ညှိုးကျသွားလေသည်။

သူက စိတ်ပျက်သွားပုံရသည်။

ဝမ်းယိုယု၏ ဦးနှောက်ထဲသို့ အတွေးတစ်ခုက ဝင်ရောက် လာလေသည်။

သူမက ရွှောင်ချူဖုံးအား စိုက်ကြည့်လိုက်သည်။

ထို့နောက် အေးစက်တင်းမာသောလေသံဖြင့်....

'အင်း....ရှင်က ကျွန်မကိုကူညီတာဟာ ရည်ရွယ်ချက် ရှိနေတာကိုး'

ရွှောင်ချူဖုံး၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

ရုတ်ခြည်းပင် မျက်နှာမှာတင်းမာလာ၏။

'မဟုတ်ဘူး....ညီမ ကျုပ်ကိုအထင်မလွဲပါနဲ့၊ ကျုပ် ကျိန်ပြီး ပြောရဲပါတယ်'

ဝမ်းယိုယုက နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်၏။

ရွှောင်ချူဖုံးကလည်း စကားမပြောတော့ပါချေ။

သူတို့၏စကားသံ တိတ်ဆိတ်သွားသောကြောင့် ဝန်းကျင်တစ်ခုလုံး ငြိမ်သက်သွားလေသည်။

သို့သော် တစ်ခဏမျှသာ ငြိမ်သက်သွားခြင်းဖြစ်လေသည်။

တိတ်ဆိတ်ငြိမ်သက်မှုအား ဖြိုခွင်းလိုက်သူမှာ ဝမ်းယိုယု မဟုတ်ပါချေ။



ရွှောင်ချူဖုံးလည်း မဟုတ်ပါ။

ရုတ်တရက် ရွက်ကြွေခြောက်များအပေါ် ကျရောက်သည့် ခြေသံများပင်ဖြစ်သည်။

'ဖြောက်....ဖြောက်'

ရွက်ကြွေများ၏ ညည်းတွားသံအား ကြားလိုက်ရသောအခါ ရွှောင်ချူဖုံးနှင့် ဝမ်းယိုယုတို့က ခေါင်းထောင်လာကြလေသည်။

* * *

ခြေသံများ ရုတ်တရက်ထွက်ပေါ်လာ၏။

ရွှောင်ချူဖုံးနှင့် ဗွမ်းယိုယုတို့မှာ ထိတ်လန့်သွားကြလေသည်။

သူတို့က ခြေသံထွက်ပေါ်ရာသို့ လှမ်းကြည့်လိုက်ကြ၏။

ရုတ်ဘချက် တောအုပ်ကလေးအတွင်းမှ လူရိပ်ယောက်ထွက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ရှေ့ဆုံးမှ ခေါင်းဆောင်လာသူမှာ မုဆိတ်မွေးဗရပျစ်နှင့်လူတစ်ယောက်ဖြစ်လေသည်။

ယင်းလူများကို ကြည့်လိုက်သည်နှင့် လူကောင်းများမဖြစ်နိုင်ကြောင်း ချက်ချင်းသိရှိနိုင်ပေသည်။

ထိုလူများက သစ်ပင်အောက်၌ အေးဆေးစွာအနားယူနေသော ဝမ်းယိုယုနှင့် ရှောင်ချူဖုံးတို့အား တွေ့မြင်လိုက်ရသောအခါ....

'ဟား....ဟား....ဟား....'

သူတို့ကအားပါးတရ ရယ်မောလိုက်ကြလေသည်။

ရှောင်ချူဖုံးနှင့် ဝမ်းယိုယုတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြိုင်တူထရပ်လိုက်ကြလေသည်။

ထို့နောက် သူတို့က တောအုပ်ထဲမှ ထွက်လာသူတို့အား စိုက်ကြည့်လိုက်ကြလေသည်။

တောအုပ်ထဲမှ ထွက်လာသော လူများထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသူက....

'ကျုပ်တို့ မြို့ပေါ်တိုသွားပြီး ခေးပြတိုက်ဖို့ မလိုတော့ဘူးကွ'



ရှောင်ချူဖုံးနှင့် ဝမ်းယိုယု၏မျက်နှာ တင်းမာ ခက်ထန်သွားပါလေသည်။

ရှောင်ချူဖုံးက ထိုလူအား စိုက်ကြည့်လိုက်၏။

ဝမ်းယိုယုမှာမူ တုံ့ပြန်ပြောဆိုလိုက်သည်။

'ရှင်က ဘယ်သူလဲ'

မုတ်ဆိတ်မွေး ဗရပျစ်နှင့်လူက....

'ကျုပ်နာမည် ကြောင်နက်လို့ ခေါ်တယ်၊ ကျုပ်နာမည်ကို မကြားဖူးသေးဘူးနဲ့ တူတယ်'

သူက စကားဆက်လိုက်ပြန်သည်။

'ကြောင်နက်နဲ့ တွေ့တဲ့လူမှန်သမျှ ပါလာတဲ့ပစ္စည်းကို အေးအေးဆေးဆေး ပေးရင်ပေး အကယ်၍ အေးအေးဆေးဆေး မပေးရင် အသက်ကို လှူခဲ့ရတယ်ကွ'

ဝမ်းယိုယုက နှာခေါင်းရှုံ့လိုက်လေသည်။

'လက်စသတ်တော့ သူခိုးဓားပြတွေနဲ့ လာဆုံနေရတာကိုး'

ကြောင်နက်ဆိုသူက ခေါင်းညိတ်လိုက်သည်။

'သိပ်ဟုတ်တာပေါ့၊ ကဲ....မင်းတို့မှာပါတဲ့ ပစ္စည်းတွေကို အသက်မသေချင်ရင် အေးအေးဆေးဆေး ပေးခဲ့ပေတော့'

ရှောင်ချူဖိုးက စကားတစ်လုံးမှ မပြောပါချေ။

သူက ဓားကိုဆွဲထုတ်လိုက်၏။

'မင်းတို့လိုချင်ရင် ငွေတော့မရဘူး၊ ဒီဓားတော့ရမယ်'

သူ၏စကားကြောင့် ကြောင်နက်တို့လူစု လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ဝင်းယိုယုကလည်း....

'ကဲ...အစ်ကို သူတို့ကို ဆုံးမပစ်လိုက်စမ်းပါ'

ကြောင်နက်၏မျက်နှာ တင်းမာ ခက်ထန်သွား၏။

'ဩော်...မင်းက အတော်စွာတာကိုး'

သူ၏တပည့်တစ်ယောက်က....

'အစ်ကိုကြီး၊ ဒီမိန်းကလေးက အတော်လှတယ်ဗျ၊ သူ့ကို လက်ရဖမ်းသွားရင် ကောင်းမယ်'

ကြောင်နက်က သဘောကျစွာ ပြုံးလိုက်၏။

'မင်း မဆိုးဘူး'

သူ၏စကားဆုံးသည်နှင့် လူရိပ်တစ်ရိပ်က သူ့ထံသို့ ခုန်ဝင်ကာ တိုက်ခိုက်လိုက်လေသည်။



ဝမ်းယိုယုပင် ဖြစ်သည်။

ရှောင်ချူဖိုးကလည်း ကြည့်မနေနိုင်တော့ပါချေ။

ရှုတ်တရက် တိတ်ဆိတ်နေသော တောအုပ်ကလေးအတွင်း၌ ပြင်းထန်သော တိုက်ပွဲတစ်ခု ရုတ်ခြည်း ဖြစ်ပေါ်လာ၏။

ရှောင်ချူဖိုးက တိုက်ခိုက်ရာမှ အော်ဟစ်လိုက်၏။

'ညီမ၊ နောက်ဆုတ်နေ'

သူ၏အော်သံကြောင့် ဝမ်းယိုယုက အံ့ဩသွားလေသည်။

သူမက တိုက်ပွဲအတွင်းမှ မဆုတ်ခွာသေးဘဲ ရှောင်ချူဖိုး၏ တိုက်ခိုက်မှုကို အကဲခတ် ကြည့်ရှုလိုက်လေသည်။

ထိုအခါ ရှောင်ချူဖိုး၏ တိုက်ခိုက်မှုမှာ လျင်မြန်သွက်လက်၍ အကွက်စေ့လှသည်ကို တွေ့ရှိလိုက်ရလေသည်။

ယင်းကြောင့် သူမက နောက်သို့ဆုတ်ကာ ခုန်ထွက်လိုက်လေသည်။

ရှောင်ချူဖိုးမှာ ကြောင်နက် ခေါင်းဆောင်သော ဓားပြအဖွဲ့အား ပြင်းထန်စွာ တိုက်ခိုက်နေလေတော့သည်။

* * *

ဝမ်းယိုယုက နောက်သို့ဆုတ်ခွာလိုက်သည်။

သူမသည် သစ်ပင်တစ်ပင်၏ပင်စည်အား နောက်ကျောကပ်ကာ တိုက်ပွဲအား အကဲခတ် ကြည့်ရှုနေလေသည်။

ရှောင်ချူဖုံးနှင့် ကြောင်နက်မှာ ပြင်းထန်စွာ တိုက်ခိုက်နေဆဲပင်။

ဝမ်းယိုသူက ရှောင်ချူဖုံးအား ကြည့်ရင်းမှ မျက်ခမှောင်ကြုတ်လိုက်မိလေသည်။

သူမသိရှိထားသည်မှာ ရှောင်ချူဖုံး၏ဓားပညာမှာ အဆင့်မမြင့်လှပေ။

သို့သော် ယခု တွေ့မြင်နေရသော ရှောင်ချူဖုံးမှာမူ အလွန်ဓားပညာ အဆင့်မြင့်သော သိုင်းသမားတစ်ဦး ဖြစ်နေလေသည်။

ထို့အပြင် သူ၏ဓားပညာမှာ ထူးဆန်းလှပေသည်။

သူ၏ ဓားကွက်တိုင်းမှာ ကြောက်မက်ဖွယ်ရာ ကောင်းအောင် ပြင်းထန်လွန်းပြီး ရန်သူအား အပေါ်စီးမှ လွှမ်းမိုးထားလေသည်။

ကြောင်နက်တို့ လူအင်အားမှာ များပြားလှသော်လည်း ရှောင်ချူဖုံးအား အနိုင်ရရန် မလွယ်ကူပါချေ။

အချိန်ကြာလာသည်နှင့်အမျှ ရှောင်ချူဖုံး၏ ဓားပညာမှာ ထူးခြားဆန်းကြယ်လာလေသည်။



ဝမ်းယိုယု၏ရင်ထဲ၌ ရှောင်ချူဖုံးအပေါ် သံသယစိတ်များ လွှမ်းမိုးလာလေသည်။

'ဟင်…သူ့ရဲ့ ဓားပညာဟာ အဆင့်မြင့်လှချည်လား၊ ခူးမင်းကို တိုက်ခိုက်တဲ့ ဓားပညာနဲ့ ဘာမှ မဆိုင်ပါလား၊ ဒါ… ဒါဆိုရင် သူ ငါ့ကိုဘာဖြစ်လို့ ဖေဖေ့ဆီမှာပညာသင်ချင်တယ်ဆိုပြီး ပြောရတာလဲ'

'သူ့မှာ ဘာရည်ရွယ်ချက် ရှိနေလို့လဲ၊ ငါ သူ့ကို ယုံကြည်မိတာ မှားနေပြီလား၊ အို…သူဟာ ဘယ်နည်းနဲ့မှ ငါ့ဆီကို ဖြူစင်တဲ့စိတ်နဲ့ ရောက်လာတာ မဖြစ်နိုင်ဘူး'

သူမက ယင်းသို့ စဉ်းစားရင်းမှ တိုက်ပွဲဖြစ်ပွား နေရာသို့ အာရုံစိုက်၍ ကြည့်လိုက်ပြန်သည်။

ရှောင်ချူဖုံးနှင့် ကြောင်နက်တို့လူစုက ပြင်းထန်စွာ တိုက်ခိုက်နေဆဲပင်…

ကြောက်နက်မှာ အခြေအနေမဟန်မှန်း သတောပေါက် နားလည် သိရှိလာလေသည်။

ထို့ကြောင့် သူက နောက်ဆုတ်ကာ အော်ဟစ်ပြောဆိုလိုက်လေသည်။

'အခြေအနေမဟန်ဘူးဟေ့၊ လစ်ကြစို့'

ယင်းနောက် သူတို့အားလုံး နောက်ဘက်သို့ခုန်ထွက်ကြကာ ထွက်ပြေးကြလေတော့သည်။

ရှောင်ချူဖုံးက မဲ့ပြုံးပြုံးလိုက်သည်။

'မင်းတို့ ဒီလို မတောက်တစ်ခေါက် ပညာလေးနဲ့ နေရာတကာ ဗိုလ်လုပ်ချင်လို့ ဘယ်ရမလဲ'

သူက ယင်းသို့ ပြောရင်းမှ ဓားကို တစ်ပတ်လှည့်လိုက်ပြီး ဓားအိမ်ထဲသို့ ထည့်လိုက်လေသည်။

ထို့နောက် သူက ဝမ်းယိုယုရှိရာသို့ လှမ်းကြည့်လိုက်သည်။

ရုတ်တရက် ဝမ်းယိုယု၏ စူးရှသောမျက်လုံးအစုံက သူ့အားစိုက်ကြည့်နေသည်ကို တွေ့ရှိလိုက်ရ၏။

သူ၏မျက်ဝန်းထဲ၌ အဓိပ္ပာယ်များစွာ ပါဝင် ရောယှက်နေသည်။

ထိုအချိန် သူမက မဲ့ပြုံးပြုံးကာ သူ့ဆီသို့လျှောက်လာနေလေတော့သည်။

(ပထမပိုင်း ပြီး၏။)

ဒု-ဓာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်။